# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ စနေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၄၄)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။


**ယနေ့ ဖတ်စရာ**

**နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ဒုတိယနေ့ ကျင်းပ**
ပြည်တွင်းသတင်း စာ ၃

**ရောဝတီမြစ်ဆုံ - မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံ၏လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်ကာ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်**
ပြည်တွင်းသတင်း စာ ၄

**ရေအားလျှပ်စစ်မှသည် အနာဂတ်မှာ အမှောင်ခွင်း၍ အလင်းဆောင်ကြမည်**
ဆောင်းပါး စာ ၆


## ပေါင်းတည်မြို့နယ်အတွင်းရှိ တောင်သူများ အဓိကစိုက်ပျိုးခဲ့သည့် မတ်ပဲ ဧက ၄၂၀၀၀ ကျော် ယခုရက်ပိုင်းမှ စတင်ရိတ်သိမ်းလျက်ရှိ

ပေါင်းတည် ဖေဖော်ဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်ရှိ တောင်သူများသည် အဓိကသီးနှံအဖြစ် ပဲမျိုးစုံ စိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် မတ်ပဲ ၄၂၀၇၉ ဧကအထိ စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းခဲ့ပြီး ဒေသခံတောင်သူများအနေဖြင့် အဓိကအားထားစိုက်ပျိုးခဲ့ကြသည့် မတ်ပဲသီးနှံများကို ယခုရက်ပိုင်းအတွင်းမှ စတင်ရိတ်သိမ်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ ပဲမျိုးစုံ စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်အထွက်ကောင်း TBL.9 မျိုးကို အားထားစိုက်ပျိုးခဲ့ကြကြောင်း၊ နိုင်ငံတော်မှ မတ်ပဲသီးနှံအပါအဝင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေးကို အလေးထားအားပေးလျက်ရှိရာ တောင်သူများ၏ စိုက်ပျိုးရေးစရိတ် လိုအပ်ချက်များ၊ စိုက်ပျိုးရေးနည်းပညာများနှင့် သွင်းအားစုများကို

*စာမျက်နှာ ၃ ကော်လံ ၁* ❖



## တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများ ဖေဖော်ဝါရီ ၂၃ ရက် တနင်္လာနေ့မှစ၍ ထုတ်ယူကြရပါမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်**

၁။ ၂၀၂၆ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့ မှ မတ်လ(၁၇) ရက်နေ့အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်ထားကြသော ကျောင်းသား ကျောင်းသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ( ၂၃ )ရက် တနင်္လာနေ့မှစ၍ မိမိတို့ ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများ၊ ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရပါမည်။

၂။ ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ စာစစ်ဌာန ကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀)ရက်။

## စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများ ဖေဖော်ဝါရီ ၂၃ ရက် တနင်္လာနေ့မှစ၍ ထုတ်ယူကြရပါမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်**

၁။ ၂၀၂၆ခုနှစ်၊ မတ်လ (၁၁) ရက်နေ့ မှ မတ်လ(၁၈) ရက်နေ့အထိ ကျင်းပမည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်ထားကြသော ကျောင်းသား ကျောင်းသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ( ၂၃ )ရက် တနင်္လာနေ့မှစ၍ မိမိတို့ ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများ၊ ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရပါမည်။

၂။ ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ စာစစ်ဌာန ကြီးကြပ်ရေးမှူးများ၊ မြို့နယ် ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀)ရက်။

# နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ဒုတိယနေ့ ကျင်းပ



နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ဒုတိယနေ့ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးတွင် ယနေ့ နံနက် ၈ နာရီ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး၏ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်းနှင့် ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင်ပါရှိသည့်အတိုင်း အစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာနှင့်ပတ်သက်၍ ဝိနိစ္ဆယရေးရာကဏ္ဍတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောဘိတ၊ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုန္ဒာဝုဒ၊ ပဲခူးတိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာဇောတတို့ကလည်းကောင်း၊ သာသနာရေးရာကဏ္ဍတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် စေတိယင်္ဂဏ၊ အစိုးရဓမ္မာစရိယ ဘဒ္ဒန္တနေမိန္ဒာဘိဝံသ၊ ရွှေကျင်ဂိုဏ်းကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုဇနိန္ဒာလင်္ကာရာဘိဝံသ၊ မဟာဒွါရဂိုဏ်း ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဓရ ဘဒ္ဒန္တမေတ္တာနန္ဒတို့ကလည်းကောင်း၊ ပညာရေးရာကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တကောသလ္လ၊ ဝေဠုဝန်ဂိုဏ်းကိုယ်စားလှယ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ ဘဒ္ဒန္တအရိယ၊ ရှမ်းပြည်နယ်ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အ.စ ဓမ္မာစရိယ၊ သာမဏေကျော်၊ ဝိနယဝိဒူ၊ အင်္ဂုတ္တရ နိကာယဝိဒူ ဘဒ္ဒန္တကေသရာလင်္ကာရာဘိဝံသတို့က လည်းကောင်း ဆွေးနွေးတော်မူကြပြီး နံနက်ပိုင်း အစည်းအဝေးကို ရပ်နားခဲ့သည်။

မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပပြီး တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသော အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရက ပြန်လည်ရှင်းလင်းလျှောက်ထားပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ လုပ်ထုံးလုပ်နည်းစသည်များ စိစစ်ပြင်ဆင်ရေးအဖွဲ့က စိစစ်ပြင်ဆင်ဖြည့်စွက်ထားသော လုပ်ထုံးလုပ်နည်းစသည်များ၏ ပြင်ဆင်ဖြည့်စွက်ချက်များကို စိစစ်ပြင်ဆင်ရေးအဖွဲ့ အကျိုးတော်ဆောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒဝံသာလင်္ကာရာဘိဝံသက တင်ပြလျှောက်ထား၍ မူကြမ်းအဖြစ် အတည်ပြုချက်ရယူပြီး ဒေသဆိုင်ရာ ကတိကဝတ်များကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ၊ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တသိရီကဉ္စနာဘိဝံသက တင်သွင်းအတည်ပြုချက်ရယူကာ ဒုတိယနေ့ အစည်းအဝေးကို ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် ကွယ်လွန်သူ ဗိုလ်ကြီးတင်ဌေး(ငြိမ်း)အား ရည်စူး၍ ဇနီး ဒေါ်တိုးတိုး၊ သား-ဦးကျော်ဖုန်းဝင်း (အကောက်ခွန်မှူး)၊ ဦးမျိုးကျော်ကျော် (သသန) + ဒေါ်အိသူဇာကို၊ မြေး - မယွန်းပန်းမြတ်ဟေသီ၊ မောင်ကျော်ဇင်ဟိန်း မိသားစုက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

❖ *ရွှေဖုံးမှ*

ကူညီဖြည့်ဆည်းပေးခဲ့ကြောင်း၊ တောင်သူအကျိုးစီးပွားပိုမိုဖြစ်ထွန်းနိုင်ရေးနှင့် သီးနှံပို့ကုန်တိုးတက်ရေးတို့အတွက် မတ်ပဲသီးနှံအနေဖြင့် ပန်းတိုင်အထွက်နှုန်းသတ်မှတ်ချက် တစ်ဧက ၂၅ တင်းနှုန်းပြည့်မီကျော်လွန်အောင် ရည်မှန်းစိုက်ပျိုးထုတ်လုပ်ရရှိနိုင်စေရေးအတွက် မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီအဖွဲ့က တောင်သူများနှင့် တွေ့ဆုံဆွေးနွေးကာ ပူးပေါင်းကူညီကြိုးပမ်းအားထုတ်ခဲ့ကြကြောင်း သိရသည်။

ပဲပေါ်စ ယခုလတ်တလောအချိန်၌ ဒေသတွင်း ပဲမျိုးစုံရောင်းဝယ်ရေး လုပ်ကိုင်သူများအနေဖြင့် မတ်ပဲ တစ်တင်းလျှင် ငွေကျပ်တစ်သိန်းခန့်ဖြင့် ဈေးဖွင့်ထားလျက်ရှိပြီး တောင်သူများအနေဖြင့် လတ်တလောရိတ်သိမ်းပြီး ပဲများကို လက်ဝယ်စုဆောင်းထားရှိကာ ပဲဈေးနှုန်းပိုမိုရရှိရေးအတွက် ဆက်လက်မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ရွှေသား(IPRD)**



# နိုင်ငံတကာ ပညာရေးပြပွဲ ၂၀၂၆ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

Information Hub of Myanmar နှင့် IHM International College တို့ ဦးစီးကျင်းပသော ၂၀၂၆ ခုနှစ် ပညာရေးပွဲတော်ဖြစ်သည့် Study Abroad Beyond Education, Migration and Scholarship Fair 2026 နိုင်ငံတကာ ပညာရေးပြပွဲကို မတ် ၁ ရက်(တနင်္ဂနွေနေ့)တွင် မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

နိုင်ငံတကာပညာရေးပြပွဲတွင် ယူကေ၊ ဂျာမနီ၊ စပိန်၊ ဆွစ်ဇာလန်၊ မလေးရှား၊ ထိုင်း၊ စင်ကာပူ စသည့်နိုင်ငံတို့မှ Top Ranking University ကြီးများဖြစ်သည့် Aston & Hull (UK)၊ NAFA (Singapore)၊ NIM (Singapore)၊ PSB (Singapore)၊ LSBF (Singapore)၊ Swiss Education Group (Switzerland)၊ EU Business School (Spain, Switzerland, Germany)၊ New Vision Art & Science Institute (Myanmar)၊ Roehampton University (UK)၊ Gisma (Germany)၊ Wall Street English (Myanmar)၊ IHM International College၊ RVi College စသည့်တက္ကသိုလ်များမှ ပညာသင်ဆုအခွင့်အလမ်းများ၊ ကျောင်းလျှောက်ရန် လိုအပ်သည့် Entry Requirements များကို အသေးစိတ်ဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းလျှောက်ထားရာတွင် သက်ဆိုင်ရာတက္ကသိုလ်များမှ Application Fees Rebate လုပ်ပေးမည့် အစီအစဉ်များနှင့် Early bird discounts များကို အထူးအခွင့်အရေးအနေဖြင့် ရရှိမည်ဖြစ်ကာ ကံစမ်းမဲအစီအစဉ်အနေဖြင့် ထိုင်း၊ စင်ကာပူ၊ မလေးရှား စသည့်နိုင်ငံတို့ကို One-way Flight Tickets များ ရရှိနိုင်မည့်အခွင့်အရေးများအပြင် Buffet Vouchers နှင့် Spa Vouchers များကို ကံစမ်းရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် IHM နှင့် ကျောင်းလျှောက်ခြင်းဖြင့် သက်ဆိုင်ရာတက္ကသိုလ်အချို့က IELTS Exam Fees ၁၀၀ ရာခိုင်နှုန်းပေးအပ်သွားမည်ဖြစ်ပြီး ပညာရေးပြပွဲသို့ လာရောက်သူများအား IHM ၏ Education Counsellors များက အခမဲ့ Career and Scholarship Preparation Workshop များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပညာရေးပြပွဲကို မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများအတွက် ပညာရေးအခွင့်အလမ်းများ မျှဝေပေးရန်၊ နိုင်ငံတကာမှ တက္ကသိုလ်များနှင့် ချိတ်ဆက်ကူညီပေးရန်၊ မြန်မာနိုင်ငံ၏ ပညာရေးကို ပိုမိုဖွံ့ဖြိုးလာစေရန်အတွက်ရည်ရွယ်ကာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Information Hub of Myanmar(IHM) အနေဖြင့် နိုင်ငံပေါင်း ၂၀ ကျော်ရှိ ကျောင်းပေါင်း ၈၀၀ ကျော်နှင့် ချိတ်ဆက်ထားပြီး ဝန်ဆောင်မှုအနေဖြင့် တက္ကသိုလ်ဝင်ခွင့်အတွက် ပြင်ဆင်ပေးခြင်း၊ ဆေးတက္ကသိုလ်ဝင်ခွင့် ပြင်ဆင်ပေးခြင်း၊ပညာရေးနှင့်ပတ်သက်၍ အခမဲ့တိုင်ပင်ဆွေးနွေး၊ စီစဉ်ပေးခြင်း၊ Personal Statement Essay အတွက် လမ်းညွှန်ပေးခြင်းများ၊ ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ အစီအစဉ်များ၊ နွေရာသီလေ့လာရေးခရီးအစီအစဉ်များ၊ နိုင်ငံရပ်ခြား ပညာရေးခရီးစဉ်များ၊ တက္ကသိုလ်လျှောက်ထားခြင်း သို့မဟုတ် ပညာသင်ထောက်ပံ့ကြေး လျှောက်ထားခြင်း၊ Student Visa, Spouse Open Work Permit, Dependent Visa, Guardian Visa, Investment Visa, Permanent Residence and other types of immigration related procedures အစရှိသည့် ပြင်ဆင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**

# ရောဝတီမြစ်ဆုံ- မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းသည် နိုင်ငံ၏လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်ကာ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်





**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၀**

လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီးဦးတင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနား တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ရောဝတီ မြစ်ဆုံ-မြစ်ညာ စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။(ယာပုံ)

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်နှင့် ဦးညဏ်ထွန်း၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်မတီဝင်များ၊ လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကချင်ရိုးရာယဉ်ကျေးမှုအကအဖွဲ့က “လှပသော မနော ပျိုမေလေးများ” တေးသီချင်း ဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန MRTV မှ ထုတ်လုပ်သော “နိုင်ငံတော်ဖွံ့ဖြိုးရေးတွင် အရေးပါသော ရေအားလျှပ်စစ်၏ အခန်းကဏ္ဍနှင့် အကျိုးရလဒ်များစွာ ဖြစ်ထွန်းမည့် ရောဝတီ မြစ်ဆုံ-မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်း” Video Clip ကို ပြသသည်။

ယင်းနောက် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားသည် အဓိကကျသည့်အတွက် မည်သို့ ဖြည့်ဆည်းဆောင်ရွက်ရမည်ကို ကြံဆစဉ်းစားရန် လိုအပ်လာပါကြောင်း၊ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား သုံးစွဲမှုသည် နှစ်စဉ် တိုးတက်နေသည်ဖြစ်သည့်အတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တိုးတက်ရေး အစီအစဉ်များကို ကြိုတင်စီမံဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ရေအားလျှပ်စစ် စီမံကိန်းများ ဖော်ဆောင်ရေးကာလမှာ ၅ နှစ်မှ ၁၀ နှစ်ခန့်အထိ ကြာမြင့်မည်ဖြစ်သည့်အတွက် ကြိုတင်စီမံဆောင်ရွက်နိုင်မှသာ အနာဂတ်နိုင်ငံတော်နှင့် နောင်လာမည့် မျိုးဆက်သစ်များအတွက် စွမ်းအင်ဖူလုံနိုင်မည် ဖြစ်ပါကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်နိုင်ရန် လျှပ်စစ်မီးသည် အဓိက လိုအပ်ချက်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အခြေခံလိုအပ်ချက်ဖြစ်သော လျှပ်စစ်နှင့်စွမ်းအင်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်မှသာ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အနေဖြင့် နေရာဒေသအလိုက် တိုင်းရင်းသားလူမျိုးပေါင်းစုံအတွက် အလှမ်းဝေးကွာသော ဒေသများအတွက် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် ကနဦး တည်ဆောက်စကာလတွင် ကုန်ကျစရိတ် အတန်အသင့်ရှိသော်လည်း လည်ပတ်မှုစရိတ်နှင့် လောင်စာဖိုးကုန်ကျစရိတ် မရှိသဖြင့် လေအား၊ ကျောက်မီးသွေး၊ ဓာတ်ငွေ့၊ ဆိုလာတို့ဖြင့် ဆောင်ရွက်သည့် စီမံကိန်းများထက် ကုန်ကျ စရိတ် သက်သာသောကြောင့် နိုင်ငံအတွင်း ကြွယ်ဝသည့် ရေအရင်းအမြစ်များအပေါ် အခြေပြု၍ ရေအားလျှပ်စစ် စီမံကိန်းများကို ရနိုင်သမျှအကျိုးရှိရှိ တည်ဆောက်ကြခြင်းဖြစ်ပါကြောင်း၊ ဆည်တမံကြီးများကြောင့် မြစ်ရေကြီးမှု အန္တရာယ်ဘေးမှ ကာကွယ်နိုင်သလို စိုက်ပျိုးရေးရရှိရေးကိုလည်း အထောက်အကူပြုပါကြောင်း။

ထို့ပြင် ရောဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာနိုင်ကာ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်မည့် မြစ်ဆုံစီမံကိန်းမှ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားများကို ပြည်တွင်းသုံးစွဲမှု ဖူလုံစေရန်အတွက်သာ ဦးစားပေးမည် ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်း လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို သုံးစွဲပြီး ပိုလျှံဓာတ်အားကို ပြည်မနှင့်အခြားပြည်နယ်များက တိုင်းရင်းသားညီအစ်ကို မောင်နှမများအတွက် မျှဝေသုံးစွဲသွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်သူများ၏ ဆန္ဒသဘောထားကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စီမံကိန်းများ ဖြစ်ထွန်းအောင်မြင်ရေးသည် ဒေသခံ မိဘပြည်သူများ၏ ထောက်ခံအားပေးမှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအပေါ် များစွာမူတည်နေပါသဖြင့် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရေအရင်းအမြစ် စီမံခန့်ခွဲမှုပညာရှင် ဦးဟိန်းထက်က မြစ်များနှင့် ပြတ်ရွေ့များ၏ ဆက်စပ်မှု၊ တမံများ၏ အခန်းကဏ္ဍ၊ ရေအားလျှပ်စစ်နှင့် ရေအရင်းအမြစ် ထိန်းသိမ်းခြင်း၊ ရေဝေရေလဲ ဧရိယာများအား စီမံခန့်ခွဲခြင်း၊ စီမံကိန်းဆိုင်ရာ အဓိက အချက်အလက်များ၊ အရည်အသွေးစစ်ဆေးသော လုပ်ငန်းများ၊ တမံ၏ ဘေးကင်းမှုကို စောင့်ကြည့်ရန် တိုင်းတာရေး ကိရိယာများတပ်ဆင်ခြင်း၊ ကာလတို၊ ကာလလတ်နှင့် ကာလရှည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ငလျင်နှင့် အင်ဂျင်နီယာဘူမိဗေဒပညာရှင် ဒေါက်တာအေးလွင်က ငလျင်လှုပ်ခတ်ခြင်းနှင့် အကြောင်းရင်းများ၊ ငလျင်ဒဏ်ခံ ရေလှောင်တမံဒီဇိုင်းပုံစံများ၊ မြစ်ဆုံတမံနှင့် ကမ္ဘာပေါ်ရှိ တမံများနှိုင်းယှဉ်ချက်၊ မြစ်ဆုံတမံ၊ စစ်ကိုင်းပြတ်ရွေ့နှင့် ငလျင်အခြေအနေ၊ ပြတ်ရွေ့အနီးနှင့် ပြတ်ရွေ့ပေါ်ရှိတမံများ(ပြည်တွင်း၊ ပြည်ပ)၊ ငလျင်ဒဏ်ခံ အားကူနည်းစနစ်၊ မန္တလေးငလျင်အပြီး မန္တလေးနှင့် နေပြည်တော်ဒေသရှိ ပြည်တွင်းတမံများအခြေအနေ စသည့် ခေါင်းစဉ်များဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက ငလျင်ဒဏ်နှင့်ပတ်သက်ပြီး ဒေသခံပြည်သူလူထု စိတ်ပူပန်မှုများကို ပညာရှင်များကလည်း အချက်အလက်များစုံလင်စွာ တင်ပြပြီးဖြစ်ပါကြောင်း၊ ယခုတည်ဆောက်မည့် ဆည်ကို ၈ မဂ္ဂနီကျူဒဏ်ခံနိုင်သည့် ဒီဇိုင်းများအဖြစ် တည်ဆောက်သွားမည် ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနိုင်မှုနှင့် ရည်မှန်းချက်ထား ဆောင်ရွက်မှု၊ ၂၀၃၀ ပြည့်နှစ်အထိ ဖြစ်ပေါ်လာမည့် စက်တပ်ဆင် အင်အား၊ ထုတ်လုပ်နိုင်မည့် ဓာတ်အားနှင့် ထုတ်လုပ်ပေးရမည့် နှစ်စဉ်လျှပ်စစ်ဓာတ်အား လိုအပ်ချက်တို့ကို ဖြည့်ဆည်းနိုင်ရန်အတွက် မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းကို ဒေသခံပြည်သူများက ပြန်လည်လက်ခံပြီး ဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်ပါက လျှပ်စစ်မီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က မြစ်ဆုံစီမံကိန်းအား နည်းပညာပိုင်းဆိုင်ရာ လုံခြုံစိတ်ချရမှုရှိစေရေး ဆောင်ရွက်မည့် အခြေအနေ၊ ဆည်မြောင်းမှ ရေလှောင်တမံများနှင့် မန္တလေးငလျင်ကြီး၊ တည်ဆောက်ပြီးတမံများတွင် အရေးပေါ် အခြေအနေ ကြိုတင်ကာကွယ်ရေးစီမံချက်၊ မြစ်ကြီးနားမြို့ ရေကြီးရေလျှံမှု ကာကွယ်ရေးဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ မြစ်ဆုံစီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ ရောဝတီလင်းပိုင်နှင့် ငါးမျိုးစိတ်များအပေါ် ထိရောက်မှု မရှိနိုင်ခြင်းစသည့် ခေါင်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စီမံကိန်းဧရိယာတွင်ပါဝင်မည့် ဒေသခံပြည်သူများ၏ နစ်နာကြေး၊ လျော်ကြေးများဆိုင်ရာ ကိစ္စ၊ ပြောင်းရွှေ့နေရာချထားမှုဆိုင်ရာများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကိုလည်းကောင်း ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူလူထုအနေဖြင့် မိမိတို့ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မြစ်ဆုံလျှပ်စစ်စီမံကိန်း နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အမှန်တကယ်တန်ဖိုးရှိသည့် စီမံကိန်းတစ်ခုဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် “တစ်ထပ်ထဲ မကျရောက်ရင် တစ်လိုင်းထဲမှာ” လက်တွဲသွားရန်လိုအပ်ပါကြောင်း ပြောကြားသည်။

- **ရေအားလျှပ်စစ်စီမံကိန်းများ ဖော်ဆောင်ရေးကာလမှာ ၅ နှစ်မှ ၁၀ နှစ်ခန့်အထိ ကြာမြင့်မည်ဖြစ်သည့်အတွက် ကြိုတင်စီမံဆောင်ရွက်နိုင်မှသာ အနာဂတ်နိုင်ငံတော်နှင့် နောင်လာမည့် မျိုးဆက်သစ်များအတွက် စွမ်းအင်ဖူလုံနိုင်မည်ဖြစ်**
- **နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒသဘောထားကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စီမံကိန်းများ ဖြစ်ထွန်းအောင်မြင်ရေးသည် ဒေသခံ မိဘပြည်သူများ၏ ထောက်ခံအားပေးမှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအပေါ် များစွာ မူတည်နေပါသဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်**

*စာမျက်နှာ ၅ သို့*

# (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ချီးမြှင့်

**ဟားခါး ဖေဖော်ဝါရီ ၂၀**

(၇၈) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဟားခါးမြို့ ခရိုင်စုပေါင်းရုံးဝင်းအတွင်း၌ကျင်းပရာ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများ ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန (၃) ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘာသာရေး ခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ (၇၈) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားမုခ်ဦးကိုနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်နှင့် ဒေါက်တာချာလီသန်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဘင်ခရာအဖွဲ့နှင့်ပန်းဖွားအဖွဲ့တို့ကို ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် (၇၈) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကိုဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အလံကို အလေးပြုပြီး သဘာပတိအဖွဲ့ဝင်များက နေရာယူကြကာ သဘာပတိအဖွဲ့ခေါင်းဆောင် မတူပီမြို့နယ်ကိုယ်စားလှယ် ဒေါ်ဖွာဒေါက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈) နှစ်မြောက် ချင်းအမျိုးသားနေ့သို့ ပေးပို့သည့်သဝဏ်လွှာကို နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီစည်သူ ရာပြည့်က ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

**ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၏ အမှုထမ်းကောင်းဆုရရှိသူများကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်**(ဝဲပုံ)** ကလည်းကောင်း၊ စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု (ပထမဆင့်) ရရှိသူများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်ကလည်းကောင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ဒုတိယဆင့်) ရရှိသူများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လည်းကောင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (တတိယဆင့်) ရရှိသူများကို ဒုတိယဝန်ကြီး ဦးရဲတင့်ကလည်းကောင်း၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆု (ပထမဆင့်) ရရှိသူများကို ဒုတိယဝန်ကြီး ဦးအေးထွန်းကလည်းကောင်း၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆု (ပထမဆင့်) ရရှိသူတစ်ဦးနှင့် (ဒုတိယဆင့်) ရရှိသူနှစ်ဦးကို ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ကလည်းကောင်း၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆု (တတိယဆင့်) ရရှိသူများကို ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ကလည်းကောင်း ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနမှ ချင်းပြည်နယ်အစိုးရအဖွဲ့အတွက် ပေးအပ်သော DTH စလောင်းအစုံ ၆၀ နှင့် DVB T-2 Settop Box အလုံး ၄၀ ကို ဒုတိယဝန်ကြီး ဦးရဲတင့်က ပြည်နယ်လူမှုရေးရာ ဝန်ကြီးထံ ပေးအပ်ပြီး သဘာပတိအဖွဲ့ဝင်များ ပြန်လည်ထွက်ခွာကာ အခမ်းအနားကို ခေတ္တရပ်နားသည်။



ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တာဝန်ရှိသူများက ခရိုင်စုပေါင်းရုံးဝင်းအတွင်းရှိ (၇၈) နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် ဌာနဆိုင်ရာများမှ ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် MSME ပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး ချင်းရိုးရာအကအဖွဲ့များ၏ ရိုးရာအကများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဟားခါးမြို့ သာသနာ့ရက္ခိတတပ်ဦးကျောင်းသို့ရောက်ရှိကြရာ ဟားခါးမြို့နှင့် ထန်တလန်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဟားခါးမြို့ ကျောဘုတ်သာသနာပြုကျောင်း ဆရာတော် ဘဒ္ဒန္တပညောဘာသ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ကလေးမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားကာ ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းသင်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီး၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံပြီး တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဂုဏ်ပြုထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



---

*စာမျက်နှာ ၄ မှ*

ဆက်လက်၍ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်ဒွဲဘူက မိမိတို့ပြည်နယ်သည် အချက်အချာကျသည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် ရေအားလျှပ်စစ်သာ ရရှိခဲ့မည်ဆိုလျှင် အိပ်မက်များကို အကောင်အထည်ဖော်သွားနိုင်မည် ဖြစ်ပါကြောင်း၊ အနာဂတ်အတွက် အပြောင်းအလဲဖြစ်သွားမည်ကို စိုးရိမ်မှုမရှိဘဲ အပြောင်းအလဲကို လက်ခံရန်လိုအပ်ပါကြောင်း၊ အပြောင်းအလဲကို လက်ခံသည့် နေရာတွင်လည်း မှန်ကန်သည့် ဆုံးဖြတ်ချက်နှင့် ပူးပေါင်းပါဝင်မှုဖြင့် ကိုယ်တိုင် လက်တွဲပူးပေါင်းပြီး အပြောင်းအလဲကို ဖော်ဆောင်မှသာ မိမိတို့ လိုချင်သည့်ပန်းတိုင်ကို ရောက်ရှိမည် ဖြစ်ပါကြောင်း ဖြည့်စွက် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ် ဒေသခံကော်မတီဝင်များ ကိုယ်စားအဖွဲ့ဝင် ဦးနော်ခုန် (ခ) ဦးဂျန်ခုန်က ကော်မတီအနေဖြင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများနှင့် ကော်မတီဝင် ခြောက်ဦးတို့က ရေဝတီ မြစ်ဆုံ-မြစ်ညာစီမံကိန်းနှင့် စပ်လျဉ်း၍ သဘောထားအမြင်များကို တင်ပြဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ပြန်လည် ရှင်းလင်းဆွေးနွေးပြီး လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်တို့သည် ကချင်ပြည်နယ် ဒေသခံပြည်သူများအတွက် ငွေကျပ်သိန်းတစ်ထောင် တန်ဖိုးနှင့် ညီမျှသော Solar နှင့် လူသုံးကုန်ပစ္စည်းများ၊ MRTV DTH စနစ် ရုပ်သံလွှင့်စက် စလောင်းအစုံ ၁၀၀ တို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကချင်ရိုးရာယဉ်ကျေးမှုအကအဖွဲ့က "ပြည်ထောင်စုရဲ့ ထာဝရအလှ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ရိုးရာယဉ်ကျေးမှု အကအဖွဲ့များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

အဆိုပါ ရေဝတီ မြစ်ဆုံ-မြစ်ညာ စီမံကိန်းနှင့် စပ်လျဉ်း၍ လူထုတွေ့ဆုံပွဲသို့ ဒေသခံပြည်သူ ၁၄၈၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ယမန်နေ့ မွန်းလွဲပိုင်းက လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့်အဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ရေဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ် ဒေသခံကော်မတီဝင်များနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက ရေဝတီ မြစ်ဆုံ-မြစ်ညာ မြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်း အထောက်အကူပြုရေး နှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ် ဒေသခံကော်မတီကို နိုင်ငံတော်အစိုးရက ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ထားပါကြောင်း၊ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ မဆုံးရှုံးစေရန် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် CSR Program လုပ်ငန်းများကို ပြည့်ပြည့်ဝဝ ခံစားနိုင်စေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာကော်မတီဝင်များအနေဖြင့် ကူညီဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း၊ ဒေသခံကော်မတီ အဖွဲ့ဝင်များအနေဖြင့် ရေဝတီ မြစ်ဆုံ-မြစ်ညာ မြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းနှင့်ပတ်သက်၍ ဆက်လက်ဖွဲ့စည်းထားသည့် ဦးဆောင်ကော်မတီ၊ လုပ်ငန်းအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ဒေသခံ ကော်မတီဝင်များအနေဖြင့် ချမှတ်ထားသည့် လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များ၏ မြေပြင်ကွင်းဆင်း၍ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုများအပေါ် ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေအားလျှပ်စစ်မှသည် အနာဂတ်မှာ အမှောင်ခွင်း၍ အလင်းဆောင်ကြမည်

*လင်းလင်း*

**❍ ကမ္ဘာ့နိုင်ငံအများစုမှာ လျှပ်စစ်ဓာတ်အားကို နျူကလီးယား၊ ရေအား၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ နေစွမ်းအင်၊ လေစွမ်းအင်၊ ဇီဝလောင်စာ၊ ဒီရေ၊ ဘူမိအပူစွမ်းအင်နှင့် အခြားစွန့်ပစ်ပစ္စည်းတွေ စတဲ့အရင်းအမြစ်တွေက စီမံခန့်ခွဲထုတ်ယူသုံးစွဲနေ၊ နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ အားနည်းချက်၊ အားသာချက်တွေက မတူညီနိုင်တဲ့အတွက် သင့်လျော်သလို မိမိနိုင်ငံနဲ့ကိုက်ညီမယ့် အရင်းအမြစ်တွေကို အသုံးပြုထုတ်လုပ်ကြရ၊ ဘယ်လိုအရင်းအမြစ်က ထုတ်ယူသည်ဖြစ်စေ အကောင်းနဲ့အဆိုးကတော့ ဒွန်တွဲတည်ရှိနေ၊ ကောင်းကျိုးသာရပြီး ဆိုးကျိုးလုံးဝမရှိတဲ့ လျှပ်စစ်ထုတ်လုပ်မှုဟူ၍ မရှိနိုင် . . .**

လှိုင်သာယာစက်မှုဇုန်က အထည်ချုပ်စက်ရုံတစ်ခုမှာ အလုပ်လုပ်တဲ့ ကိုပြည့်၊ အင်းစိန်နဲ့ လှိုင်သာယာ ဆက်သွယ်ထားတဲ့ အောင်ဇေယျကြိုးတံတားအဆင်းအနီး ဖုန်းအလုခံလိုက်ရပါတယ်။ စက်ရုံက အချိန်ပိုဆင်းပြီးအပြန် ည ၉ နာရီဝန်းကျင်မှာ ဖြစ်ပါတယ်။ ညအချိန်မှောင်နေတာကြောင့် ဆန့်ကျင်ဘက်အရပ်က လူနှစ်ဦးလာတာကိုသာ မြင်လိုက်ရပြီး မျက်နှာကိုလည်း သဲသဲကွဲကွဲမမှတ်မိလိုက်ပါဘူး။

စက်ဘီးနင်းလာတာကို တစ်ဦးက စက်ဘီးလက်ကိုင်တန်းကို ဖမ်းဆွဲလိုက်ပြီး ဟန်ချက်ပျက်သွားစဉ်မှာ နောက်တစ်ဦးက လက်ထဲကဖုန်းကို ဆွဲလုလိုက်တာကြောင့် စက်ဘီးလဲသွားပါတယ်။ အင်အားချင်းလည်း မမျှတာကြောင့် ဖုန်းကို ဘာလို့ယူသွားတာလဲလို့အော်ချိန်သာ ရလိုက်ပြီး လုတဲ့သူနှစ်ဦးက ကြိုးတံတားဘက်ကို ပြေးသွားပေမယ့် မလိုက်ရဲပါဘူး။ **“မီးလာရင် ဒီလိုဖြစ်မှာမဟုတ်ဘူး။ အခုက မီးလည်းပျက်နေတယ်။ မှောင်နေတော့ မကောင်းမှုပြုတဲ့သူတွေအတွက် အခွင့်အရေးရတာပေါ့။ လူကိုအန္တရာယ်မပြုသွားတာ ကံကောင်းတယ်လို့ ကိုပြည့်ရဲ့အမေက မှတ်ချက်ပြုပြီး ကိုပြည့်ကတော့ ဘယ်လောက်ပဲရရ နောက်ရက်တွေမှာ အချိန်ပိုမဆင်းတော့ဘူး”** လို့ ဆိုပါတယ်။

ရန်ကုန်မြို့ရဲ့ ရပ်ကွက်အချို့မှာ ညအချိန်လျှပ်စစ်မီးမလာလို့ ဖုန်းမီးရောင်ကို အားကိုးသွားလာနေကြရပါတယ်။ ဒီလိုအခြေအနေက မကောင်းမှုပြုလိုသူတွေ၊ သူခိုးနဲ့ ဒုစရိုက်သမားတွေအတွက်တော့ ခိုးဆိုးလုနှိုက်ဖို့ အခွင့်အရေးဖြစ်နေပါတယ်။ ရန်ကုန်သာမက မန္တလေးမြို့အပါအဝင် မြို့ကြီးတွေ၊ အခြားနေရာတွေမှာလည်း ညအမှောင်က ဒုစရိုက်သမားတွေအတွက် မကောင်းမှုပြုဖို့ အခွင့်အရေးရနေပြီး ခိုးမှု၊ လုယက်မှုတွေသာမက လူသတ်သည်အထိ မကြောက်မလန့် ဥပဒေကို ချိုးဖောက်လာကြပါတယ်။

**မြန်မာနိုင်ငံက ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မှု အလားအလာကောင်းတွေ ပိုင်ဆိုင်ထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာ့အဆင့် ၁၄ မြောက် ရေအားလျှပ်စစ်အရင်းအမြစ်ကြွယ်ဝတဲ့ နိုင်ငံအဖြစ် သတ်မှတ်ခြင်းခံရ၊ ဒီလိုအားသာချက်ကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ဖို့ စီမံဆောင်ရွက်သင့်ပြီး မြန်မာနိုင်ငံအနေနဲ့ ရေအားလျှပ်စစ်စွမ်းအင်ကို ထိရောက်စွာအသုံးချနိုင်မယ်ဆိုရင် နိုင်ငံရဲ့ အခုလက်ရှိ ရင်ဆိုင်နေရတဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရုံသာမက စွမ်းအင်ကဏ္ဍကနေ နိုင်ငံခြားဝင်ငွေရရှိဖို့ အလားအလာကောင်းတွေရှိနေ . . .**

“ညဘက်အပြင်ထွက်ရင် သတိထားသွားလာကြပါ။ လုယက်မှုတွေအထိပါ ပြောင်ပြောင်တင်းတင်း ကျူးလွန်လာကြပါတယ်။ လုယက်တဲ့သူတွေက ပစ္စည်းယူရုံတင်မကပါဘူး။ လူကိုပါ အန္တရာယ်ပြုလာကြပါတယ်။ ကျွန်တော့်ကိုယ်တွေ့ပါ။ **ခေါင်းကိုအသေရိုက်တာပါ။ ကံကောင်းလို့ မသေတာ၊ ဆိုင်ကယ်တော့ပါသွားတယ်”** ဟု မန္တလေးမြို့ခံတစ်ဦးက ဆိုပါတယ်။

ညဘက်တွေမှာ မဖြစ်မနေသွားလာနေရတဲ့ ကိုပြည့်တို့လို လူတွေအတွက် လျှပ်စစ်လိုအပ်ချက်ရဲ့ဒဏ်ကို ခံစားနေကြရပါတယ်။ လမ်းမီးရောင်များ လင်းထိန်နေခြင်းက စိုးရိမ်ထိတ်လန့်မှုတွေကင်းဝေးစေပြီး စိတ်လုံခြုံမှုကိုခံစားရစေပါတယ်။ မီးတွေလင်းထိန်နေရင် အမှောင်ထုကို အခွင့်ကောင်းယူပြီး လှုပ်ရှားနေကြတဲ့ ဒုစရိုက်သမားတွေ၊ မကောင်းမှုပြုလိုသူတွေကို ဥပဒေချိုးဖောက်ဖို့ ဟန့်တားရာလည်း ရောက်ပါတယ်။ အလင်းရောင်အောက်မှာ သူတို့ရဲ့လှုပ်ရှားမှုကို အလွယ်တကူမြင်တွေ့နိုင်တဲ့အတွက် ပြစ်မှုကျူးလွန်ဖို့ အခွင့်အရေး လျော့နည်းသွားစေပါတယ်။ ပြည်သူတွေရဲ့ နေ့စဉ်လူမှုဘဝတွေ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စတဲ့ကဏ္ဍတွေမှာ အခြေခံအဆောက်အအုံဖြစ်တဲ့ လျှပ်စစ်မီးရရှိရေးက အဓိကကျပါတယ်။ လျှပ်စစ်မီးရရှိမှ စက်ရုံတွေ ရာနှုန်းပြည့်လည်ပတ်နိုင်ပြီး ကုန်ထုတ်စွမ်းအားတိုးတက်မှာဖြစ်သလို ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ၊ ဒေသရဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေအထိပါ ချိတ်ဆက်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ မြို့ပြလူနေမှုစနစ်နဲ့အတူ လျှပ်စစ်ပစ္စည်းတွေက ဈေးကွက်အတွင်း တစ်နေ့ထက်တစ်နေ့ ဆန်းသစ်တီထွင်ထုတ်လုပ်လာကြပါတယ်။ တစ်ဖက်မှာလည်း ပြည်သူတွေရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုက စွမ်းအင်ထုတ်လုပ်နိုင်စွမ်းထက် ကျော်လွန်ကာ လိုအပ်ချက်ဖြစ်လာပါတယ်။ ဒီလိုအခြေအနေမှာ အိမ်တွေ၊ လမ်းတွေ ရာနှုန်းပြည့်လင်းဖို့၊ စက်ရုံအလုပ်ရုံတွေရဲ့ ကုန်ထုတ်စွမ်းအားအတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပြည့်ဝစွာပေးနိုင်ဖို့က စိန်ခေါ်မှုအသွင် ဖြစ်လာပါတယ်။

လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေဖို့ ဓာတ်အားချွေတာသုံးစွဲရေးနည်းလမ်းတွေကို လိုက်နာဆောင်ရွက်ပေးကြဖို့ နိုင်ငံတော်က အသိပေးတိုက်တွန်းနှိုးဆော်နေပါတယ်။ ချွေတာရေးနည်းလမ်းတွေအပြင် အခြားတစ်ဖက်ကလည်း လျှပ်စစ်ဓာတ်အားကို ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ဖို့ ရေတိုရေရှည်နည်းလမ်းတွေကို စဉ်းစားဆောင်ရွက်လာကြရပါတယ်။

ကမ္ဘာ့နိုင်ငံအများစုမှာ လျှပ်စစ်ဓာတ်အားကို နျူကလီးယား၊ ရေအား၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ နေစွမ်းအင်၊ လေစွမ်းအင်၊ ဇီဝလောင်စာ၊ ဒီရေ၊ ဘူမိအပူစွမ်းအင်နှင့် အခြားစွန့်ပစ်ပစ္စည်းတွေ စတဲ့ အရင်းအမြစ်တွေက စီမံခန့်ခွဲထုတ်ယူသုံးစွဲနေပါတယ်။ နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ အားနည်းချက်၊ အားသာချက်တွေက မတူညီနိုင်တဲ့အတွက် သင့်လျော်သလို မိမိနိုင်ငံနဲ့ ကိုက်ညီမယ့် အရင်းအမြစ်တွေကို အသုံးပြုထုတ်လုပ်ကြရပါတယ်။ ဘယ်လိုအရင်းအမြစ်က ထုတ်ယူသည်ဖြစ်စေ အကောင်းနဲ့အဆိုးကတော့ ဒွန်တွဲတည်ရှိနေပါတယ်။ ကောင်းကျိုးသာရပြီး ဆိုးကျိုးလုံးဝမရှိတဲ့ လျှပ်စစ်ထုတ်လုပ်မှုဟူ၍ မရှိနိုင်ပါ။ သို့သော် စွမ်းအင်ဖူလုံရေး၊ သဘာဝပတ်ဝန်းကျင်နဲ့ စီးပွားရေးဆိုင်ရာ အချက်အလက်တွေကို ချိန်ထိုးတွက်ဆရပြီး နည်းပညာဆိုင်ရာ ခေတ်မီတိုးတက်လာတဲ့အတွက် ကောင်းကျိုးများဖို့၊ ဆိုးကျိုးနည်းနိုင်သမျှနည်းဖို့ စဉ်းစားဆောင်ရွက်ကြရပါတယ်။ မြစ်ချောင်းတွေ၊ တောင်ကုန်းဒေသတွေနှင့် မိုးရေချိန်များပြားမှုတို့က ရေအားလျှပ်စစ်စီမံကိန်းအတွက် သဘာဝက ဖန်တီးပေးထားတဲ့ အားသာချက်တွေပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု အလားအလာကောင်းတွေပိုင်ဆိုင်ထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာ့အဆင့် ၁၄ မြောက် ရေအားလျှပ်စစ်အရင်းအမြစ်ကြွယ်ဝတဲ့ နိုင်ငံအဖြစ် သတ်မှတ်ခြင်းခံရပါတယ်။ ဒီလိုအားသာချက်ကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ဖို့ စီမံဆောင်ရွက်သင့်ပြီး မြန်မာနိုင်ငံအနေနဲ့ ရေအားလျှပ်စစ်စွမ်းအင်ကို ထိရောက်စွာ အသုံးချနိုင်မယ်ဆိုရင် နိုင်ငံရဲ့ အခုလက်ရှိရင်ဆိုင်နေရတဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရုံသာမက စွမ်းအင်ကဏ္ဍကနေ နိုင်ငံခြားဝင်ငွေရရှိဖို့ အလားအလာကောင်းတွေ ရှိနေပါတယ်။

မြန်မာနိုင်ငံမှာ အဓိကရေအားလျှပ်စစ်ထုတ်လုပ်နိုင်တဲ့ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နဲ့ စစ်တောင်းမြစ်တို့ တည်ရှိနေပါတယ်။ ရေအားလျှပ်စစ်က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်တစ်ခုဖြစ်ပြီး ကာဗွန်ထုတ်လွှတ်မှုနည်းပါးတာကြောင့် သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေရှိတဲ့ စွမ်းအင်ထုတ်လုပ်နိုင်ရေး နည်းလမ်းတစ်ခုလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မူလကတည်ဆောက်ဖို့ လျာထားစာချုပ်ချုပ်ဆိုခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်ဆောင်ရွက်ဖို့ ကြန့်ကြာနေတဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေ ရှိနေပါတယ်။ ၂၀၁၅ ခုနှစ်က တိုင်းတာစစ်ဆေးတွေ့ရှိချက်တွေအရ ရေအားအရင်းအမြစ်မှ ၄၅၀၀၀ မဂ္ဂါဝပ်ခန့် ထုတ်လုပ်နိုင်ဖို့ မျှော်မှန်းထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ထုတ်လုပ်နိုင်ခြင်းမရှိသေးဘဲ ခုနစ်ရာခိုင်နှုန်းကျော်ခန့်ကိုသာ လက်ရှိထုတ်လုပ်နေတာ တွေ့ရပါတယ်။

လေ့လာမိသလောက်က ချင်းတွင်းမြစ်ပေါ်မှာ တည်ဆောက်မယ့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း၊ ထမံသီရေအားလျှပ်စစ်စီမံကိန်း၊ သံလွင်မြစ်ပေါ်မှာ တာဆန်းရေအားလျှပ်စစ်စီမံကိန်းနဲ့ ဧရာဝတီမြစ်ပေါ်မှာ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းတွေ ဖြစ်ပါတယ်။

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ကနေ ၂၃ မိုင်ခန့် (၃၇ ကီလိုမီတာ) အကွာမှာတည်ရှိတဲ့ ဧရာဝတီမြစ်ဖျားဒေသ ရေအားလျှပ်စစ်စီမံကိန်းကြီးက အနာဂတ်တိုးတက်လာမယ့် လူဦးရေနဲ့အတူ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို များစွာဖြည့်ဆည်းပေးနိုင်မယ့် စီမံကိန်းတစ်ခုအဖြစ် သုံးသပ်မိပါတယ်။ ဧရာဝတီမြစ် စတင်မြစ်ဖျားခံရာ အင်မိုင်ခ(မေခ)နဲ့ မလိခတို့ပေါင်းဆုံရာနေရာနဲ့ မြစ်လက်တက်တွေပေါ်မှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်နှစ်သောင်းနီးပါး ထုတ်လုပ်နိုင်မယ့် ရေကာတာ(ဆည်) ခုနစ်ခုနဲ့ ဆည်ခုနစ်ခု တည်ဆောက်ရေးအတွက် လျှပ်စစ်ဓာတ်အား အထောက်အပံ့ပေးဖို့ တည်ဆောက်ထားပြီးဖြစ်တဲ့ ၉၉ မဂ္ဂါဝပ်ထွက်ရှိတဲ့ ချီဖွေငယ်ဆည်အပါအဝင် ရှစ်ခုကို တရုတ်နိုင်ငံက တည်ဆောက်အကောင်အထည်ဖော်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။

စုစုပေါင်းအမေရိကန်ဒေါ်လာ ဘီလီယံ၂၀ ဝန်းကျင်ခန့် ကုန်ကျနိုင်ကြောင်း ခန့်မှန်းထားပြီး တရုတ်နိုင်ငံ လျှပ်စစ်ဓာတ်အားရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း – CPI (ယခု State Power Investment Corporation–SPIC)၊ မြန်မာနိုင်ငံအစိုးရနဲ့ Asia World ကုမ္ပဏီတို့ ပူးပေါင်းလုပ်ဆောင်သွားဖို့ စီမံဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ စီမံကိန်းအကြီးဆုံးက မဂ္ဂါဝပ် ၆၀၀၀၊ လိုင်ဇာ(မလိယန်)စီမံကိန်းက မဂ္ဂါဝပ် ၂၈၀၀၊

*စာမျက်နှာ ၇ သို့*

**“ နည်းပညာမြင့်မားလာမှုရဲ့ အထောက်အကူတွေကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစံနှုန်းတွေ၊ စီမံကိန်းကြောင့် လူမှုပတ်ဝန်းကျင်၊ ဂေဟစနစ်အပါအဝင် ရေသယံဇာတပျက်စီးဆုံးရှုံးနိုင်မှု၊ ရေရှည်တည်တံ့ရေးအပေါ် အကျိုးသက်ရောက်နိုင်မှုအခြေအနေတွေကို စဉ်းစားတွက်ချက်ထားတဲ့အတွက် မြန်မာနိုင်ငံရဲ့အသက်သွေးကြော ဧရာဝတီ ဆက်လက်တည်တံ့ဖို့ အကြောင်းပြချက်နဲ့ တွေဝေ၊ တွန့်ဆုတ်နေဖို့ မသင့်တော့ပါဘူး။ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားခဲ့ရတဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေက ဓာတ်အားမလုံမလောက်ဖြစ်ရတဲ့ အဓိကအကြောင်းရင်းဖြစ်တာကို ပြည်သူတွေ သိမြင်နားလည်ပြီး အနာဂတ်မှာ မြန်မာနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူလူထု အကျိုးဖြစ်ထွန်းစေဖို့ အမှောင်ခွင်းလို့ အလင်းဆောင်ကြပါစို့လို့ ဆန္ဒပြုလို ”**

# နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်ပတ်လည် သားကောင်းတမန်မဂ္ဂဇင်း(၂၀၂၅ ခုနှစ်) ထုတ်ဝေခြင်းနှင့် ဂုဏ်ပြုနေ့လယ်စာစားပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်ပတ်လည် သားကောင်းတမန်မဂ္ဂဇင်း (၂၀၂၅ ခုနှစ်) ထုတ်ဝေခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နှစ်ပတ်လည် အထိမ်းအမှတ် သားကောင်းတမန်မဂ္ဂဇင်း (၂၀၂၅ ခုနှစ်) ထုတ်ဝေရေးကော်မတီဝင်များ၊ စာမူရှင်များ၊ ကြော်ငြာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားသို့ တက်ရောက်လာသူများအား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။



နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်ပတ်လည်မဂ္ဂဇင်းများကို ၁၉၉၇ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ယခုထုတ်ဝေသော သားကောင်းတမန်မဂ္ဂဇင်း(၂၀၂၅ ခုနှစ်) သည် (၂၇)ကြိမ်မြောက် ထုတ်ဝေသောစာအုပ်ဖြစ်ကြောင်းနှင့် အဆိုပါမဂ္ဂဇင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုမှတ်တမ်းများနှင့် ဝါရင့်သံတမန်ကြီးများ၊ လက်ရှိတာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းများအပြင် ပြင်ပစာမူရှင်များက သံတမန်ရေးရာ၊ နိုင်ငံတကာရေးရာများနှင့် အတွေ့အကြုံဗဟုသုတများကို မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် သုတ၊ ရသစုံလင်စွာ ရေးသားဖော်ပြထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် နိုင်ငံခြားရေးဝန်ကြီးဌာနတိုးချဲ့အဆောက်အအုံပရဝဏ်အတွင်း နိုင်ငံခြားရေးဝန်ထမ်းဟောင်းများအသင်း ယာယီရုံးခန်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မြစ်ကြီးနားမြို့၌ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ ညနေပိုင်းက မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဦးစီးမှူးများက ဌာနအလိုက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို အချင်းချင်း ကူညီတည့်မတ်ပြီး စည်းလုံးချစ်ခင်စွာ တာဝန်ကျေပွန်အောင်




လုပ်ဆောင်ကြရန်၊ ကိန်းဂဏန်း အချက်အလက်များကို မြေပြင်အမှန်အတိုင်းတင်ပြရန်၊ ဆန်စပါးစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အကျိုးဖြစ်ထွန်းသည့် မျိုးစပါးဖြစ်စေရေးနှင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် အားပေးစိုက်ပျိုးကြရန်၊ မွေးမြူရေးကဏ္ဍတွင် ဒေသတွင်းရှိ ကြက်၊ ဝက်များကို ခြံလှောင်စနစ်ဖြင့် စနစ်တကျမွေးမြူပြီး တိုးပွားအောင် မွေးမြူရေး လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊ အထူးသဖြင့် ဒေသတွင်း မွေးမြူရေး တိရစ္ဆာန်များ ကူးစက်ရောဂါ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရန် မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ဦးစီးဌာနအလိုက် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် လိုအပ်ချက်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နယ်မြေဒေသအခြေအနေပေးမှုအပေါ် မူတည်၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား ကွင်းဆင်းပညာပေးခြင်းကို အလေးထား လုပ်ဆောင်ရန်၊ စားသောက်ကုန်ဈေးနှုန်း ကြီးမြင့်မှုကို လျှော့ချနိုင်ရေး ဒေသကြက်၊ ဝက်နှင့် နွားများ တစ်ပိုင်တစ်နိုင် မွေးမြူရန် ကွင်းဆင်းတိုက်တွန်းစည်းရုံးခြင်း၊ နမူနာမွေးမြူပြသခြင်းဖြင့် မွေးမြူရေးကဏ္ဍ တိုးတက်အောင် ကူညီဆောင်ရွက်ရန်၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ကြရန်၊ ဝန်ထမ်းများ၏ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များကို တာဝန်ရှိသူများက စနစ်တကျ စီမံကြပ်မတ်ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr. Thushara Fernando အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေ ကိုယ်စားလှယ် Mr. Thushara Fernando အား ယမန်နေ့ မွန်းလွဲပိုင်းက ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် WHO တို့အကြား ပူးပေါင်း ဆောင်ရွက်ခဲ့သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် ဝန်ကြီးဌာန၏ပံ့ပိုးကူညီပေးခဲ့မှုများ၊ အောင်မြင်မှုများနှင့် WHO အနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဖေဖော်ဝါရီ ၂၁ ရက်၌ နေပြည်တော်နှင့်အနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

ချီဖွေစီမံကိန်းက မဂ္ဂါဝပ် ၃၄၀၀၊ အူဆောက်စီမံကိန်းက မဂ္ဂါဝပ် ၂၅၀၀၊ ဖီဆော်စီမံကိန်းက မဂ္ဂါဝပ်၂၄၀၀၊ ခေါင်လန်ဖူး စီမံကိန်းက မဂ္ဂါဝပ် ၃၀၀၀ ၊ ရီနန်စီမံကိန်းက မဂ္ဂါဝပ် ၁၄၀၀ စုစုပေါင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် နှစ်သောင်းကျော် ထုတ်လုပ်နိုင်မယ်လို့ SPIC က ဖော်ပြထားပါတယ်။

ဒီလိုစီမံကိန်းတွေသာ အကောင်အထည်ပေါ်လာမယ်ဆိုရင် မြန်မာနိုင်ငံနဲ့ ပြည်သူတို့အတွက် ၂၀၃၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံးရာနှုန်းပြည့်မီးလင်းစေဖို့ မျှော်မှန်းနိုင်ပြီဖြစ်ပါတယ်။ အနာဂတ်မှာ ရေအားလျှပ်စစ်အရင်းအမြစ်တွေကို အခြေခံပြုပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာတဲ့စွမ်းအင်ကဏ္ဍကို တည်ဆောက်နိုင်ပါပြီ။ ဝန်ထမ်းတွေ ညဘက်အိမ်အပြန် နောက်ကျတာပဲဖြစ်ဖြစ်၊ အကြောင်းကိစ္စရှိလို့ မဖြစ်မနေသွားလာရတာပဲဖြစ်ဖြစ် ညအမှောင်ကြောင့် စိုးရိမ်စိတ်နဲ့သွားလာနေရတဲ့ အခြေအနေက လွန်မြောက်နိုင်ပါပြီ။

နည်းပညာမြင့်မားလာမှုရဲ့ အထောက်အကူတွေကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စံနှုန်းတွေ၊ စီမံကိန်းကြောင့် လူမှုပတ်ဝန်းကျင်၊ ဂေဟစနစ်အပါအဝင် ရေသယံဇာတပျက်စီးဆုံးရှုံးနိုင်မှု၊ ရေရှည်တည်တံ့ရေးအပေါ် အကျိုးသက်ရောက်နိုင်မှု အခြေအနေတွေကို စဉ်းစားတွက်ချက်ထားတဲ့အတွက် မြန်မာနိုင်ငံရဲ့ အသက်သွေးကြော ရေဝတီဆက်လက်တည်တံ့ဖို့ အကြောင်းပြချက်နဲ့ တွေဝေ၊ တွန့်ဆုတ်နေဖို့ မသင့်တော့ပါဘူး။ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားခဲ့ရတဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေက ဓာတ်အားမလုံမလောက်ဖြစ်ရတဲ့ အဓိကအကြောင်းရင်းဖြစ်တာကို ပြည်သူတွေ သိမြင်နားလည်ပြီး အနာဂတ်မှာ မြန်မာနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူလူထုအကျိုးဖြစ်ထွန်းစေဖို့ အမှောင်ခွင်းလို့ အလင်းဆောင်ကြပါစို့လို့ ဆန္ဒပြုလိုပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မွန်ပြည်နယ် အားကစားဥယျာဉ်အတွင်းရှိ အားကစားကွင်း၊ အားကစားရုံများနှင့် အိပ်ဆောင်များ ကြံ့ခိုင်မှုအခြေအနေနှင့် မော်လမြိုင်မြို့ရှိ ဟိုတယ်များ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် အားကစားဥယျာဉ်ရှိ အားကစားကွင်း၊ အားကစားရုံများနှင့် သုံးထပ်အိပ်ဆောင်၊ စားရိပ်သာ၊ စားဖိုဆောင်၊ ဝန်ထမ်းအိမ်ရာများနှင့် တည်ဆောက်လျက်ရှိသည့် မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ဘောလုံးကွင်းမြက်ခင်း စိမ်းလန်းစိုပြည်ရေးနှင့် ရေဖျန်းစနစ် ကောင်းမွန်ရေးအတွက် ရေလှောင်ကန်တစ်ခု တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်နှင့် အားကစားဥယျာဉ်အတွင်းရှိ အဆောက်အအုံနှင့် အိပ်ဆောင်များ ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားရန်၊ အိမ်ရာများတွင် နေထိုင်သည့် ဝန်ထမ်းများ သက်သာချောင်ချိစေရေးအတွက် မြေနေရာလွတ်များတွင် သီးပင်၊ စားပင်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးသွားရန်နှင့် လုံခြုံရေးအထူးဂရုစိုက်၍ နေထိုင်သွားရန်လိုကြောင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်သွား ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် အားကစားနှင့် ကာယပညာ သိပ္ပံ (မော်လမြိုင်) ရှိ ဘောလုံးကွင်း၊ တိုက်ကွမ်ဒို၊ ဂျူဒိုနှင့် ပိုက်ကျော်ခြင်း အားကစားရုံ၊ GYM ရုံ၊ ဘော်လီဘော၊ အလေးမ၊ ဖူဆယ်နှင့် လက်ဝှေ့အားကစားရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အားကစားနှင့်ပညာရေးပေါင်းစပ်အထက်တန်းကျောင်းရှိ သင်ကြားရေးဆရာ ဆရာမများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ယင်းနောက် အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)ရှိ အုပ်ချုပ်မှုရုံး စုပေါင်းခန်းမ၌ မွန်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံပြီး နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူများကြားတွင် ပေါင်းကူးဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်၊ ကျင့်ဝတ်အပါး ၃၀ နှင့်အညီ မိမိတို့အား ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်များ၊ မူဝါဒများ၊ လုပ်ငန်းတာဝန်များဖြစ်သည့် အားကစားကဏ္ဍနှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မော်လမြိုင်မြို့ အထက်လမ်းမကြီး မရမ်းကုန်းရပ်ရှိ Royal Mawlamyine Hotel ၌ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဟိုတယ်အနေဖြင့် ဝန်ဆောင်မှုအရည်အသွေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လာရောက်တည်းခိုသည့် ခရီးသွားဧည့်သည်များ စိတ်ကျေနပ်မှုရရှိစေရေးနှင့် ဘေးကင်းလုံခြုံစေရေးတို့ကို အထူးအလေးထား ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ငွေမိုးဟိုတယ်၏ ဟိုတယ်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဟိုတယ်ရှိ ဝန်ထမ်းများ၏ ဝန်ဆောင်မှုအရည်အသွေးများကို ယခုထက် ပိုမိုအဆင့်မီ ကောင်းမွန်စေရေးအတွက် လေ့ကျင့်ဆောင်ရွက်ပေးရန်၊ ဟိုတယ်လုံခြုံရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်နှင့် မီးဘေးအန္တရာယ်နှင့် လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအမံများ ချမှတ်၍ ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း၊ မွန်ပြည်နယ်၏ အနာဂတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်စေရန် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပိုမိုအဆင့်အတန်းမြင့်မားတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် Rice Export Zone ဖော်ဆောင်ရေးအတွက် ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာ၊ ကျေးရွာဘက်စုံသုံးခန်းမသို့ သွားရောက်ပြီး Rice Export Zone ဆောင်ရွက်မည့် တောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော် ကောင်စီဥက္ကဋ္ဌက Export Zone များမှတစ်ဆင့် တောင်သူများအနေဖြင့် မိမိတို့ ထွက်ကုန်များကို ခိုင်မာသောဈေးကွက်နှင့် ချိတ်ဆက်နိုင်ပြီး အကျိုးအမြတ် ပိုမိုရရှိစေရန်၊ နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သော သွင်းအားစုများကို အလေအလွင့်မရှိဘဲ အကျိုးရှိရှိ ထိရောက်စွာအသုံးပြုကြရန် နိုင်ငံတော်က လိုအပ်သည်များကို ဖြည့်ဆည်းပေးသကဲ့သို့ တောင်သူများ အနေဖြင့်လည်း သတ်မှတ်ထားသော ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများအနေဖြင့် တောင်သူများ၏ အခက်အခဲကို ကွင်းဆင်းကူညီဖြေရှင်းပေးရန် လိုအပ်ကြောင်း၊ အရည်အသွေး ကောင်းမွန်သည့် မျိုးစေ့များကိုရွေးချယ်ပြီး မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်စွာ အထူးအလေးထားစိုက်ပျိုးရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက တစ်ဧကအထွက်နှုန်း တိုးတက်ရရှိရေး၊ Export Zone များ ဆောင်ရွက်ရန် ရွေးချယ်သတ်မှတ်ထားသည့် နေရာများ၌ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးအစီအမံများ၊ သဘာဝမြေသြဇာ ပြုလုပ်နည်းနှင့် သုံးစွဲပုံများကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများအတွက် သွင်းအားစုများ ပေးအပ်သည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် ဒက္ခိဏသီရိမြို့နယ် ကြာပင်အုပ်စု ကွင်းအမှတ်(၁၈၁၄)၊ ထန်းတစ်ပင်ကွင်း ၁၀ ဧက၌ တောင်သူဦးနိုင်ကြီး၏ ၂၀၂၆ ခုနှစ် နွေစပါးစိုက်ပျိုးရေး ထယ်ရေးပြင်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအတွင်း အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးအဖွဲ့က ပြည်သူများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး ဆေးကုသမှုခံယူနေကြသည့် ပြည်သူများအား စားသောက်ဖွယ်ရာများနှင့်နေအိမ်များတွင် ကိုးကွယ်ပူဇော်နိုင်ရန်အတွက် ဘုရားဆင်းတုတော်များ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် နေပြည်တော် ကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည့် နေပြည်တော် ကောင်စီနှင့် ဌာနဆိုင်ရာများ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

## ဂန့်ဂေါမြို့ မြို့မဈေး၌ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

**ဂန့်ဂေါ ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် နွေရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က ဂန့်ဂေါမြို့ မြို့မဈေးကြီး၌ ကွင်းဆင်းဆောင်ရွက်သည်။

ကွင်းဆင်း စစ်ဆေးခြင်းကို ဂန့်ဂေါမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအတွင်းရေးမှူး ရဲမှူး မြင့်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ရဲနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ဂန့်ဂေါမြို့ မြို့မဈေးအတွင်းရှိ ဈေးဆိုင်ခန်းများ၌ မီးသတ်ဆေးဘူးများ အသင့်ထားရှိစေရေး၊ လျှပ်စစ်မီးသုံးစွဲမှု အခြေအနေများ၊ ဈေးအတွင်း ကုန်ပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေများကို စစ်ဆေးဆောင်ရွက်ကြသည်။

**မောင်မျိုးမင်း**



**စဥ့်ကိုင်မြို့နယ် အတွင်းရှိ စက်သုံးဆီ ဆိုင်များကို မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ဇော်ထိုက်နှင့် တပ်ဖွဲ့ဝင်များ ကွင်းဆင်း စစ်ဆေးစဉ်။**

မြို့နယ်(ပြန်/ဆက်)

# တောင်ကြီးတက္ကသိုလ်၌ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ငြိမ်းချမ်းရေးနှင့် လူငယ်များ၏ အခန်းကဏ္ဍသည် ဆက်နွယ်နေပြီး ငြိမ်းချမ်းမှသာ လူငယ်များ၏ အနာဂတ်ကောင်းမွန်မည်ဖြစ်၍ လူငယ်များကို ပြုစုပျိုးထောင်ပေးမှသာ ငြိမ်းချမ်းသည့်ပတ်ဝန်းကျင်တစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သဟဇာတဖြစ်သည့် ပတ်ဝန်းကျင်တစ်ခုဖြစ်အောင် လူငယ်များကို ကိုယ်ကျင့်တရားကောင်းမွန်သည့် လူငယ်များဖြစ်စေရေး ဆွေးနွေးဖော်ထုတ် အဖြေရှာသွားရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဖိုရမ်ပြုလုပ်ခြင်းသည် နိုင်ငံတည်ဆောက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍပါဝင်မှုကို အလေးပေးဆောင်ရွက်ခြင်းဖြစ်ပြီး လူငယ်များ၏စိတ်ဓာတ်နှင့် စွမ်းအားများကို အကောင်းဆုံးသောပုံစံများဖြင့် နိုင်ငံ၏ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်များအတွင်း ပေါင်းစပ်ထည့်သွင်းနိုင်မည်ဖြစ်ကြောင်း၊ လူငယ်များ၏ တက်ကြွသည့်စိတ်၊ သင်ကြားထားသည့် အတတ်ပညာနှင့်လူကြီးများ၏ အတွေ့အကြုံများ ပေါင်းစပ်၍ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အထိမ်းအမှတ်တံဆိပ်ကို ပြည်နယ်ဝန်ကြီးချုပ်ထံအပ်နှံပြီး ပြည်နယ်ဝန်ကြီးချုပ်က လူငယ်ငြိမ်းချမ်းရေး ဖိုရမ် ၂၀၂၆ သို့ တက်ရောက်ခဲ့သည့် ရှမ်းပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းနှင့် တောင်ကြီးတက္ကသိုလ်အတွက် အားကစားပစ္စည်းများ ပေးအပ်သည်။




ယင်းနောက် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) ၏ ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေးလူငယ်များပါဝင်မှုကို မြှင့်တင်ပေး Video Clip ကို ပြသပြီး ရှမ်းပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များက ဖိုရမ်ခေါင်းစဉ် ၁၀ ခုနှင့် စပ်လျဉ်း၍ အဖွဲ့လိုက် ဆွေးနွေးခဲ့မှုများကိုလည်းကောင်း၊ လူငယ်ကိုယ်စားလှယ်လေးဦးက အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် ငြိမ်းချမ်းရေးနှင့် အနာဂတ်လူငယ်ကြေညာစာတမ်းကို လည်းကောင်း ဖတ်ကြားရှင်းလင်းတင်ပြကာ ရှမ်းပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်အဖွဲ့ အမျိုးသားအုပ်ချုပ်သူက အနှစ်ချုပ် ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်သူ့ဆေးရုံ၌ မျက်စိဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်ရေး ကြည့်ရှုစစ်ဆေး

**ကော့သောင်း ဖေဖော်ဝါရီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ သယံဇာတရေးရာဝန်ကြီးနှင့် ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ မျက်စိဝေဒနာရှင် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေး ပြင်ဆင်ထားရှိမှုကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က မျက်စိဝေဒနာရှင်များ အဆင်ပြေချောမွေ့စွာ စစ်ဆေးကုသမှု ခံယူနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စက်ပစ္စည်းများနှင့် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မျက်စိဝေဒနာရှင်များအား အဆင်ပြေချောမွေ့စွာ အမြန်ဆုံးခွဲစိတ်ကုသမှုဆောင်ရွက်နိုင်ရန် မျက်စိအထူးကုဆရာဝန်နှင့် စက်ပစ္စည်းစုံလင်စွာထားရှိ၍ လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေး အလေးထား ဆောင်ရွက်သွားကြရန် မှာကြားကာ မျက်စိကုသဆောင်ပြန်လည်ပြုပြင် မွမ်းမံနိုင်ရေးအတွက် တာဝန်ရှိသူနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် ရွှေပြည်သာရပ်ကွက်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ကော့သောင်းခရိုင်ရုံး ပေ(၆၀-၄၀) အာရ်စီစီ နှစ်ထပ် (၁၉ ပေ ပိုင်စနစ်ဖြင့်) ဆောက်လုပ်ခြင်းလုပ်ငန်းနေရာသို့ သွားရောက်၍ အဆောက်အအုံတည်ဆောက်နေမှုလုပ်ငန်း အခြေအနေများကို ကွင်းဆင်းကြည့်ရှုကာ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းကို ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် မှတ်တမ်းတင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ပုသိမ် ဖေဖော်ဝါရီ ၂၀**

စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေနှင့် လယ်ယာမြေဥပဒေတို့အရ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်၍ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် မှတ်တမ်းတင်ရန် အသုံးပြုလျက်ရှိသည့် FDMS & DDMS Software များအား Upgrade and Technical Support လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့၌ ကျင်းပသည်။

အခမ်းအနားတွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန (ရုံးချုပ်)၊ ကြေးတိုင်၊ စီမံကိန်းနှင့် သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးသန်းဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအတွင်းရှိ မြေစာရင်းဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်း ၁၀၂ ဦး တက်ရောက်ကြသည်။ အဆိုပါ Software အသစ်ရေးသွင်းဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**မြို့နယ် (ပြန်/ဆက်)**



# အာရှဖလားဘောလုံးပြိုင်ပွဲ အသက်(၁၇)နှစ်အောက် ချစ်ကြည်ရေးခြေစမ်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**



အာရှဖလား ဘောလုံးပြိုင်ပွဲ အသက်(၁၇)နှစ်အောက် ချစ်ကြည်ရေးခြေစမ်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ဌာနဆိုင်ရာများနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အာရှဖလားဘောလုံးပြိုင်ပွဲ အသက်(၁၇)နှစ်အောက် မြန်မာ့လက်ရွေးစင်အမျိုးသား ဘောလုံးအသင်းနှင့် အသက်(၁၇) နှစ်အောက် အိန္ဒိယလက်ရွေးစင် ဘောလုံးအသင်း ချစ်ကြည်ရေးခြေစမ်းပွဲကို မတ် ၃ ရက်မှ ၅ ရက်အထိ အိမ်ရှင်အဖြစ် သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အသင်းများအတွက် ပြည်ဝင်ခွင့်ဆိုက်ရောက်ဗီဇာ ကင်းလွတ်ခွင့်ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ တည်းခိုနေထိုင်စားသောက်ရေးဆိုင်ရာများ၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာများနှင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေး သက်ဆိုင်ရာဌာနများအနေဖြင့် အလေးထားဆောင်ရွက်ပေးစေလိုကြောင်း၊ ပြိုင်ပွဲများ အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ပြိုင်ပွဲလက်ခံကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူးက ဘောလုံးပြိုင်ပွဲနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး တာဝန်ရှိသူများက ပြိုင်ပွဲနှင့်ပတ်သက်သည့် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# နိုင်ငံနှင့် လူမျိုး၊ ဒေသအကျိုးအတွက် အသိတရားများ နိုးကြားစေလို .....

မြင့်စိုး(နတလ)

### လက်ကမ်း၍ ကြိုပါမည်

၁၉၉၄ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သော ဆောင်းပါး တစ်ပုဒ်ဖြင့် စာပေနယ်သို့ ကျွန်တော် စတင် ဝင်ရောက်ခဲ့သည်။ ထိုစဉ်က ရေးခဲ့သော ဆောင်းပါး ၏ အမည်မှာ **"လက်ကမ်း၍ကြိုပါမည်"** ဟူ၍ဖြစ်၏။ မည်သူတို့ကို လက်ကမ်း၍ ကြိုခဲ့ပါသနည်း၊ မည်သည့်အဖွဲ့အစည်းကို ဇောစေတနာရည်သန်၍ ရေးခဲ့ပါသနည်း ဆိုရပါမူ ဦးခွန်ဆာ ခေါင်းဆောင် သည့် MTA ခေါ် လွယ်မော်လက်နက်ကိုင်အဖွဲ့အား ဖိတ်ခေါ်ရေးသားခဲ့ခြင်းဖြစ်ပါသည်။ တပ်မတော် သားဘဝဖြင့် တာဝန်ထမ်းဆောင်ခဲ့စဉ်က ဦးခွန်ဆာ ၏ မွေးရပ်ဇာတိဖြစ်သော ရှမ်းပြည်နယ် (မြောက် ပိုင်း)၊ တန့်ယန်းမြို့နယ်အတွင်းရှိ နောင်လိုင် ကျေးရွာ၌ စခန်းထိုင်ခဲ့ဖူးသည်။

နောင်လိုင်ဆိုသည်မှာလည်း ၁၉၇၇ ခုနှစ်အချိန် ကာလက ဗိုလ်မှူး သီဟသူရ သိန်းထွန်းတင်၏ ပွိုင့် ဖ၀၄၁ တောင်ကုန်းတိုက်ပွဲနှင့် ဆက်စပ်နေသော နာမည်ကျော်စခန်းတစ်ခု ဖြစ်သည်။ အားမနာတမ်း ပြောရလျှင် နောင်လိုင်တစ်ရွာလုံး လွယ်မော်အမျိုး ချည်း ဖြစ်လို့နေပါတော့သည်။ ၁၉၈၈ ခုနှစ်မှ ၁၉၉၁ ခုနှစ်အတွင်း စည်းရုံးရေးသဘောအရ သူတို့နှင့် ခင်မင်ရင်းနှီးခွင့်ရခဲ့သည်။ တန့်ယန်းဒေသတွင် နေထိုင်လှုပ်ရှားသွားလာခဲ့စဉ်အတွင်း လွယ်မော် ကာကွယ်ရေးအဖွဲ့ စတင်ဖွဲ့စည်းသည်မှအစ ၁၉၆၄ ခုနှစ်တွင် တောခိုပြီး အစိုးရကို ဆန့်ကျင်တိုက် ခိုက်ခြင်း၊ တန့်ယန်းရဲစခန်းကို ဝင်ရောက်ပစ်ခတ် ခြင်းနှင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ် ခြင်းများက အလယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ထိုင်းနယ်စပ်အနီးရှိ ဟိုမိန်းဒေသ၌ MTA ဌာနချုပ် ပြုလုပ်၍နေထိုင်ကြသည်ကအဆုံး အားလုံးလေ့လာ သိရှိခဲ့ရသည်။

၁၉၉၁ ခုနှစ်၌ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရသည်။ ထိုစဉ်က အဆိုပါရုံးနှင့် ကက ပြည်(ခေါ်) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကို ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် အောင်သိန်း တစ်ဦးတည်းက ကွပ်ကဲ နေသဖြင့် ကကပြည်၊ ကကနယ် ဌာနအချင်းချင်း အလွန်ရင်းနှီးခဲ့ကြသည်။ ကကပြည်မှာ စာရေး ဆရာ၊ ဒါရိုက်တာ တင်သန်းဦး (ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး -ကွယ်လွန်)၊ ပျဉ်းမနားမြင့်လှိုင် (ဗိုလ်ကြီးမြင့်လှိုင် – ကွယ်လွန်)၊ ကိုမြသန်းစံ၊ ဒုတိယ ဗိုလ်မှူးကြီး အောင်ကျည်ထွဋ်း၊ ဗိုလ်မှူးမြင့်အောင် တို့လို စာရေးဆရာ၊ တေးရေးဆရာ၊ ဒါရိုက်တာများ နှင့် ဆုံခဲ့သည်။

နဝတ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ရုံးတွင် လည်း ညဂျူတီ ဝင်ရောက်တာဝန်ထမ်းဆောင်ရ သဖြင့် စာရေးဆရာ သုခိအောင်၊ ဦးသိန်းစိန် (ဒုတိယ ဝန်ကြီး (ငြိမ်း)–ကွယ်လွန်)၊ ဗိုလ်မှူးကြီး ရဲထွဋ်၊ တက္ကသိုလ်မြတ်သူ အစရှိသော စာရေးဆရာကြီးများ ၏ ဆောင်းပါးများကို လေ့လာဖတ်ရှုခွင့်ရခဲ့သည်။ ယင်းကဲ့သို့သော စေ့ဆော်မှုများ ပေါင်းဆုံသွားမှု ကြောင့် လွယ်မော်လက်နက်ကိုင်အဖွဲ့ကို တရား ဥပဒေဘောင်အတွင်း ဝင်ရောက်ကြရန် ဖိတ်ခေါ် ထားသည့် လက်ကမ်း၍ကြိုပါမည် ဆောင်းပါး တစ်ပုဒ် သန္ဓေတည်ပေါက်ဖွားလာခြင်း ဖြစ်ပါသည်။

ဆက်လက်ရေးသားခဲ့သော **"အလင်းစကား ကြားနိုင်ပါစေ"** ဆောင်းပါးသည်လည်း လွယ်မော် အဖွဲ့ကိုပဲ ရည်ညွှန်းခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တာဝန်ရှိအဖွဲ့အစည်းများ၏ ကြိုးပမ်းမှု၊ ဒေသခံပြည်သူလူထု၏ ငြိမ်းချမ်းရေး လိုလားမှု၊ လွယ်မော်အဖွဲ့အစည်း၏ ယုံကြည်မှု တို့ကြောင့်ပဲ ဖြစ်ပေလိမ့်မည်။ ၁၉၉၆ ခုနှစ် ဇန်နဝါရီ လဆန်းပိုင်းတွင် MTA လွယ်မော်အဖွဲ့သည် အင်အား ၁၄၀၀၀ ကျော်ဖြင့် အကြွင်းမဲ့လက်နက်စွန့်ခဲ့ကြ သည်။ သူတို့လက်နက်စွန့်ချိန်မှာ ကျွန်တော်လည်း တပ်မတော်သားဘဝမှ နယ်ဘက်ဝန်ထမ်းဘဝသို့ ကူးပြောင်းတာဝန်ထမ်းဆောင်ချိန်နှင့် တိုက်ဆိုင်နေ သည့်အပြင် ပထမဆုံးသွားခဲ့ရသည်က ကိုးကန့်နှင့် 'ဝ'ဒေသ၊ ဒုတိယသွားခဲ့ရသည်က ဟိုမိန်းဒေသဖြစ် လို့ နေပါတော့သည်။

ကျွန်တော်တို့ ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ ဟိုမိန်းဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တရားဥပဒေ စိုးမိုးရေးမှအစ လဝကလုပ်ငန်းများ၊ ယာဉ်မှတ်ပုံ တင်ခြင်းလုပ်ငန်းများအဆုံး အားလုံးတက်ညီ လက်ညီ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည်။ ဤလုပ်ငန်း များကို ရည်ညွှန်းဖော်ပြ၍ နိုင်ငံတော်၏စေတနာ ကို နားလည်သဘောပေါက်စေရန်အတွက်လည်း ဆောင်းပါးတစ်ပုဒ် ထပ်မံရေးသားဖြစ်ခဲ့သည်။ ဆောင်းပါးအမည်ကတော့ **"ကမ်းသောလက်များ၏ စေတနာ"** ဟူ၍ပါတည်း။



သီတာချောင်းကူးတံတား တည်ဆောက်မည့်နေရာတွင် တွေ့ဆုံခွင့်ရခဲ့သော ဖက်စလက်၊ ကွင်းကလေးကျေးရွာမှ ရွာသူရွာသားများ။

> ❝ နိုင်ငံတော်ဖြတ်သန်းခဲ့သော အတိတ်သမိုင်းမှ သင်ခန်းစာများကိုရယူ၍ အနာဂတ်ကာလတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်း တည်ထောင်သွားရမည်ဖြစ်သော်လည်း နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေခဲ့ပါသည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ကြရန်လို ❞

### ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ကြစေလို

နိုင်ငံတော် ဖြတ်သန်းခဲ့သော အတိတ်သမိုင်းမှ သင်ခန်းစာများကိုရယူ၍ အနာဂတ်ကာလတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ် ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်း တည်ထောင်သွားရမည်ဖြစ် သော်လည်း နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများ ကြောင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေခဲ့ပါသည်။ ပြည့်အင်အားသည် ပြည်တွင်း မှာသာရှိသည် ဆိုသည့်အချက်နှင့်အညီ ပြည်သူ လူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ကြရန် လိုပါသည်။

> ❝ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ကြရေး နိုင်ငံတော် အစိုးရက အကြိမ်ကြိမ် အသိပေးထုတ်ပြန်ထားပြီးဖြစ်ပါသည်။ နိုင်ငံတော် အစိုးရ၏စေတနာကို နားလည်သဘောပေါက်၍ ဝင်ရောက်လာကြသော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များကိုလည်း လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလက်ခံလျက်ရှိ ❞

သို့ဖြစ်၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး တို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်း သို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည် ဝင်ရောက်ကြရေး နိုင်ငံတော် အစိုးရက အကြိမ်ကြိမ် အသိပေးထုတ်ပြန်ထားပြီး ဖြစ်ပါသည်။ နိုင်ငံတော် အစိုးရ၏ စေတနာကို နားလည်သဘောပေါက်၍ ဝင်ရောက်လာကြသော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များ ကိုလည်း လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလက်ခံလျက် ရှိကြောင်း တွေ့ရသည်။

### တိုင်းရောအတွင်း ကျွန်တော်ကြုံခဲ့ဖူးသော စစ်ဆင်ရေးကြီးများ

အဘ ဗိုလ်မှူးချုပ် သန်းတင်၊ ဒုတိယဝန်ကြီးချုပ် (ငြိမ်း)၏ အမျိုးသားစာပေဆုရ "ကိုယ်တွေ့ဖြစ်ရပ် များ၊ စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ" စာအုပ်ကို လေ့လာဖတ်ရှုလိုက်လျှင် မိမိတို့ ရောဝတီတိုင်းဒေသ ကြီးအတွင်း တစ်နည်းပြောရလျှင် မြစ်ဝကျွန်းပေါ် ဒေသအတွင်း ၁၉၄၈ ခုနှစ်မှစတင်၍ ဗမာပြည် ကွန်မြူနစ်ပါတီ၏ လှုပ်ရှားမှုများ၊ ၁၉၅၆ ခုနှစ်တွင် ဗကပရောဝတီတိုင်းနှင့် KNU တို့ ပူးပေါင်း၍မဒညတ ဖွဲ့စည်းခဲ့မှုများ၊ ၁၉၆၈ ခုနှစ် မြစ်ဝကျွန်းပေါ် တိုင်း တည်ထောင်ရေးစီမံချက် ချမှတ်ဆောင်ရွက်ခဲ့သည့် ဗကပ၏အစီအမံများ၊ ဗိုလ်မှူးချုပ် သန်းတင် တပ်မ (၈၈) ဗျူဟာမှူးဘဝဖြင့် ၁၉၆၇ ခုနှစ်တွင် မြောင်းမြ ခရိုင် သလ္လာခွင်အတွင်း စစ်ဆင်ရေးချေမှုန်းခဲ့မှုများ၊ ၁၉၇၁ ခုနှစ်တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး တာဝန်လက်ခံပြီးနောက် ရွှေလင်းယုန်၊ မိုးဟိန်း စစ်ဆင်ရေးများ ဆက်လက်ဆင်နွှဲခဲ့မှုများ၊ တိုင်းလုံးအောင်နှင့် ရောမင်းစစ်ဆင်ရေးများ၊ ပြည်ပြေးများ ဝင်ရောက်လာမှုကို ချေမှုန်းခဲ့သည့် ထော်ပိုင် စစ်ဆင်ရေး(၁၉၇၂) တို့ကို ဆင်နွှဲပြီးနောက် ဖြတ် (၄) ဖြတ် စစ်နည်းဗျူဟာဖြင့် ရောဝတီတိုင်း တစ်ခုလုံး ဗကပကင်းစင်သည့် အဖြူရောင်နယ်မြေ ဖြစ်အောင် ဆောင်ရွက်ခဲ့မှုများကို လေ့လာတွေ့ရှိ ရမည်ဖြစ်သည်။

အဘ ဗိုလ်မှူးချုပ်သန်းတင်သည် ၁၉၇၄ ခုနှစ် ဇွန်လ ၁ ရက်နေ့အထိ နတခတိုင်းမှူး တာဝန် ထမ်းဆောင်ပြီးနောက် လပခတိုင်းမှူး တာဝန် ပြောင်းရွှေ့ထမ်းဆောင်ခဲ့ပြီး အောင်စိုးမိုးစစ်ဆင်ရေး ဖြင့် ပဲခူးရိုးမတစ်ခုလုံး ရောင်စုံသောင်းကျန်းသူ တစ်ယောက်မျှ မကျန်အောင် ရှင်းလင်းချေမှုန်းခဲ့ သည်။ ယင်းနောက် သတ္တုတွင်းဝန်ကြီးဌာန၏ ဒုတိယ ဝန်ကြီး၊ ဝန်ကြီးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်ဒုတိယဝန်ကြီးချုပ် တာဝန် ထမ်းဆောင်ခဲ့ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသ ၌ စစ်ဆင်ရေးကြီးများ ဆောင်ရွက်နေချိန်သည် ကျွန်တော်တို့မူလတန်း၊ အလယ်တန်း ကျောင်းသား အရွယ် အချိန်ကာလဖြစ်ပါသည်။

### ဒေသခံတို့၏ မှုန်ဝါးသွားသောအိပ်မက်များ

အထက်ပါစစ်ဆင်ရေးကြီးများ ဆင်နွှဲပြီးနောက် ရောဝတီတိုင်းတစ်ခုလုံး အေးချမ်းခဲ့သည်မှာ နှစ်ပေါင်း ၅၀ မက ရှိခဲ့ပေပြီ။ တည်ငြိမ်အေးချမ်းမှု အရသာကို ကျွန်တော်တို့ အပြည့်အဝ ခံစားခဲ့ကြဖူး ပြီ။ ယင်းသို့နေလာရာမှ ၂၀၂၄ ခုနှစ်တွင် သာပေါင်း မြို့နယ်အတွင်းက မကျီးစင်၊ ဘောမိတစ်ဝိုက်မှာ တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့သည်။ ကျွန်တော့် ဇာတိဖြစ်သော လေးမျက်နှာမြို့နယ်နှင့် ရေကြည် မြို့နယ် အနောက်ဘက်ခြမ်းဒေသများမှာ ၂၀၂၅ ခုနှစ် မတ်လ ၁၆ ရက်နေ့မှစ၍ တည်ငြိမ်အေးချမ်းမှု ပျက်ပြားသွားခဲ့သည်။

စာမျက်နှာ ၁၁ သို့



## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒိုက်ဦးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်း စားရေရိက္ခာဖူလုံစေရေး ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့က ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာ၌ ဦးမြင့်လွင်၏ အစေ့ထုတ်ပြောင်း မျိုးစေ့ထုတ် စမ်းသပ်စိုက်ခင်းနှင့် တစ်ကွင်းတစ်ဆက်တည်း ပဲတီစိမ်းဧက ၂၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုအားပေးပြီး သီးနှံပေါ်ချိန်တွင် စိုက်ပျိုးသီးနှံများ ထိုက်သင့်သည့် ဈေးနှုန်းရရှိရေးနှင့် သီးနှံများအလိုက် ရိတ်သိမ်းချိန်လေလွင့်မှုမရှိစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ် ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် သဘာဝရွက်ဖျန်းမြေသြဇာအသုံးပြု၍ အောင်မြင်ဖြစ်ထွန်းနေသည့် ရွှေအင်ဒုံကျေးရွာရှိ တောင်သူ ဦးဝင်းမောင်၏ ပဲလွန်းစိုက်ခင်းနှင့် ဖအောင်ဝဲကျေးရွာရှိ တောင်သူ ဦးတင်ငွေး၏ မြေပဲစိုက်ခင်းတို့ကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား သဘာဝရွက်ဖျန်းမြေသြဇာသည် မိမိတို့ကိုယ်တိုင် ကုန်ကျစရိတ်မရှိ ထုတ်လုပ်နိုင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု စရိတ်သက်သာခြင်း၊ သဘာဝရွက်ဖျန်းမြေသြဇာအသုံးပြုခြင်းဖြင့် ပိုးမွှားရောဂါကျရောက်မှု ခံနိုင်ခြင်းနှင့်အတူ မြေဆီလွှာဓာတ် ပြန်လည်ကောင်းမွန်သဖြင့် သဘာဝရွက်ဖျန်းမြေသြဇာကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲသွားကြရန် မှာကြားသည်။

ယင်းနောက် နတ်ကင်းကျေးရွာအုပ်စု၌ မွေးမြူရေးလုပ်ငန်းရှင် ဦးဇော်လွင်၏ ကွင်းစာဖြင့် စီးပွားဖြစ် ဥစားဘဲကောင်ရေ ၁၂၀၀ မွေးမြူထားရှိမှု၊ ဦးအောင်မြင့်၏တစ်ကွင်းတစ်ဆက်တည်း နှမ်းစပါးဧက ၁၀၀ မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဝေါမြို့နယ် ကျိုက်လှကျေးရွာ၌ ရေဆင်းပေါ်ဆန်း (၂) နှမ်းစပါးမျိုးစေ့ထုတ်အကွက်ကျယ် စံပြကွက် အောင်မြင်ဖြစ်ထွန်းနေမှုကိုကြည့်ရှုအားပေးပြီး မျိုးသန့်မျိုးစေ့ထုတ် စိုက်ခင်းများအတွက် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မွန်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးတက်ရောက်

**မော်လမြိုင် ဖေဖော်ဝါရီ ၂၀**

မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/ ၂၀၂၆) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စီးဝင်လာစေရန်၊ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာနိုင်ရန်၊ ရှိရင်းစွဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်မှုရရှိစေရန်၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်ပေးကြရန်၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိအောင် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များအနေဖြင့် မိမိတို့ တာဝန်ယူဆောင်ရွက်ရသည့် ကဏ္ဍများအလိုက် အကောင်းဆုံးဖြစ်အောင် ပါဝင်ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီဝင်များနှင့် တက်ရောက်လာကြသူများက ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တိရစ္ဆာန်အစာအမျိုးမျိုး ထုတ်လုပ်၍ ပြည်တွင်းရောင်းချခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု၊ အစုရှယ်ယာလွှဲပြောင်းခွင့်ကိစ္စ၊ လုပ်ငန်းလွှဲပြောင်းခွင့်ပြုရန်နှင့် အတည်ပြုမိန့်ပါ ကုမ္ပဏီအမည်အား ပြောင်းလဲခွင့်ပြုရန်ကိစ္စ၊ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရန် ဆုံးဖြတ်ခဲ့သည့် ကော်မရှင်အစည်းအဝေးဆုံးဖြတ်ချက်အား သိရှိနိုင်ရေးကိစ္စအပါအဝင် ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဥပဒေချုပ်က ဖြည့်စွက်ဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

AA အကြမ်းဖက်အဖွဲ့နှင့် ဒေသခံ PDF များ ပူးပေါင်းဝင်ရောက်လာသဖြင့် တပ်မတော်က ပြန်လည်ရှင်းလင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရသည်။ ယင်းကဲ့သို့အကြောင်းတရားများကြောင့်လေးမျက်နှာမြို့နယ် အနောက်ခြမ်းဒေသများ၊ ရေကြည်မြို့နယ်အစပ်၊ အင်္ဂပူမြို့နယ်အစပ်နေရာများတွင် ဆောင်ရွက်ပေးရန် လျာထားခဲ့သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအားလုံး ရပ်ဆိုင်းသွားခဲ့သည်။

ထင်သာမြင်သာ လုပ်ငန်းနှစ်ခုကိုသာ ဥပမာပြလိုပါသည်။ လေးမျက်နှာမြို့နယ် နင်းကြမ်းကျေးရွာအထိ ရောက်ရှိနေပြီဖြစ်သော မဟာဓာတ်အားလိုင်းကို ယင်းနေရာမှ ၄ မိုင် ၆ ဖာလုံအကွာအဝေးရှိပန်းတောကြီးကျေးရွာသို့ ဆက်လက်သွယ်တန်းရန် ယခုဘဏ္ဍာနှစ်တွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရက ခွင့်ပြုထားပြီးဖြစ်သည်။ နယ်မြေ တည်ငြိမ်အေးချမ်းမှု မရှိ၍ လုပ်ငန်းဆောင်ရွက်ခွင့် မရတော့ပေ။ ပန်းတောကြီးကျေးရွာ မီးရလျှင် လမ်းတစ်လျှောက် ကျေးရွာများနှင့် ပုသိမ်-မုံရွာ ကားလမ်းပေါ်က ကျေးရွာများ မီးရဖို့ မဝေးတော့ပြီ။ ယခုမူကား မျှော်လင့်ချက်အိပ်မက်တို့ အကောင်အထည်ပေါ်လာဖို့ စောင့်ရပေဦးမည်။

နောက်ထပ်အိပ်မက်တစ်ခု။ ကျွန်တော်တို့ငယ်စဉ်က အလယ်တန်းစကားပြေထဲမှာ သင်ခဲ့ရသည့် ဆင်ဖိုးထွန်း၏ ဇာတိဖြစ်သော အနောက်ရိုးမတောင်ခြေရှိ ဖက်စလက်၊ ကွင်းကလေးကျေးရွာများအပါအဝင် ပတ်ဝန်းကျင်ကျေးရွာများမှ ပုသိမ်-မုံရွာ ကားလမ်းမကြီးသို့ ကူးလူးဆက်သွယ်နိုင်ရန် ပန်းပုကွင်းကျေးရွာအနီး၌ သီတာချောင်းကူးတံတားတစ်စင်း ပေါ်ပေါက်လာရေး မျှော်လင့်တောင့်တလာခဲ့သည်မှာ နှစ်ပေါင်း ၃၀ နီးပါးရှိခဲ့ပြီ။ ယခုဘဏ္ဍာနှစ်တွင် ပေ ၃၀၀ တံတားကြီးတစ်စင်း တည်ဆောက်ပေးရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဘတ်ဂျက်ဖြင့် လျာထားခဲ့၊ တိုင်းတာခဲ့၊ နေရာသတ်မှတ်ခဲ့ပြီးဖြစ်သည်။ ထိုနေရာသည်လည်း တည်ငြိမ်အေးချမ်းမှုမရှိ၍ ဒေသခံတို့၏ အိပ်မက်များ မှုန်ဝါးသွားခဲ့ရသည်။ နိုင်ငံတော်အစိုးရက မည်သို့ပင် စိတ်ကောင်းစေတနာထားစေကာမူ ခံယူသူတို့ဘက်က စိတ်ရင်းစိတ်ထား မှန်ကန်စွာထားဖို့ ပျက်ကွက်မည်ဆိုပါက အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်မဟုတ်ပေ။

**အသိတရားများ နိုးကြားစေလို**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အပိုင်း (၃) ပိုင်းခွဲ၍ ကျင်းပခဲ့ပြီးဖြစ်ပါသည်။ မကြာမီလွှတ်တော်များ ကျင်းပတော့မည်၊ အစိုးရအဖွဲ့သစ် ပေါ်ပေါက်လာတော့မည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို အတူတကွ တည်ဆောက်ကြရန် ဖြစ်ပါသည်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး / ပြည်နယ်အချို့အနေဖြင့် စစ်၏ အနိဋ္ဌာရုံများ၊ ဆိုးကျိုးများကို ရေးနှစ်ပေါင်းများစွာကတည်းက ခံစားခဲ့ကြရဖူးပြီဖြစ်သည်။ ဒေသခံပြည်သူတိုင်း တည်ငြိမ်အေးချမ်းမှုကို လိုလားကြသည်။ သို့ဖြစ်ပေရာ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ အကျိုး၊ မိမိတို့ တိုင်းရင်းသားများအကျိုး၊ ဒေသအကျိုးတို့အတွက် မှန်ကန်သော အယူအဆ၊ အသိတရားများတိုးပွားကာ ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်လာကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## တံတားဦးမြို့နယ်သမဝါယမအသင်းစု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**တံတားဦး ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက တံတားဦးမြို့နယ် အင်းဝခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ သဘာပတိ ဦးငွေးဦးက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းလင်းက အသင်းစု၏လုပ်ငန်းစဉ် ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး တံတားဦးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်နောင်က စိုက်ပျိုးရေး၊ မွေးမြူရေး၊ သွင်းအားစုများနှင့် ငွေစု၊ ငွေချေးလုပ်ငန်းများကို အခြေခံသမဝါယမအသင်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ သမဝါယမအသင်းစု၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဦးတင်နုကလည်းကောင်း၊ မြို့နယ်အသင်းစု၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် လုပ်ငန်းဆောင်ရွက်မှု အမြတ်ခွဲဝေမှုများကို ဦးအောင်ခိုင်လတ်ကလည်းကောင်း၊ အသင်းစု၏အသင်းသားစာရင်းစစ်၏ စာရင်းစစ်ဆေးမှုများကို ဦးသန်းတင်ကလည်းကောင်း၊ အသင်းစု၏ နှစ်ချုပ်စာရင်းစစ်ဆေးချက်များကို ဦးစန်းဝင်းကလည်းကောင်း အသီးသီး ဖတ်ကြားကြသည်။ မြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို သဘာပတိကဖတ်ကြား၍ အတည်ပြုချက်ရယူကာ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။



**မြို့နယ် (ပြန်/ဆက်)**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ ညှိနှိုင်းအစည်းအဝေးကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေးကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများတွင်ပါဝင်သည့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး အကြီးအမှူးက လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်သည့် တိုင်းဒေသကြီးဝန်ကြီးများက ကြိုတင်စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(မြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ရှမ်းပြည်နယ်(တောင်ပိုင်း)မိုင်းပန်ဒေသ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)မိုင်းပန်မြို့ ဆားဝါးကျေးရွာအုပ်စု ပိန်းလုံ ကျေးရွာ၌ကျေးရွာသူ ကျေးရွာသား များနှင့်တွေ့ဆုံရာ ဒေသခံ တိုင်းရင်းသားများ၏ လူနေမှုဘဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်မြှင့်တင်ရေး၊ ခရီးသွား ဆွဲဆောင်ရာ နေရာတစ်ခု အဖြစ် ကြိုးစားဖော်ဆောင်ရေးနှင့် ကျေးရွာ လူထုအကျိုးပြုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးမှာကြားပြီး ကျေးရွာလျှပ်စစ်မီးရရှိရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ကျေးရွာလူထုအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယမန်နေ့နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် တာဆန်းကျေးရွာရှိ အဝီစိရေတွင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသရှိ သဘာဝအရင်းအမြစ်များနှင့် လိုက်လျောညီထွေရှိသည့် ခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော ကဏ္ဍများတွင် ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး၊ ဒေသနှင့်ကိုက်ညီသော ခရီးသွားလုပ်ငန်း မြှင့်တင်ဖော်ထုတ်ခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ ခရီးသွားလုပ်ငန်းကို အခြေပြုပြီး သဘာဝဘေးအန္တရာယ်ကာကွယ် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးမှာကြားကာ ကျေးရွာနေပြည်သူများအတွက် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မိုင်းပန်မြို့ရှိ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရေး၊ တာဝန်ကျရာ အခန်းကဏ္ဍမှ ဒေသ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရေး မှာကြားသည်။

အလားတူ ဖေဖော်ဝါရီ၁၈ရက်က မိုင်းပန်မြို့ရှိ ခရီးသွားဆွဲဆောင်ရာ နေရာတစ်ခုဖြစ်သော မွေတော်ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး အဆိုပါစာသင်တိုက် အတွင်း ကျန်းမာရေးဝန်ကြီးဌာန နှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မိုင်းပန်ဒေသရှိ ဒေသခံ တိုင်းရင်းသား ပြည်သူများအား သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက် ကုသပေးနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# (၃၂)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ တတိယနေ့ဆက်လက်ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

၂၀၂၆ ခုနှစ် (၈၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၃၂)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲ (က)အဆင့်နှင့် (ခ)အဆင့် ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းစစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု ရဲတီးဝိုင်း အသင်း၊ နေပြည်တော်တိုင်းစစ်ဌာန ချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အရှေ့ပိုင်း တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အနောက်တောင်တိုင်း စစ်ဌာန ချုပ်ကိုယ်စားပြု စစ်တီးဝိုင်း အသင်း၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာန ချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ကြသည်။

အဆိုပါ စစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲကျင်းပရေး ကော်မတီမှ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ နှင့် ဖိတ်ကြားထားသူများ ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀** – မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

❖ *ကျောဖုံးမှ*

ဖြစ်စဉ်မှာ (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား ကျင်းပပြုလုပ်နေသည့် ချင်းပြည်နယ် ဟားခါးမြို့ စုပေါင်းရုံးအား CDF (ဟားခါး)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယနေ့ နံနက်ပိုင်း၌ FPV Suicide Drone များအသုံးပြု၍ တိုက်ခိုက်ခြင်း ဆောင်ရွက်ခဲ့ရာ လေကြောင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းရန် ကာကွယ်ရေး စနစ်များဖြင့် ထောက်လှမ်းသိရှိခဲ့ပြီး အဆိုပါ Drone ယာဉ်များအား လက်ဦးမှုရယူဟန့်တားနိုင်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အခမ်းအနား ကျင်းပနေသည့်နေရာသို့ကျရောက် ပေါက်ကွဲခြင်းမရှိဘဲ အနီးဝန်းကျင် နေရာများတွင်သာ မြေပြင်ပေါ်သို့ ပျက်ကျပျက်စီးခဲ့ပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များက အများပြည်သူ များ အန္တရာယ်ကင်းရှင်းစေရန် အတွက် Drone ယာဉ်များတွင် ပါရှိသည့် ဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းများအား စနစ်တကျ သက်မဲ့ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ဖြစ်စဉ်တွင် လူနှင့် အဆောက်အအုံများ ထိခိုက် ပျက်စီးမှုမရှိခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပသည့်နေရာနှင့် အများပြည်သူ အေးချမ်းစွာ နေထိုင်လျက်ရှိသည့် လူစည်ကားရာ နေရာများတွင် အများပြည်သူများအား ထိခိုက်သေကျေ ပျက်စီးစေရန် ရည်ရွယ်ချက်ရှိစွာဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများ၏ အကြမ်းဖက် လုပ်ရပ်များအပေါ် ဒေသခံပြည်သူများ အနေဖြင့် စက်ဆုပ်ရွံရှာစွာ ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း နှင့် ယခုကဲ့သို့ အဖျက်အမှောင့် လုပ်ရပ်များအား ရက်စက်ယုတ်မာစွာ ဆောင်ရွက်ခဲ့ကြသည့် အကြမ်းဖက်သမားများကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြည်သူများ နှင့် ပူးပေါင်း၍ အမြန်ဆုံးဖမ်းဆီး ရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိ ကြောင်း သိရသည်။ **သတင်းစဉ်**

# BNRA အမည်ခံအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင် အပါအဝင် အဖွဲ့ဝင် ငါးဦး တပ်မတော်လုံခြုံရေးစခန်းမှတစ်ဆင့် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**PDF အပါအဝင် အကြမ်းဖက်အဖွဲ့များသည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အား ဆန့်ကျင်တိုက်ခိုက်ခြင်း၊ နယ်မြေခံပြည်သူလူထုများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြင်းများ လုပ်ဆောင်လျက်ရှိသည့်အပြင် ၎င်းတို့အဖွဲ့များအချင်းချင်း အချိန်ကြာမြင့်လာသည်နှင့်အမျှ ကိုယ်ကျိုးစီးပွားကိုအခြေခံ၍ နယ်မြေလုချင်း၊ ဝေစုမတည့်ခြင်း၊ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း စသည်တို့ဖြစ်ပေါ်လျက်ရှိသည်။**



ထိုသို့ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း(ခေါ်) နဂါးအနေဖြင့် အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်နေမှုများအား မနှစ်မြို့တော့ခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံလာခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ပြီး အဆိုပါသတင်းအား ထုတ်ပြန်ပြီးဖြစ်ပါသည်။

ထို့ပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာမှုကြောင့် ယနေ့ မွန်းလွဲပိုင်းတွင် BNRA အမည်ခံအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင်တစ်ဦး၊ တတိယတာဝန်ခံအဆင့်ရှိသူတစ်ဦးအပါအဝင် အဖွဲ့ဝင်ငါးဦးသည် လက်နက်မျိုးစုံငါးလက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ပုလဲမြို့နယ်အတွင်းရှိ လုံခြုံရေး တပ်စခန်းတစ်ခုထံသို့ လာရောက်ဆက်သွယ်သတင်းပို့၍ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့် BNRA အမည်ခံအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များအား နယ်မြေခံလုံခြုံရေး တပ်ဌာနချုပ်မှ တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ၊ ဆေးဝါး အကူအညီများနှင့် အုပ်ချုပ်မှုကိစ္စရပ်များအား အဆင်ပြေမှုရှိစေရေး ဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် လိုအပ်သည့်စိစစ်မှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပြီး BNRA အမည်ခံအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင်နှင့် တတိယ တာဝန်ခံ အဆင့်ရှိသူတို့၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ ကျွန်တော်ကတော့ ဗမာအမျိုးသား တော်လှန်ရေး တပ်မတော် BNRA က တာဝန်ရှိတဲ့သူတစ်ဦးပါ။ ဗမာအမျိုးသားတော်လှန်ရေးတပ်မတော် BNRA ကိုရောက်ရှိသွားတဲ့ ပုံစံကတော့ ကျွန်တော်တို့ ၂၀၂၁ ခုနှစ်နောက်




မှာ တိုင်းပြည်ရဲ့ ကောင်းမွန်တဲ့အခြေအနေတစ်ခုကို သွားကြတယ်ပေါ့။ ကောင်းမွန်တဲ့ရည်ရွယ်ချက်တွေနဲ့ လုပ်ကြတယ်လို့ ပြောကြတယ်။ တကယ့်လက်တွေ့ ဒီအခြေအနေတွေကို ဘာပဲပြောပြော ခေတ်ရေစီးကြောင်းအတိုင်း လုပ်မယ်ဆိုပြီးတော့ ကျွန်တော်တို့လည်း ဝင်ပြီးတော့ နိုင်တဲ့နေရာကနေ တာဝန်ထမ်းဆောင်မယ် ဆိုပြီးတော့ ဆုံးဖြတ်တယ်။ အဲဒီနောက်မှာ ကျွန်တော်လည်း မှန်မှန်ကန်ကန် လုပ်နေတယ်လို့ ယုံကြည်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်လို့ ဗမာအမျိုးသားတော်လှန်ရေးတပ်မတော်ကို ဝင်ပြီးကာမှ လုပ်ဖြစ်ခဲ့တယ်။ ကျွန်တော် ဒီလိုမျိုး အလင်းဝင်ဖို့အတွက် ဆုံးဖြတ်လိုက်ရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့က ပိုကောင်းမွန်တဲ့ အခြေအနေတစ်ခုကို ရည်ရွယ်ပြီးကာမှ နိုင်ငံရေးအခင်းအကျင်းမှာ နိုင်တဲ့နေရာကနေ ဝင်ထမ်းမယ်ဆိုပြီးတော့ ဝင်ခဲ့တယ်။ ပိုကောင်းတဲ့ အခြေအနေတွေကိုလည်း ရည်ရွယ်ခဲ့တယ်။ အခုလက်ရှိ တော်လှန်ရေးထဲမှာ ဖြစ်နေတဲ့ အခြေအနေတွေက ပိုကောင်းတဲ့ အခြေအနေတစ်ခုကို သွားနေတယ်၊ ရောက်မယ်လို့ မခံစားရတော့ဘူး။ မခံစားရဘူးဆိုတာကလည်း ကျွန်တော်တို့ စိတ်ခံစားချက်အရ ဖြစ်တာမဟုတ်ဘူး။ ကျွန်တော်တို့ ပကတိအခြေအနေတွေကို မြင်နေရတယ်၊ တွေ့နေရတယ်။ နောက်တစ်ခုကျတော့ လက်ရှိအခြေအနေမှာက တစ်ဖက်မှာပေ့ါနော် ကျွန်တော်တို့အပေါ်မှာ အဆုံးသတ်ရေးတွေ၊ ပျက်ပြားရေးတွေ၊ ငါနဲ့မတူ ငါ့ရန်သူဆိုတဲ့ ပုံစံမျိုးတွေနဲ့ အဘက်ဘက်ကနေပြီး ပြည်သူတွေ အပေါ်မှာရော၊ အချင်းချင်းတွေအပေါ်မှာရော မိတ်ဖက်ပဋိပက္ခတွေဆိုတာထက်ပိုတဲ့ ပုံစံမျိုးတွေနဲ့ ခံစားရတယ်၊ ကြုံတွေ့ရတယ်။ အဲတော့ ကျွန်တော်တို့ ဒီဟာတွေကို နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ပြီးတဲ့ နောက်မှာတော့ ဒီဟာတွေက ဘယ်နည်းနဲ့မှ ပိုကောင်းမွန်တဲ့ အခြေအနေတစ်ခုကို ရောက်နိုင်မယ်လို့ မယုံကြည်တော့ဘူး။ မယုံကြည်တဲ့အတွက်ကြောင့်မို့ တစ်ဖက်မှာလည်း ဒီဘက်ကို သွားပေါင်းမယ်ဆိုရင်လည်း အလင်းဝင်မယ်ပေ့ါဗျာ၊ အလင်းဝင်မယ် ဆိုရင်လည်း ဟုတ်ပါ့မလား၊ အဆင်ပြေပါ့မလား၊ အဆင်ပြေပါ့မလားဆိုတဲ့ စိုးရိမ်စိတ်လေးလည်းရှိတာပေ့ါ။ တစ်ဖက်မှာလည်းပဲ ကျွန်တော်တို့ လက်တွေ့ကျကျပူးပေါင်းလိုက်တဲ့အခါကျတော့ ဘာဖြစ်လာလဲဆိုတော့ ပျူငှာစွာနဲ့ ကြိုဆိုတယ်။ အချိန်မှာဆိုရင်လည်း တာဝန်ရှိတဲ့သူတွေ ဆင့်ကဲဆင့်ကဲပေ့ါ။ ကျွန်တော်တို့ကို နွေးနွေးထွေးထွေး ပျူပျူငှာငှာ ဖော်ဖော်ရွေရွေနဲ့ ကြိုဆိုကြတယ်။ အဲဒီအတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျန်ခဲ့တဲ့ တော်လှန်ရေး ရဲဘော်တွေပေ့ါနော်၊ ကျွန်တော့် ရဲဘော်တွေအတွက် ပြောချင်တာက ဘာလဲဆိုတော့ အခုလက်ရှိ အခြေအနေကနေ ကောင်းမွန်တဲ့အနေအထားတစ်ခုကိုရောက်ဖို့ဆိုတာ တော်တော်လေးကို မဖြစ်နိုင်တော့ဘူးပေ့ါ။ အဲအတွက်ကြောင့် ကျွန်တော်တို့ အသက်တွေ၊ ဘဝတွေ၊ ပျော်ရွှင်မှုတွေ၊ လွတ်လပ်မှုတွေကို ဘာအတွက်စတေးနေမှာလဲ၊ အလင်းဝင်လာတဲ့အချိန်မှာလည်း ကျွန်တော်တို့မြင်ထားတဲ့ပုံစံတွေနဲ့ တခြားစီပဲ။ ကျွန်တော်တို့ကို အကောင်းဆုံး ပုံစံနဲ့ ကြိုဆိုတယ်။ အဲဒါကြောင့် မလို့ နီးစပ်ရာနယ်မြေခံတာဝန်ခံတွေနဲ့ ပေါင်းစပ်ပြီးကာမှ ပူးပေါင်းကြဖို့၊ အလင်းဝင်ကြဖို့ ကျွန်တော်တိုက်တွန်းပါတယ်။

၂။ ကျွန်တော်ကတော့ ဗမာအမျိုးသား တော်လှန်ရေး တပ်မတော် BNRA ရဲ့ တပ်ဖွဲ့ဝင် တစ်ယောက်ဖြစ်ပါတယ်။ ဗမာအမျိုးသား တော်လှန်ရေး တပ်မတော်ထဲကို ဝင်ရောက်လာခြင်းက ပြည်သူလူထုအကျိုးကို အကောင်းမွန်ဆုံးလုပ်ဆောင်နိုင်မယ့် အဖွဲ့အစည်းတစ်ရပ်အဖြစ်သာ ကျွန်တော်တို့ရှုမြင်ပြီးတော့ ဝင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခုအလင်းဝင်ရောက်လာတာက တော်လှန်ရေးကာလ




အတွင်းမှာ ပြည်သူလူထုရဲ့အကျိုးကို အကောင်းမွန်ဆုံးမဖြစ်ဘဲနဲ့ ဒီပူးပေါင်းဆောင်ရွက်တဲ့ ကဏ္ဍတွေမှာလည်း အတတ်နိုင်ဆုံး အဆင်ပြေဆုံးမရှိတဲ့အခါကျတော့ ကျွန်တော်တို့ရဲ့ တော်လှန်ရေးက တဖြည်းဖြည်းနဲ့ ပြည်သူလူထုတွေ ပိုပြီးဆင်းရဲမွဲတေ ဒုက္ခကြုံတွေ့နေရတာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ မြန်မာ့တပ်မတော်ရဲ့သဘောထားအမှန်တွေကို သိရှိလာရခြင်းဖြစ်တဲ့အတွက် အခုလိုမျိုး အလင်းဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အလင်းမဝင်ခင်မှာ ထိတ်လန့်မှုတွေရှိတာပေ့ါ။ ကျွန်တော်တို့ အလင်းဝင်တဲ့အခါမှာ ဖမ်းဆီးမလား၊ ထောင်ချမလား၊ တစ်ခုခုပြစ်မှုဆိုင်ရာ ကျူးလွန်ထားတဲ့အတွက် အပြစ်ပေး အရေးယူမလားပေ့ါ။ ဒါပေမယ့် တကယ်တမ်း ရောက်လာတဲ့အခါကျတော့ တပ်မတော်ရဲ့နွေးထွေးစွာကြိုဆိုမှု၊ ကျွန်တော်တို့ ချိတ်ဆက်တဲ့ အခါမှာလည်း အကောင်းမွန်ဆုံးနဲ့ အနွေးထွေးဆုံး ကြိုဆိုပေးတဲ့အတွက်ကျေးဇူးလည်းတင်ပါတယ်။ အခုလက်ရှိ ကျွန်တော်တို့ အနေနဲ့ကတော့ အကောင်းမွန်ဆုံးနဲ့ ကျွန်တော်တို့ရဲ့ အနာဂတ်ကို အကောင်းဆုံး ဖော်ဆောင်ဖို့အတွက် အခုလိုမျိုး အလင်းဝင်ရောက်ခြင်း ဖြစ်ပါတယ်။ တပ်မတော်ကိုလည်း အထူး ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်ပြီးတော့ ပြောချင်တာကတော့ တော်လှန်ရေးကာလမှာ အကောင်းအဆိုးတွေကို အားလုံးသိနေတဲ့ ရဲဘော်ဝင်တွေဖြစ်တယ်။ အဲဒီတော့ အခုလက်ရှိမှာ မြန်မာ့တပ်မတော်ကလည်း နွေးထွေးစွာနဲ့ကြိုဆိုနေတာလည်းဖြစ်တယ်။ အဲဒီတော့ စဉ်းစားဆုံးဖြတ်ပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့လည်း ကျွန်တော့်အနေနဲ့လည်း တိုက်တွန်းလိုပါတယ်။ အခုကျွန်တော်ရောက်ရှိလာတဲ့အခါမှာလည်း ကျွန်တော့်အပေါ် အားလုံးနွေးနွေးထွေးထွေးနဲ့ ကြိုဆိုပြီးတော့ ပြည်သူလူထုအတွက် အကောင်းဆုံးတွေရှေ့ဆက်ပြီးလုပ်ဆောင်မယ့်အရာတွေကိုလည်း ကျွန်တော့်ကို သေချာ နားလည်သဘောပေါက်အောင် ရှင်းပြတဲ့အတွက် ကျွန်တော့်အနေနဲ့ကတော့ ဖိတ်ခေါ်ပါတယ်။ ကျန်တဲ့ တပ်ဖွဲ့ဝင်များလည်း ပူးပေါင်း ဆောင်ရွက်ဖို့လည်း ချိတ်ဆက်နေတာတော့ရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အလင်းဝင်လာမယ့် ရဲဘော်ရဲဘက်တွေအားလုံးကိုလည်း နီးစပ်ရာ တပ်စခန်းတွေနဲ့ အမြန်ဆုံး ချိတ်ဆက်ပြီးတော့ ကျွန်တော့်လိုမျိုး ဝင်ရောက်လာဖို့အတွက် ကျွန်တော့်အနေနဲ့ တိုက်တွန်းပြောကြားလိုပါတယ်။

နိုင်ငံတော်အစိုးရ အနေဖြင့် အကြမ်းဖက်အဖွဲ့များအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေး အစဉ်တံခါးဖွင့်ကြိုဆိုဖိတ်ခေါ်ထားရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများနှင့် ထပ်မံဝင်ရောက်လာမည့် သူများကိုလည်း တရားဥပဒေဘောင်အတွင်း တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❐ *ကျောဖုံးမှ*

နော်တင်ဟမ်ဖောရက်စ်အသင်းသည် ဘောလုံးပိုင်ဆိုင်မှုပိုင်း အသာမရခဲ့သော်လည်း ရရှိလာသည့်အခွင့်အရေးများကို အမိအရ အသုံးချကာ သွင်းဂိုးများအဖြစ်ပြောင်းလဲပြီး ဂိုးပြတ်နိုင်ပွဲဖော်ဆောင်နိုင်ခဲ့သည်။ အထူးသဖြင့် နော်တင်ဟမ်ဖောရက်စ်အသင်းသည် ခံစစ်-ကွင်းလယ်-တိုက်စစ်ပိုင်းကို လျင်လျင်မြန်မြန် ချိတ်ဆက်ကစားပြီး ပြိုင်ဘက်ဖီနာဘာချီအသင်း၏ ခံစစ်ပိုင်းအားနည်းမှုကို အသုံးချနိုင်ခဲ့သည့်အတွက် ဂိုးပြတ်နိုင်ပွဲ ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဖီနာဘာချီအသင်းသည် ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေးများနှင့်အတူ ဂိုးပေါက်ခြိမ်းခြောက်မှု အများအပြားရရှိခဲ့သော်လည်း နော်တင်ဟမ် ဂိုးသမား အော်တီဂါ၏ လက်စွမ်းပြကာကွယ်ဟန့်တားနိုင်မှုများနှင့် အသင်းကစားသမားများ၏ အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် ရှုံးပွဲကြုံတွေ့ခဲ့သည်။ နော်တင်ဟမ်ဖောရက်စ်အသင်းအတွက် သွင်းဂိုးများကို မော်ရီလို၊ အီဂေါ်ဂျေဖူးနှင့် ဂစ်ဗိုက်တို့က သွင်းယူပေးခဲ့သည်။ နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် ဖီနာဘာချီအသင်းတို့၏ ယူရိုပါလိဂ် ရှုံးထွက်အဆင့် ဒုတိယအကျော့ကို လာမည့် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစား သွားမည်ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘိုလော့ဂ်နာက ဘရန်းကို တစ်ဂိုး-ဂိုးမရှိ၊ ဂျန့်ခ်က ဒိုင်နမိုဇာဂရက်ကို သုံးဂိုး- တစ်ဂိုး၊ ဆဲလ်တာဗီဂိုက PAOK ကို နှစ်ဂိုး-တစ်ဂိုး၊ စတုဂတ်က ဆဲလ်တစ်ကို လေးဂိုး-တစ်ဂိုး၊ ဖဇက်ဒါက လိုင်လီကို တစ်ဂိုး-ဂိုးမရှိ၊ လူဒိုဂိုရက်စ်က ဖယ်ရင်ဗားရို့စ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲအသီးသီးရရှိပြီး ပါနာသီနိုင်ကော့စ်နှင့် ဗစ်တိုးရီးယားပဲလ်ဇန်အသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

**အောင်ဖော်**

# လုံခြုံစိတ်ချရသည့် အေအိုင်အသုံးပြုမှုအတွက် ဘုံစည်းမျဉ်းများရှာဖွေရန် ကမ္ဘာ့ခေါင်းဆောင်များ စည်းဝေး

**နယူးဒေလီ ဖေဖော်ဝါရီ ၂၀**
အိန္ဒိယနိုင်ငံ၌ ပြုလုပ်သည့် အသိဉာဏ်တု နည်းပညာ(အေအိုင်)ညီလာခံတွင်ကမ္ဘာ့ခေါင်းဆောင်များ တက်ရောက်ခဲ့ကြပြီး အေအိုင်စနစ်ကို လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရေး ဘုံစည်းမျဉ်းများရှာဖွေရန် တောင်းဆိုခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၉ ရက်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ပြုလုပ်သည့် အေအိုင်အကျိုးသက်ရောက်မှု ထိပ်သီးအစည်းအဝေးသို့ အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၊ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နှင့် ဘရာဇီး သမ္မတလူဝစ် အန်နာစီယိုလူလာဒီဆေလ်ဗာတို့ တက်ရောက်ခဲ့ကြသည်။

အေအိုင်နှင့်ဆက်နွှယ်မှုရှိသည့် ကုမ္ပဏီများမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။ အေအိုင်စနစ်သည် ကြီးမားသည့်အကျိုးကျေးဇူးများကို သယ်ဆောင်လာပေးကြောင်း၊ သို့သော်လည်း အသိဉာဏ်တုနည်းပညာ၏ ဘေးကင်းလုံခြုံမှုနှင့်ပတ်သက်ပြီး ရှင်းလင်းပြတ်သားသော စည်းမျဉ်းများ ချမှတ်ရန်လိုအပ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခဲ့သည်။

ထို့ပြင် ဆော့ဖ်ဝဲဖန်တီးသူများနှင့် အခြားသော သက်ဆိုင်သူများသည် ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် တာဝန်ယူမှုတို့ကို ထိန်းသိမ်းရန်လည်း တောင်းဆိုခဲ့သည်။

အိန္ဒိယနိုင်ငံသည် အဓိကအေအိုင်အင်အားကြီးနိုင်ငံဖြစ်လာစေရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် အချက်အလက်စင်တာများ လက်ခံပေးနိုင်ရန် ပြည်သူပိုင်နှင့်ပုဂ္ဂလိကပိုင် ကြိုးပမ်းအားထုတ်မှုများကို စတင်လုပ်ဆောင်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၎င်း၏ ကြွယ်ဝသော သတင်းအချက်အလက်နည်းပညာ လူ့စွမ်းအားအရင်းအမြစ်နှင့် လူဦးရေ ၁ ဒသမ ၄ ဘီလီယံ



ကျော်ရှိသည့် ဈေးကွက်ကြီးကို မီးမောင်းထိုးပြရန် ယခုကဲ့သို့ ညီလာခံကျင်းပခဲ့ခြင်းဖြစ်သည်ဟု လေ့လာသူများက ပြောသည်။

အင်န်အိတ်ချ်ကေ

# အာဖဂန်နစ္စတန်နိုင်ငံ၌ ငတ်မွတ်ခေါင်းပါးမှုအကျပ်အတည်းနှင့်ပတ်သက်၍ ကုလသမဂ္ဂ သတိပေး

**ကဘူးလ် ဖေဖော်ဝါရီ ၂၀**
အာဖဂန်နစ္စတန်နိုင်ငံ၌ ကြီးမားသည့် ငတ်မွတ်ခေါင်းပါးမှု အကျပ်အတည်းနှင့်ပတ်သက်၍ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က အရေးပေါ်သတိပေးချက် ထုတ်ပြန်ခဲ့သည်။

ပြင်းထန်သည့် အာဟာရချို့တဲ့ခြင်းခံစားနေရသည့် ကလေးလေးဦးလျှင် တစ်ဦးသာလျှင် အကူအညီများ ရရှိကြောင်း ပြည်တွင်းမီဒီယာ တိုလိုနယူးစ်က ဖေဖော်ဝါရီ ၂၀ ရက်တွင် ထုတ်ပြန်ထားသည်။

ယခုအခါ အာဖဂန်နစ္စတန်နိုင်ငံ လူဦးရေ၏ သုံးပုံနှစ်ပုံခန့်မှာ ဆိုးရွားသည့် အစားအစာမလုံလောက်မှုနှင့် ကြုံတွေ့နေရကြောင်း၊ အကျပ်အတည်းများ ဆက်လက် ဆိုးရွားလာသည်နှင့်အမျှ သန်းပေါင်းများစွာသော ကလေးများသည် အသက်အန္တရာယ်ရှိသည့် အာဟာရချို့တဲ့ခြင်းနှင့် ကြုံတွေ့လျက်ရှိကြောင်း သိရသည်။



အာဖဂန်နစ္စတန်နိုင်ငံအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်ရေးအစီအစဉ် ၂၀၂၆ ကို ကုလသမဂ္ဂလူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက စတင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါအစီအစဉ်သည် အစားအစာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အမိုးအကာများနှင့် အခြားအခြေခံဝန်ဆောင်မှုများ အရေးတကြီးလိုအပ်နေသည့် သန်းနှင့်ချီသော ပြည်သူများကို ကူညီပံ့ပိုးပေးရန် ရည်ရွယ်လျက်ရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ကြာရှည်သည့် မိုးခေါင်မှု၊ ဆက်လက် ဖြစ်ပေါ်နေသော စီးပွားရေးမတည်ငြိမ်မှု၊ အရေအတွက်များပြားသည့် ဒုက္ခသည်များ ပြန်လည်ဝင်ရောက်လာခြင်းတို့သည် နိုင်ငံတစ်ဝန်း အစားအစာရှားပါးမှုကို ပို၍တိုးလာစေကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ၊ ဓာတ်ပုံ-WFP

# ပြင်သစ်နိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတကာ ခရီးသွားလုပ်ငန်းမှ ဝင်ငွေစံချိန်တင် ရရှိ

**ပါရီ ဖေဖော်ဝါရီ ၂၀**
ပြင်သစ်နိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတကာခရီးသွားလုပ်ငန်းမှ ဝင်ငွေစံချိန်တင်မြင့်မားစွာရရှိခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် ၉ ရာခိုင်နှုန်းတိုးလာကြောင်း ခရီးသွားလာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောသည်။

၂၀၂၅ ခုနှစ်အတွင်း ပြင်သစ်နိုင်ငံသို့ ခရီးသွား ၁၀၂ သန်း လာရောက်ခဲ့ပြီး ၂၀၂၄ ခုနှစ်က ခရီးသွား သန်း ၁၀၀ ဝင်ရောက်ခဲ့သည်ဟု ခရီးသွားလာရေးဝန်ကြီးဌာန၏ နှစ်စဉ်အစီရင်ခံစာတွင် ဖော်ပြထားသည်။ ပြည်တွင်းခရီးသွားသုံးစွဲမှုမှာ လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း တိုးတက်လာခဲ့ပြီး ၂၀၂၅ ခုနှစ်အတွင်း ယူရို ၂၂၂ ဘီလီယံအထိ ရရှိခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပြင်သစ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ခရီးသွားအများဆုံးလာရောက်လည်ပတ်သည့် နိုင်ငံအဖြစ်ရှိနေဆဲဖြစ်သည်ဟု ဝန်ကြီးဌာနက ပြောသည်။ အရှေ့ကိုမျှော်ကြည့်လျှင် ၂၀၂၆ ခုနှစ်အတွက် ညွှန်းကိန်းများမှာ အလားအလာကောင်းကြောင်း ဖော်ပြလျက်ရှိသည်ဟု ဝန်ကြီးဌာနက ပြောသည်။ ၂၀၂၅ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ပထမသုံးလပတ်အတွင်း လေယာဉ်ခရီးစဉ် ကြိုတင်စာရင်းပေးသွင်းမှုများမှာ သိသိသာသာ တိုးတက်လာခဲ့သည်။

အထူးသဖြင့် မက္ကဆီကို၊ တရုတ်နှင့် ကနေဒါနိုင်ငံတို့မှ ခရီးသွားများ လာရောက်မှုများသည့်အတွက် ယခုလိုတိုးတက်လာခြင်းဖြစ်သည်။ အဆိုပါနိုင်ငံများမှ လေယာဉ်ခရီးစဉ် ကြိုတင်စာရင်းပေးသွင်းမှုများမှာ ၁၉ ရာခိုင်နှုန်း၊ ၁၇ ရာခိုင်နှုန်းနှင့် ၇ ရာခိုင်နှုန်း အသီးသီးတိုးလာသည်ဟု သိရသည်။

ဆင်ဟွာ

# ဖိလစ်ပိုင်တောင်ပိုင်းပြည်နယ်များ၌ မိုးသည်းထန်စွာရွာသွန်း မြေပြိုမှုများကြောင့် လူခုနစ်ဦးသေဆုံး

**မနီလာ ဖေဖော်ဝါရီ ၂၀**
ဖိလစ်ပိုင်တောင်ပိုင်းရှိ ဒါဗို့ဒီအိုရိုနှင့် ဒါဗို့အိုရီယန်တယ်ပြည်နယ်များတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများ ဖြစ်ပွားပြီး အနည်းဆုံး လူခုနစ်ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၁၉ ရက် ညက ဒါဗို့ဒီအိုရိုပြည်နယ် မွန်ခေရိုမြို့ရှိ ရွာတစ်ရွာတွင် ဖြစ်ပွားခဲ့သော မြေပြိုမှုမှ ရုပ်အလောင်းသုံးလောင်းကို ဖိလစ်ပိုင်ကြက်ခြေနီအဖွဲ့မှ တူးဖော်ရရှိခဲ့ကြောင်း ဖိလစ်ပိုင်ကြက်ခြေနီအသင်းက ပြောကြားခဲ့သည်။

ဒေသခံများဘေးကင်းစေရန် အာဏာပိုင်များက အဆိုပါဧရိယာကို ဘေးကင်းလုံခြုံအောင် လုပ်ဆောင်ခဲ့သည်ဟု ဖိလစ်ပိုင်ကြက်ခြေနီ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ရစ်ချက်ဒ်ဂေါ်ဒန်က ဆိုရှယ်မီဒီယာတွင် ရေးသားဖော်ပြခဲ့သည်။

ဖေဖော်ဝါရီ၂၀ ရက် နံနက်ပိုင်းက မာတီမြို့ ဒါဗို့အိုရီယန်တယ်ဒေသတွင်ဖြစ်ပွားသော မြေပြိုမှုတွင် မိသားစုလေးဦးစလုံး မြေအောက်သို့ နစ်မြုပ်ခဲ့သည်ဟု မြို့နယ်မီးသတ်စခန်းက လူမှုမီဒီယာတွင် ရေးသားဖော်ပြခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မင်ဒါနာအိုဒေသအချို့တွင် ဖေဖော်ဝါရီ ၂၀ ရက် အစောပိုင်းက ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ဆူရီဂါအိုဒယ်ဆာ၊ ဒါဗို့ဒီအိုရိုနှင့် ဒါဗို့အိုရီယန်တယ်ရှိ ဒေသခံများ ထိခိုက်ခဲ့သည်ဟု ဂေါ်ဒန်က ပြောကြားခဲ့သည်။

ကြက်ခြေနီအဖွဲ့များက မုန်တိုင်းဒဏ်ခံရသော ပြည်နယ်များကို စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး သတိပေးချက်များ တိုးမြှင့်ထားသည်ဟု ဂေါ်ဒန်က ပြောသည်။

ဆူရီဂါအိုဒယ်ဆာ ပြည်နယ် ဘစ်စလက်မြို့ရှိ ရပ်ရွာအများအပြားတွင် ရေလွှမ်းမိုးမှုသည် ခါးမှ ရင်ဘတ်အထိ ရောက်ရှိခဲ့ပြီး ရေမြင့်တက်နေချိန်တွင် ကြက်ခြေနီအဖွဲ့များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် လှုံ့ဆော်ခဲ့သည်။

စေတနာ့ ဝန်ထမ်းများသည် ဒေသခံမိသားစုများအား ဘေးကင်းသော နေရာများသို့ ပြောင်းရွှေ့ရာတွင် ကူညီဆောင်ရွက်ပေးခဲ့သည်။

အာဏာပိုင်များက ပျက်စီးဆုံးရှုံးမှုများကို အကဲဖြတ်ပြီး ထိခိုက်ခံစားရသူများ ဘေးကင်းစေရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ

# ကမ္ဘောဒီးယား၌ ဒီဇယ်ဆီ၊ ဓာတ်ဆီနှင့်ဓာတ်ငွေ့ တင်သွင်းမှုအပေါ် ဒေါ်လာ ၂၁၉ ဒသမ ၅ သန်း သုံးစွဲ

**ဖနောင်ပင် ဖေဖော်ဝါရီ ၂၀**
ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ဒီဇယ်ဆီ၊ ဓာတ်ဆီနှင့် ဓာတ်ငွေ့စုစုပေါင်းတင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၂၁၉ ဒသမ ၅ သန်းသို့ ရောက်ရှိလာကြောင်း သိရသည်။ အဆိုပါ အရေအတွက်မှာ ယမန်နှစ်ကထက် ၁ ဒသမ ၆ ရာခိုင်နှုန်းတိုးလာကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလအတွင်း ကမ္ဘောဒီးယားနိုင်ငံသည် ဒီဇယ်ဆီ တင်သွင်းခြင်းအတွက် ဒေါ်လာ ၁၃၃ ဒသမ ၁ သန်း သုံးစွဲခဲ့ရာ ယမန်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ကြည့်ပါက ၁၅ ရာခိုင်နှုန်းတိုးလာကြောင်း၊ ဓာတ်ငွေ့တင်သွင်းခြင်းမှ ဒေါ်လာ ၅၅ ဒသမ ၅ သန်းရှိရာ ၁၀ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း၊ ဓာတ်ငွေ့တင်သွင်းခြင်းမှ ဒေါ်လာ ၃၀ ဒသမ ၉ သန်းရှိရာ ၁ ဒသမ ၃ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ လက်ရှိတွင် အရှေ့တောင်အာရှနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံသည် ရေနံနှင့် ဓာတ်ငွေ့တင်သွင်းမှုအပေါ် မှီခိုနေရကြောင်း သိရသည်။

ဆင်ဟွာ


# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တာဝန်ရှိသူများက ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး



တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဥက္ကံမြို့၌ မရှိ၍မလင်းသူမရှိစေရ အစီအစဉ်ဖြင့် မျက်စိအထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသပေး

**တိုက်ကြီး ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့၌ ဗဟန်းအမျိုးသမီးဆေးရုံနှင့် မျက်စိအထူးကုဆေးရုံကြီး ရန်ကုန်မြို့မှ မျက်စိအထူးကု ဆရာဝန်ကြီးများနှင့် တိုက်ကြီးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဥက္ကံတိုက်နယ်ဆရာဝန်တို့ပူးပေါင်း၍ မရှိ၍မလင်းသူမရှိစေရ အစီအစဉ်ဖြင့် မျက်စိအထူးကု ကွင်းဆင်းကုသပေးခြင်းကို ယမန်နေ့က ဥက္ကံမြို့ ရွှေကံသာခန်းမ၌ ဆောင်ရွက်ခဲ့သည်။



ထိုသို့ ကွင်းဆင်းကုသဆောင်ရွက်ရာတွင် မျက်စိရောဂါဝေဒနာရှင် လူနာ ၄၀၁ ဦးအား ကြည့်ရှုစစ်ဆေးပေးပြီး မျက်စိအတွင်းတိမ်ခွဲစိတ်ရန် လိုအပ်သူ ၅၃ ဦး၊ မျက်စိမျက်မှန်စမ်းသပ်သူ ၂၁၁ ဦး၊ မျက်စိရောဂါဆေးပေးကုသသူ ၄၄ ဦး၊ အခြားရောဂါ ၉၃ ဦးတို့အား စစ်ဆေးကုသပေးခဲ့ပြီး မျက်စိဆေးရုံကြီးသို့ လွှဲပြောင်းကုသသူ ရှစ်ဦးနှင့် လူနာ ၂၁၁ ဦးအား အခမဲ့မျက်မှန် ထောက်ပံ့ပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ဥက္ကံမြို့ မြို့အုပ်ချုပ်ရေးမှူး၊ ဥက္ကံတိုက်နယ်ဆေးရုံမှ ဆရာမများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ ကူညီဆောင်ရွက်ပေးကာ ခွဲစိတ်ကုသရန် လိုအပ်သော မျက်စိဝေဒနာရှင်များအား ဗဟန်းအမျိုးသမီးဆေးရုံ၌ အခမဲ့ခွဲစိတ်ကုသမှုများ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “ဧယျာမြင့်ဝင်း” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဇိုင်းဂနိုင်း(မြောက်)ရပ်ကွက်နေ ဧယျ (ခ) ဧယျာကြီးအား ည ၁၁ နာရီ ၁၀ မိနစ်တွင် ပဲခူးမြို့ အမှတ်(၂) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စဉ့်ကိုင်မြို့နယ်၌ သမဝါယမအသင်းစုလီမိတက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အစည်းအဝေးကျင်းပ

**စဉ့်ကိုင် ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် သမဝါယမဦးစီးဌာန သမဝါယမအသင်းစု(လီမိတက်)၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး



သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေး၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အတွင်းရေးမှူး ဦးသိန်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ သဘာပတိ ဦးစိန်သောင်း၊ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေးနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အတွင်းရေးမှူး ဦးသိန်းမြင့်တို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မြတ်ကြူက အသင်း၏ လုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခြေခံသမဝါယမ အသင်းများထံသို့ မြို့နယ်စုအစုပေါ် အမြတ်ငွေကျပ် ၃၇ သိန်းကျော်ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

## စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ယနေ့နံနက် ၉ နာရီက မြို့နယ်အတွင်း မီးဘေးကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးစည်သူမျိုး ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်များက မေခါဝီလမ်းမကြီးရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် စက်သုံးဆီအရောင်းဆိုင်တာဝန်ရှိသူများအား မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ စနစ်တကျထားရှိရေး၊ မီးသတ်ဆေးဘူးများ စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရေး၊ ရေကန်နှင့်ရေစင်များကို ရေအပြည့်ဖြည့်တင်းထားရှိရေးတို့ကို အသိပညာပေး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



## ဂျပန်ပညာရေးပွဲတော်ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ဂျပန်နိုင်ငံသို့ သွားရောက်ပညာသင်ကြားလိုသူများအတွက် ဖေဖော်ဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်း လမ်းဆုံမီးပွိုင့်အနီးရှိ M-Tower (၁၈) လွှာ၌ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ဂျပန်ပညာရေးပြပွဲကို ကျင်းပမည်ဖြစ်ရာ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ လူငယ်များနှင့် စိတ်ပါဝင်စားသူများ အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။

ပညာတော်သင် ထောက်ပံ့ကြေးရယူလိုသည့် ကျောင်းသား ကျောင်းသူများအတွက် MAJA (Myanmar Association of Japan Alumni)၊ OJEIC (Okayama University Japan Education Information Center, Myanmar) နှင့် Myanmar Japan Center (MJC) အဖွဲ့အစည်းတို့က နှစ်စဉ်ပေးအပ်လေ့ရှိသော Scholarship Program များ၊ စာပေပြိုင်ပွဲများကိုလည်း ပြပွဲတွင် လာရောက်ပြောကြားပေးမည်ဖြစ်သည်။

ဂျပန်နိုင်ငံသို့ သွားရောက်ပညာသင်ကြားလိုသည့် ကျောင်းသား ကျောင်းသူများအတွက် ဆွေးနွေးတိုင်ပင်ခြင်းများ ပြုလုပ်နိုင်ပြီး ဂျပန်ပညာရေးပွဲတွင်ပါဝင်သည့် ကျောင်းများမှလည်း တစ်နှစ်စာကုန်ကျစရိတ်နှင့်အတူ သင်ကြားနိုင်မည့် ဘာသာရပ်များကို ရှင်းပြပေးသွားမည်ဖြစ်သည်။

ဂျပန်ပညာရေးပြပွဲတွင် (Okayama University, Chiba University, Niigata University, Kanazawa University, Nagasaki University, Kumamoto University)၊ The Japan Foundation, Yangon၊ Kyoto University of Advanced Science (Kyoto)၊ Oberlin University၊ University of Marketing and Distribution Sciences၊ Tama University၊ Yu Language Group (Hokkaido, Tokyo, Osaka) တို့ပါဝင်ပြီး ဂျပန်နိုင်ငံရှိ တက္ကသိုလ်အားလုံးနှင့်ပတ်သက်သည့် အချက်အလက်များကိုလည်း မေးမြန်းဆွေးနွေးနိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

## ဖြူးမြို့နယ်၌ နှမ်းစပါး ၁၇၃၈၉ ဧက စိုက်ပျိုးရန်လျာထားပြီး မျိုးစေ့ချကိရိယာဖြင့် ၈၇၃၄ ဧက စိုက်ပျိုးနိုင်ရေးဆောင်ရွက်

**ဖြူး ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း နွေစပါး ၁၇၃၈၉ ဧက စိုက်ပျိုးရန် လျာထားပြီး မျိုးစေ့ချကိရိယာဖြင့် စိုက်နည်းစနစ်ဖြင့် ပိုမိုစိုက်ပျိုးနိုင်ရေး ဆောင်ရွက်မည်ဖြစ်သည်။



ဖြူးမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရာတွင် ရေရရှိရေး ဆည်/ကန်ရေ၊ ချောင်းပိတ်ရေ၊ အင်းအိုင်ရေများဖြင့် ရယူပြီး စိုက်နည်းစနစ်များအနေဖြင့် မျိုးစေ့ချကိရိယာစိုက်နည်းဖြင့် ၈၇၃၄ ဧက၊ ပျိုးထောင်စိုက်နည်းဖြင့် ၇၁၆၈ ဧက၊ လက်ဆွဲကောက်စိုက်စက်စိုက်နည်းဖြင့် ဧက ၁၁၃၀၊ ပေါင်ပျိုးစိုက်နည်းဖြင့် ၃၅၇ ဧက စိုက်ပျိုးမည်ဖြစ်သည်။

ထို့ပြင် ဒေသအတွင်း နွေစပါးအနေဖြင့် အဓိကစိုက်ပျိုးသော စပါးမျိုးကွဲများမှာ ဆင်းသုခမျိုး၊ ရက် ၉၀ မျိုး၊ နံ့ကောက်မျိုး၊ ရတနာတိုးမျိုး၊ ဗီယက်နမ်မျိုး၊ ရေဆင်းပေါ်ဆန်း၂၊ အောင်နိုင်တိုးမျိုးများဖြစ်ပြီး လက်ရှိတွင် ၉၃၄၇ ဧကခန့် စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ကျွန်းလှမြို့နယ်၌ ပဲစင်းငုံသီးနှံ ၁၁၅၄၄ ဧကရိတ်သိမ်းပြီး တင်း ၁၆၃၀၀၀ ကျော်ထွက်ရှိ

**ကျွန်းလှ ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးခဲ့သော ပဲစင်းငုံသီးနှံ ၁၁၅၄၄ ဧက ရိတ်သိမ်းပြီး တင်း ၁၆၃၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။



အဆိုပါ ပဲစင်းငုံသီးနှံစိုက်ပျိုးသော တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသရာသီဥတုနှင့် ကိုက်ညီပြီး ရောဂါပိုးမွှားဒဏ် ခံနိုင်ရည်ရှိသည့် ဈေးကွက်ဝင် အထွက်ကောင်း မျိုးရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ် မှန်ကန်ရေး ပညာပေးခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသည်။

ကျွန်းလှမြို့နယ်၌ သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံသီးနှံ စိုက်ပျိုးရန် ၁၁၅၄၁ ဧက လျာထားပြီး ၁၁၅၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## တာချီလိတ်မြို့၌ မူးယစ်ဆေးဖြတ်ပြီးသူများ စခန်းအခြေပြုပြန်လည်ထူထောင်ရေး သင်တန်းဖွင့်

**တာချီလိတ် ဖေဖော်ဝါရီ ၂၀**

ပြန်လည် ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၆)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ပြန်လည်ထူထောင်ရေးစခန်း၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံးက အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့မိဖြို့ဖ ဥက္ကဋ္ဌ ဦးထွန်းနေဦး၊ မြို့မီးလင်းရေးကော်မတီအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဌေးတို့က သင်တန်းသားများအတွက် အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသားများက လက်ခံရယူသည်။

အဆိုပါ သင်တန်းတွင် မူးယစ်ဆေးဖြတ်ပြီးသူ သင်တန်းသား ၂၀ အား စိတ်ပိုင်းဆိုင်ရာ ပြုစုပျိုးထောင်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ခြင်း၊ အားကစားလှုပ်ရှားမှုများနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်တန်းကာလ ၈၅ ရက်ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ဇေယျာလင်း(ပြန်/ဆက်)**

## ကော့မှူးမြို့နယ် မှော်တောကျေးရွာ၌ ဆေးစိမ်ခြင်ထောင်များ ပေးအပ်

**ကော့မှူး ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မှော်တောကျေးရွာ၌ ငှက်ဖျားဖြစ်နိုင်ခြေရှိသော မိသားစုများ၊ အသက်ငါးနှစ်အောက်ရှိသော မိသားစုဝင်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ အသက် ၆၀ နှင့် အထက်ရှိသော မိသားစုဝင်များအား ဖေဖော်ဝါရီ ၁၉ ရက်က ကျန်းမာရေးအသိပညာပေးခြင်းနှင့် ဆေးစိမ်ခြင်ထောင်များပေးခြင်းကို မှော်တောကျေးရွာ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးအဆင့်(၁) ဦးစိုးဝင်းထွန်းက ငှက်ဖျားရောဂါဖြစ်ပွားစေနိုင်သော အကြောင်းရင်းများ၊ ရောဂါသွင်ပြင်လက္ခဏာများ၊ ငှက်ဖျားရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် ပြုမူနေထိုင်ရှောင်ရှားသင့်သည်များကို အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသော ကျေးရွာသူ ကျေးရွာသားများအား ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် အခမဲ့ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်းများကို ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**

## စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ လူငယ်နှင့် မြန်မာ့ယဉ်ကျေးမှုအကြောင်း အသိပညာပေးဆွေးနွေး

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ လူငယ်နှင့် မြန်မာ့ယဉ်ကျေးမှုအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွေရည်ကိုက လူငယ်နှင့် မြန်မာ့ယဉ်ကျေးမှုအကြောင်း အသိပညာပေး ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ဒုတိယဦးစီးမှူး ဒေါ်ဇာဖြူထွန်းက ယဉ်ကျေးမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ လူငယ်များ သိရှိလိုက်နာဆောင်ရွက်သင့်သည့် မြန်မာ့ယဉ်ကျေးမှုနှင့် လျော်ညီသော ဝတ်စားဆင်ယင်မှုများ၊ နေထိုင်စားသောက်မှုများ၊ ပြုမူဆက်ဆံမှုများနှင့် စာပေလေ့လာဖတ်ရှုခြင်းသည် မြန်မာလူမျိုးများ၏ ယဉ်ကျေးမှု အုတ်မြစ်တစ်ခုဖြစ်ကြောင်း စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။

**အေးငြိမ်းစံ(ပြန်/ဆက်)**



## ဇေယျာဝတီမြို့၌ ငှက်ဖျားရောဂါဆိုင်ရာ အသိပညာပေး၍ ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေ

**ဖြူး ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း ငှက်ဖျားရောဂါ ကူးစက်ပျံ့နှံ့မှု ပပျောက်နှိမ်နင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၉ ရက်က ဇေယျာဝတီမြို့ ပြောင်သေကျေးရွာနေ ပြည်သူများအား ငှက်ဖျားရောဂါဆိုင်ရာ အသိပညာပေး၍ ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေခြင်းများ ဆောင်ရွက်သည်။

ဦးစွာ ဖြူးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးဇော်လင်းမောင်နှင့် ကျန်းမာရေးဝန်ထမ်းများက တက်ရောက် လာကြသည့် ကျေးရွာနေ ပြည်သူများအား ငှက်ဖျားရောဂါ သွေးဖောက်စစ်ဆေးခြင်း၊ ငှက်ဖျားရောဂါအန္တရာယ် ကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေး၍ အိမ်ထောင်စု ၈၆ စုအတွက် တာရှည်ခံဆေးစိမ်ခြင်ထောင်များ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



## နတ်မောက်မြို့နယ်၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်

**နတ်မောက် ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ဦးစီးကြီးကြပ်မှုဖြင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်သော ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်း ကျေးရွာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က နတ်မောက်မြို့နယ် အင်းကုန်း(တောင်ရွာ)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက SMU ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူး ရန်နိုင်စိုးနှင့် တာဝန်ရှိသူများက ရွာလယ်ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျေးရွာအတွင်း ရွာလယ်လမ်း ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်ရာ လမ်းအရှည် ပေ၇၈၀၊ အကျယ် ၁၂ ပေနှင့် ဒု ခြောက်လက်မ ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းရန်ပုံငွေကျပ် ၁၂၆ သိန်းနှင့် ကျေးရွာထည့်ဝင်ငွေကျပ် သိန်း ၈၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **လှဝင်း**

## ချောက်မြို့၌ လူငယ်နှင့်မူးယစ်အန္တရာယ် အသိပညာပေး

**ချောက် ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ချောက်မြို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ လူငယ်နှင့်မူးယစ်အန္တရာယ် အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ပြုလုပ်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်ဝါနှင့် ဒုတိယဦးစီးမှူး ဒေါ်ခင်ချိုချိုဝင်းတို့က မူးယစ်ဆေးဝါး၏အဓိပ္ပာယ်၊ မူးယစ်ဆေးဝါး၏ သမိုင်းကြောင်း၊ မူးယစ်ဆေးသုံးစွဲရခြင်း၏ အကြောင်းရင်းများ၊ မူးယစ်ဆေးဝါးသုံးစွဲသူဘဝ မရောက်ရှိစေရန် လူငယ်များသိရှိလိုက်နာသင့်သည့် အချက်များနှင့် မူးယစ်ဆေးဝါးပြဿနာသည် လူ့အသိုင်းအဝိုင်းတစ်ခုအတွင်း ထိခိုက်ခြင်းသာမကနိုင်ငံတစ်ခုချင်းစီ၏ တည်ငြိမ်အေးချမ်းမှုကိုပါ ထိခိုက်စေနိုင်သည့်အတွက် ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းလက်တွဲ၍ အမျိုးသားရေးအသွင်ဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြရမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များကို လူညွန့်တုံးစေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို စုပေါင်းပြီး နှိမ်နင်းကြရမည်ဖြစ်ကြောင်း အသိပညာပေးဆွေးနွေးခဲ့သည်။ **ကျော်မိုး(ပြန်/ဆက်)**

## တီးတိန်မြို့၌ (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပ



**တီးတိန် ဖေဖော်ဝါရီ ၂၀**

ချင်းပြည်နယ် တီးတိန်မြို့၌ (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဦးထောင်းဇခုပ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ လိုင်ပီအန်ယဉ်ကျေးမှုအဖွဲ့က အခမ်းအနားကို တံပိုးမှုတ် ဖွင့်လှစ်ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တီးတိန်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက ဖတ်ကြားပြီး သဘာပတိအဖွဲ့ဥက္ကဋ္ဌက ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

တီးတိန်မြို့၌ (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့အား ရိုးရာသီချင်းများ ရိုးရာအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တာလေမြို့၌ (၇၈) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပ

**တာလေ ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့၌ (၇၈)နှစ်မြောက် ချင်းအမျိုးသား



နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက နားယောင်းကျေးရွာအုပ်စု နောင်မွန်းကျေးရွာ၌ ကျင်းပသည်။

ဦးစွာ တာလေမြို့ နယ်မြေခံတပ်နယ်မှူးက အမှာစကားပြောကြားပြီး တာလေမြို့ ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးပါထန်က ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် နားယောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ထန်က ချင်းအမျိုးသားနေ့အခမ်းအနားနှင့် ပတ်သက်၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ချင်းတိုင်းရင်းသူ တိုင်းရင်းသားများက ချင်းရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

## ဖယ်ခုံမြို့၌ နွေရာသီအားကစား သင်တန်းများဖွင့်လှစ်

**ဖယ်ခုံ ဖေဖော်ဝါရီ ၂၀**



ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက နွေရာသီအားကစားသင်တန်းများကို ဖယ်ခုံမြို့နယ် ညောင်ကုန်း ရပ်ကွက် အထက(၁) ကျောင်းရှေ့ရှိ အားကစားကွင်း၌ ဖွင့်လှစ်ပေးလျက်ရှိသည်။

နွေရာသီအားကစားသင်တန်းများတွင် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်းနှင့် ကြက်တောင်ရိုက်တို့ဖြစ်ပြီး မြို့နယ်အားကာမှူး ဒေါ်ဂျက်စတင်းက နည်းပြအဖြစ် တာဝန်ယူထားသည့်ဘောလုံးအားကစားနည်းတွင် သင်တန်းသား ၄၀၊ နည်းပြ ဦးမိုးဒီ တာဝန်ယူသည့် ဘော်လီဘော အားကစားတွင် သင်တန်းသူ သင်တန်းသား ၂၅ ဦး၊ နည်းပြ ဦးဘဦး တာဝန်ယူသည့် ပြေးခုန်ပစ်အားကစားတွင် သင်တန်းသား သင်တန်းသူ ၃၀၊ နည်းပြ ကိုခန့် တာဝန်ယူသော ပိုက်ကျော်ခြင်း အားကစားတွင် သင်တန်းသား ၂၅ ဦးနှင့် နည်းပြ ဦးမောင်ပေါလ် တာဝန်ယူသော ကြက်တောင်ရိုက်အားကစားတွင် သင်တန်းသား သင်တန်းသူ ၃၀ တို့ဖြင့် ဖေဖော်ဝါရီ ၁၃ ရက်မှ စတင်ဖွင့်လှစ်ပေးနေခြင်း ဖြစ်သည်။

အဆိုပါနွေရာသီ အားကစားသင်တန်းကာလကို ဖေဖော်ဝါရီ ၁၃ ရက်မှ မတ် ၅ ရက်အထိ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းမြို့၌ ငါး၊ ပုစွန် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်း သင်တန်းဖွင့်

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းသင်တန်းကျောင်းမှ



ကြီးမှူး၍ ငါး၊ ပုစွန် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်း သင်တန်းကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းရုံး၌ ဖွင့်လှစ်သည်။

သင်တန်းတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း(စစ်ကိုင်း)ရုံးခွဲမန်နေဂျာ ဒေါ်သီတာမျိုးထွန်းက အမှာစကားပြောကြားပြီး ငါးလုပ်ငန်းသင်တန်းကျောင်းတာဝန်ခံ ဒေါ်စိုးစိုးနွယ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ငါးအသားလုံး၊ ပုစွန်အသားလုံးပြုလုပ်နည်း၊ ငါးချဉ်ပြုလုပ်နည်း၊ ငါးကြေးခွံဖြင့် ပန်းပွင့်ပုံဖော်နည်းများကို စာတွေ့၊ လက်တွေ့ နှစ်ရက်ပို့ချမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## မလှိုင်မြို့နယ်ရုံး ကလေးစာဖတ်ခန်း၌ စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**မလှိုင် ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်း၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ပြုလုပ်သည်။

ဦးစွာ ဦးစီးအရာရှိ ဦးဇော်မင်းက လူငယ်လူရွယ်များအနေဖြင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရေး၊ စာပေဖတ်ရှုခြင်းမှ အသိပညာဗဟုသုတများ ရရှိလာမည့် အသိပညာများကို နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ထောင့်တစ်နေရာမှ တာဝန်ယူနိုင်မည်ဖြစ်ကြောင်း၊ စာပေဖတ်ရှုရာတွင်လည်း အသိပညာများရရှိစေမည့် စာအုပ်စာပေများကိုသာ ရွေးချယ်ဖတ်ရှုရမည်ဖြစ်ကြောင်း၊ ယခုလို စာဖတ်စွမ်းရည်ပြိုင်ပွဲကို ကျင်းပပေးရသည့်အတွက် ကျောင်းသားလူငယ်များအနေဖြင့် ဗလငါးတန်နှင့်ပြည့်စုံပြီး လူကောင်းလူတော်များ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားကာ ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ပြိုင်ပွဲလာရောက်ကြသည့် ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်နှင့် ခဲတံများ ဝေငှပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေသွေးဂျာနယ်




**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြန်ကြားရေး ဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂၁-၂-၂၀၂၆ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၈)၊ အမှတ် (၈) တွင်** စက်ဘီးစီး၍ ဒဏ်ရာရသွားသော ပုပုကို သူငယ်ချင်းများက မုန့်နှင့် အားပေးစကားလာရောက်ပြောသည့်အခါ မိမိအမှားကို သိ၍ သူငယ်ချင်းများအပေါ် အနိုင်ယူခဲ့မိသည်ကို နောင်တရသွားသည့် အကြောင်း သရုပ်ဖော်ထားသည့် “ပုပုပါဝင်သည့် အနိုင်မယူချင်တော့ပါ” မျက်နှာဖုံးကာတွန်း၊ ဥသြငှက်အကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် “အခြားငှက်များ၏ အသိုက်တွင် ဥ ဥတတ်သောငှက်” သုတ ဆောင်းပါးကဏ္ဍ၊သူငယ်ချင်းများအပေါ် အနိုင်ကျင့်သည့် လင်းထက်အကြောင်း သရုပ်ဖော်ထားသည့် “ဖြိုးရဲနှင့် ညီလင်းထက်” နှစ်မျက်နှာကာတွန်း၊ တိရစ္ဆာန်တွေအပေါ် အနိုင်ကျင့်ပြီး ဖမ်းစားလေ့ရှိသော မိကျောင်း၏ လျှာကို ယုန်ပညာရှိက ဖြတ်လိုက်သည့်အကြောင်း ရေးသားထားသည့် “ကြောင်လျှာသီး” ပုံပြင်ကဏ္ဍ၊ ကလေးတို့စိတ်ကြိုက်အရောင်လေးများ ခြယ်သနိုင်မည့် “ဆေးရောင်လှလှခြယ်ကြရအောင်” ဥာဏ်စမ်းကဏ္ဍ၊ ကျောင်းသားဆိုလျှင် ကျောင်းသားအလုပ်လုပ်ကြရမည်ဖြစ်ကြောင်း ညီပုက နီကြောင်အား ရှင်းပြထားသည်ကို သရုပ်ဖော်ထားသည့် “ညီပု” တစ်မျက်နှာကာတွန်း၊ ချက်ပု ကျက်နေသော ပထဝီဝင်ဘာသာရပ်ကို မြေပုံနှင့်တကွ စာသားများကို ရှင်းပြပေးသည့် ချက်ပု၏ ဖခင်အကြောင်းကို ရေးသားထားသည့် “အဖေက ဆရာပါ” ဝတ္ထုကဏ္ဍ၊ သားဖော်က သူ့အရုပ်ရထားလေးကို ပျက်စီးအောင် လုပ်မိသည့် ခွေးလေးကို စိတ်ဆိုးသွားသည့်အကြောင်း သရုပ်ဖော်ထားသည့် “ဘယ်လိုဖြစ်သွားပါလိမ့်” နှစ်မျက်နှာ ကာတွန်း၊ မိဘများသည် သားသမီးများအပေါ်တွင် အသက်ကိုပေးကာ ဆရာများက တပည့်များအပေါ် အနာဂတ်ကို ပေးပုံနှင့် လူငယ်များသည် နည်းပညာများ ရှာဖွေသင့်ပုံအကြောင်း ရေးဖွဲ့ထားသည့် “အနာဂတ်မှာ” ကဗျာကဏ္ဍ အပါအဝင် အင်္ဂလိပ်စာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

**သတင်းစဉ်**



## ဖြူးမြို့နယ်၌ မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေး

**ဖြူး ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးများအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ခန်းမ၌ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရာတွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ အဆုတ်ရောဂါ၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ(ဘီ)- ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်၊ဂျိုက်သိုး၊ ပိုလီယိုအကြောသေ၊ ဗီတာမင်အေနှင့် သန်ချဆေးများ အသက်အပိုင်းအခြားအလိုက် ထိုးနှံခြင်း၊ တိုက်ကျွေးပေးခြင်းများကို ဆောင်ရွက်ပေးသည်။

ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းကို အပတ်စဉ် သောကြာနေ့တိုင်း ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာအလိုက်အဖွဲ့ခွဲ၍ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး အိန္ဒိယနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့က ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်း လောင်းကစားမှု၊ အွန်လိုင်း လိမ်လည်မှုအပါအဝင် ဒုစရိုက်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်အတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အိန္ဒိယနိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

**ညှိနှိုင်းဆောင်ရွက်**

အဆိုပါ အိန္ဒိယနိုင်ငံသားကို သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံး ပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# “ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ” မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်စေရန် ရည်ရွယ်ချက်များနှင့် သဘင်ပညာရှင်များ၏ အနုပညာရသ စွမ်းရည်များ ဖော်ထုတ်ပြသမည့် “ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ ” အစီအစဉ် ဆန်းသစ်တင်ဆက်မှုကို အပတ်စဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့် ပြသလျက်ရှိသည်။

“ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ” အစီအစဉ်တွင် “ကလျာဏ ဇာတ်တော်” ကို ဖော်ပြထားသည့် “ကောင်းသောအသံကို မကွယ်စေတတ်သော နိမိတ်” အပိုင်း(၁) ကို နန်းတော်ရှေ့ ဆရာတင်၏မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး အောင်ရေချမ်း၊ သဲဆုဇော်၊ ထက်မြတ်အောင်၊ ရန်ရှင်းမောင်၊ ပန်းကဗျာ၊ အောင်သွေးသစ်၊ လင်းမြတ်အောင်၊ ပန်းအိစံ၊ ပိုးပိုးအိမ်နှင့် ရွှေနန်းသဘင်အဖွဲ့သားများ ပါဝင်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်အပိုင်း(၁)ကို MRTV-HD Channel မှ ဖေဖော်ဝါရီ ၂၁ ရက် စနေနေ့ ည ၉ နာရီတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့ ည ၉ နာရီတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးရွာ ၁၁ ရွာ အကျိုးပြုမည့် ထိန်ပင်-အောင်ကန်သာလမ်းနှင့် ဇိုက္ကရဲ-အောင်ကန်သာလမ်း ကွန်ကရစ်ခင်းခြင်း ရာနှုန်းပြည့်ပြီးစီး

**မော်လမြိုင် ဖေဖော်ဝါရီ ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၂၅၁ ဒသမ ၆၀၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော မွန်ပြည်နယ် သထုံမြို့နယ် ထိန်ပင်-အောင်ကန်သာလမ်း ၀/၃ မိုင်နှင့် ဇိုက္ကရဲ-အောင်ကန်သာလမ်း ၀/၃ မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းများ ဆောင်ရွက်ပေးခြင်းကြောင့် သထုံမြို့နယ် ထိန်ပင်၊ ဇိုက္ကရဲ၊ အောင်ကန်သာ၊ သုံးအိမ်စု၊ မရမ်းကုန်း၊ ဆိတ်ကျွန်း၊ ကတိုက်ကြီး၊ ကတိုက်ကလေး၊ တောကြီး၊ သောင်ကြီး၊ ဘုဒင်းချောင် စသည့်ကျေးရွာ ၁၁ ရွာတို့မှ လူဦးရေ ၂၇၈၄၀ အား အကျိုးပြုပြီး လမ်းပန်းဆက်သွယ်ရေးအတွက်သာမက လယ်ယာထွက်ကုန်များ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ကုန်ထုတ်လမ်းအဖြစ်ပါ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းသင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပရာ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေအထောက်အကူပေးရေးအဖွဲ့ အဖွဲ့ဝင်၊



ပြန်လည်ထူထောင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီ အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်သန်းလွင်က ကျေးဇူးတင်စကားပြောကြားပြီးနောက် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ အဆိုပါ သင်တန်းကို သင်တန်းသား သင်တန်းသူ ၁၀၄ ဦးဖြင့် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၁ ရက်အထိ နှစ်ရက်ကြာဖွင့်လှစ်မည်ဖြစ်ပြီး ယင်းမြို့နယ်အတွင်းနေထိုင်သည့် မသန်စွမ်းသူများမှ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် လိုအပ်သည့်အထောက်အထားများနှင့်အတူ ပူးတွဲ၍ မသန်စွမ်းမှတ်ပုံတင်ကတ်များ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

**မြင့်မြင့်ရီ**

# စဉ့်ကိုင်မြို့နယ်၌ နွေသီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးစေ့များ၊ မြေဩဇာများ ထောက်ပံ့ပေးအပ်

**စဉ့်ကိုင် ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ (SMU) ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် စိုက်ပျိုးမည့် နွေသီးနှံများ၊ ပိုက်ဆံလျှော်များ၊ ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများအား တောင်သူများထံသို့ ထောက်ပံ့ပေးအပ်ခြင်းနှင့် နည်းပညာဆွေးနွေးပွဲကို စော်ရဲကျေးရွာ (SMU)ခန်းမတွင် ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲ၌ ကျောက်ဆည်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးဒေါ်ခင်ငြိမ်းထွေး၊ စဉ့်ကိုင်မြို့နယ်ဦးစီးမှူး ဦးသန်းဇော်နှင့် ခရိုင်/မြို့နယ် (SMS)များမှ နွေသီးနှံပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့် ပတ်သက်၍ မျိုး၊ မြေ၊ ရေ၊ နည်း နည်းပညာများအကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး တောင်သူများအား နွေစပါး၊ နွေနှမ်း၊ မိုးကြိုပဲတီစိမ်း၊ ပိုက်ဆံလျှော်သီးနှံများအတွက် မျိုးစေ့များ၊ ယူရီးယား ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို တောင်သူများထံသို့ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

**ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း အားလျော့သွားခဲ့ပြီးဖြစ်**

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက် များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားလျော့သွားခဲ့ပြီးဖြစ်သည်။

**မိုး/ဇလ**

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး။**

# မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာမည့် မြန်မာအမျိုးသား လေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ် တစ်စင်းအား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယုတ်မာပက်စက်စွာ FPV suicide drone များဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပျက်စီးစေရန်၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ စာသင်ကျောင်းများ၊ ဆေးရုံများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ရှေ့တိုက်ဒုံးများဖြင့် အဝေးမှ ပစ်ခတ်ခြင်း၊ Drone များ အသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဆောင်ရွက်လျက်ရှိသည့်အပြင် ဖေဖော်ဝါရီ ၁၂ ရက်က ချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ လေဆိပ်အား FPV Suicide Drone များ အသုံးပြု၍ တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ယနေ့ ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင်လည်း KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် စစ်ရေးနှင့် မသက်ဆိုင်သော အများပြည်သူ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသား လေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်တစ်စင်းသည် မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန်အတွက် ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေစဉ် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက FPV Suicide Drone များ အသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လေယာဉ်၏ ခေါင်းပိုင်း၊ ကိုယ်ထည် အလယ်ပိုင်းနှင့် နောက်မီးပိုင်းတို့တွင် ဗုံးစထိမှန်၍ အနည်းငယ်ပျက်စီးခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဘေးအန္တရာယ်ကင်းလွတ်ရာသို့ လိုအပ်သည်များ အမြန်ဆုံးရွှေ့ပြောင်းပေးခြင်းနှင့် ကူညီကယ်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ဖြစ်စဉ်တွင် ခရီးသွားပြည်သူများနှင့် လေယာဉ်အမှုထမ်းများ ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။



ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ အကြမ်းဖက် လုပ်ရပ်များအပေါ် ဒေသခံပြည်သူများအပြင် တစ်နိုင်ငံလုံးရှိ ပြည်သူများကပါ စက်ဆုတ်ရွံရှာစွာ ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထိရောက်ပြင်းထန်သည့် တုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



လေယာဉ်အား ဗုံးထိမှန်သည့်နေရာကို တွေ့ရစဉ်။

**သတင်းစဉ်**

# KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဖားဆောင်းမြို့နယ်ရှိ ပွန်ချောင်းတံတားအား ထပ်မံမိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ကယားပြည်နယ် ဖားဆောင်းမြို့နယ်ရှိ ပွန်ချောင်းတံတားအား ယနေ့ညနေပိုင်းတွင် ထပ်မံ၍ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့အား တပ်မတော် စစ်ကြောင်းများက ဖေဖော်ဝါရီ ၁၅ ရက်တွင် အပြီးတိုင် ပြန်လည်ထိန်းချုပ်ခဲ့ပြီး အဆိုပါ ဒေသတစ်ဝိုက်အား လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက် သောင်းကျန်းသူများကတပ်မတော် စစ်ကြောင်းများ ၎င်းတို့၏နောက်သို့ ထပ်ကြပ်လိုက်လံ ချေမှုန်း တိုက်ခိုက်ခြင်းများ မဆောင်ရွက်နိုင်စေရန်အတွက် ဒေသခံပြည်သူများ အားထားအသုံးပြုလျက်ရှိသည့် မယ်စဲ့မြို့နယ် ဖားဆောင်းမြို့အနီးရှိ သံလွင်တံတား (ဖားဆောင်း) အား ဖေဖော်ဝါရီ ၁၇ ရက်တွင် ဆင်ခြင်တုံတရားမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။



KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဖားဆောင်းမြို့နယ်ရှိ ပွန်ချောင်းတံတားအား ထပ်မံမိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။

ယနေ့ ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်း ၄ နာရီ ၃၀ မိနစ်ခန့်တွင်လည်း KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ဖားဆောင်းမြို့၏ အရှေ့မြောက်ဘက် မီတာ ၁၈၀၀ ခန့်အကွာ ဝမ်အောင်း-ချိုကွဲ့-စောင်းလော့ လမ်းကြောင်းပေါ်ရှိ အများပြည်သူအားထား အသုံးပြုလျက်ရှိသည့် သံကူကွန်ကရစ် အမျိုးအစား ပွန်ချောင်းတံတားအား ထပ်မံ၍ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတား၏ အရှေ့ဘက်ချဉ်းကပ်လမ်းနှင့် ကပ်လျက် တံတားတိုင်အမှတ်၊ K-2 မှ P-4 ထိ အရှည် ၆၅ ပေခန့် ကျိုးကျပျက်စီးသွားခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူ အဓိကသွားလာရာနှင့် ကုန်စည်များ စီးဆင်းရာတွင် အဓိကအားထားအသုံးပြုနေသော စစ်ရေး ပစ်မှတ်မဟုတ်သည့် လမ်း၊ တံတားများအား တစ်ခုပြီးတစ်ခု ဆင်ခြင်တုံတရားမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးနေသည့် KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများကို ကယားပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများသာမက နိုင်ငံတစ်ဝန်းရှိ ပြည်သူများကပါ ၎င်းတို့၏ အကြမ်းဖက် လုပ်ရပ်များအပေါ် ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရှိရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသတည်ငြိမ် အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။



KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဖားဆောင်းမြို့နယ်ရှိ ပွန်ချောင်းတံတားအား ထပ်မံမိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ (၀.၀၉၉၈ဧကေ)ရှိ မြေကွက်အမှတ်(ပ-၈၉)ကို အမည်ပေါက် ဦးအောင်ဘိုဘို ၁၀/ကမရ(နိုင်)၀၈၀၂၈၈ (ဘ) ဦးရဲစိန် မှ ဦးဖြိုးမင်းထက်(ခ)အေးမင်း၊ ၁/မညန(နိုင်)၀၉၅၅၈၃၊ ဒေါ်ကေခိုင်ဖြိုး ၁၂/ဒလန(နိုင်)၀၄၃၈၈၃ (ဘ) ဦးသိန်းဝင်း၊ ဦးဝင်းထိန် နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် AYY/3587, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းအောင် ၁၄/ကပန(နိုင်)၁၃၈၂၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 75W/85406,Luojia-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုနုလွင် ၁၄/ ကကထ(နိုင်) ၂၃၄၅၈၈ က ဖောင်းကြွနံပါတ်ပြား ပျောက် လာရောက် လျှောက် ထား လာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 75W/80220, TVS Wego 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မိုး ၂/လကန(နိုင်) ၀၁၇၄၀၆မှ ဖောင်းကြွနံပါတ်ပြား ပျောက် လာရောက် လျှောက်ထား လာပါသဖြင့် ကြော်ငြာပါသည့် ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

❂ *ကျောဖုံးမှ*

အမှတ်(၄) ရပ်ကွက်နေသူများဖြစ်သည့် မရီရွှင်ကြည်း(၂၀)နှစ်၊ ရဲဝင်းနိုင်(ခ)ရန်ကျုံးခံ (၂၀)နှစ်၊ လောက်ချိန်(၃၉)နှစ်နှင့် ပြင်ဦးလွင်မြို့နယ် ရေချမ်းအိုးကျေးရွာနေ အားစော(၃၃) နှစ်တို့ ငါးဦးကို စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၁၂ ဒသမ ၁၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၃၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၂၅၂ ဒသမ ၅ သိန်း)၊အက်တက်စီဆေးပြား ၂၀၀၀(တစ်ပြားလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၀၀၀)၊ HAPPY WATER ၄၇၅ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၈၀)၊ HAPPY WATER ရောစပ်ရာတွင် အသုံးပြုသည့် အရောင်အမှုန့် သုံးကီလို (တစ်ကီလိုလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၅ သိန်း)၊ ကက်တမင်းအရည် ၁၁၉၀ မီလီလီတာ (တစ်မီလီလီတာလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂၃ ဒသမ ၈ သိန်း)၊ ဘိန်းစာရွက်ပြုတ်ရည် ခြောက်လီတာ (တစ်လီတာလျှင်ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၂ သိန်း)၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၇၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၇၄၀) နှင့် ETHYL ALCHOL ခုနစ်လီတာ (တစ်လီတာလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၇၀၀၀၀) တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ယင်းနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါတိုက်ခန်းရှိအောင်နိုင်(ခ)အားကျီ (၂၆)နှစ် ငှားရမ်းနေထိုင်သည့် အခန်းအမှတ်(၅)အား ဆက်လက်ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မြဝတီမြို့ အမှတ်(၄)ရပ်ကွက်နေ မင်းသက်နိုင် (ခ) အားချိန်(၂၄)နှစ်၊ အောင်ကျော်နိုင်(ခ)ယောင်ချုံယု (၃၃)နှစ်၊ နေမင်းထွေး(ခ) အားကျယ် (၂၆)နှစ်နှင့် ရွှေကုက္ကိုကျေးရွာနေ အောင်မင်းသူ (ခ) ကျူးယုံအန်း (၂၄) နှစ်တို့ ငါးဦးကို စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ၅၀၀ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၀၀)၊ အိုက်စ် (မက်သ်အဖက်တမင်း) ၂၀၀ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀)၊ အက်တက်စီဆေးပြား ၅၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၅၀)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀၀)၊ ဘိန်းဆီခဲ ၅ ဒသမ ၈ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၅၈၀)နှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ အသီးသီးဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ ၁၀ ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လားရှိုးမြို့ ရပ်ကွက်(၈)နယ်မြေ(၁၃)တွင် နမ့်ပေါင်ကျေးရွာနေ သိန်းမောင်(၁၉)နှစ် မောင်းနှင်လာသော TOYOTA CROWN မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ၎င်းသယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၅၀) ကို ဖမ်းဆီးရမိသဖြင့် သိန်းမောင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ရေချိုးတာရေး နည်းလမ်းများ

- ❖ **အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။**
- ❖ **အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။**
- ❖ **ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ -၂၀
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆

| | | |
|---|---|---|
| ၁။ နန့်နေဇာလှိုင် | နှင့် | ၁။ ဦးစောထူးထူးဝါး |
| ၂။ နန့်စုစုလှိုင် | | ၂။ ဦးစောသိန်းတန် |
| | | ၃။ နော်မောရေမဟာဒေဝန် |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

အမှတ်- ၅၈၁၊ ခဝဲခြံ (၁) လမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (၂) တရားပြိုင် ဦးစောသိန်းတန် (၃) တရားပြိုင် နော်မောရေမဟာဒေဝန် (ယခုနေရပ်လိပ်စာမသိ) သူတို့သိစေရမည်။

သင့်အပေါ်၌၊ တရားလိုက ပဋိညာဉ်အတိုင်းမြေနှင့်အိမ်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ခုနှစ်၊ မတ်လ (၃) ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၁ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဦးလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၁၅၄)ရှိ တိုက်ခန်းအမှတ်(A4)တိုက်ခန်းအားရောင်းချသူဖြစ်သော ဒေါ်အေးမြတ်သန္တာ ၏ တရားဝင်ကိုယ်စားရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးကျော်မင်းဦး ၁၂/လသယ(နိုင်)၀၄၄၉၀၈ ထံမှဝယ်ယူရန် ကျွန်တော် ဦးဝင်းထက်ဖြိုး ၇/ပတတ(နိုင်)၁၅၄၅၇၄ သည်ရောင်းကြေးတန်ဖိုးသတ်မှတ်ငွေ၏တစ်ချို့အားပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့်ပိုင်ဆိုင်မှုအထောက်အထား ကိုင်ဆောင်၍ ကျွန်ုပ်ထံ (၇) ရက်အတွင်း လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဝင်းထက်ဖြိုး ၇/ပတတ(နိုင်)၂၅၄၅၇၄**
**ကင်မွန်းခြံလမ်း၊ ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့နယ်၊ ပြည်ခရိုင်၊**
**ပဲခူးတိုင်းဒေသကြီး။ ဖုန်း-၀၉၄၀၀၀၂၄၇၉၃**

## ကန့်ကွက်ရန်ရှိကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ကျွန်ုပ်အမှုသည်ဖြစ်သူ ဒေါ်နန်းမြသိန်း (၁၃/တကန(နိုင်)၀၇၆၇၄၇)၊ ဒေါ်နန်းမြဌေး (၁၃/တကန(နိုင်)၀၇၆၇၄၉) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

၂။ တောင်ကြီးမြို့ (က)အိမ်အမှတ် (၇)၊ ရေထွက်ဦးလမ်း၊ ရန်အောင်လမ်းသွယ်၊ နယ်မြေ (၉)၊ ဘုရားဖြူရပ်ကွက်၊ (ခ) အမှတ် (၄၃)၊ ရေထွက်ဦးလမ်း၊ နယ်မြေ (၉)၊ ဘုရားဖြူရပ်ကွက်၊ (ဂ) ခြံမြေကွက် (ဝါးရုံတော -၁)၊ (ဃ) ခြံမြေကွက် (ဝါးရုံတော - ၂)၊ ရေချောင်းဘေး၊ နယ်မြေ(၈)၊ ကျောက်တောင်လမ်း၊ ဘုရားဖြူရပ်ကွက်၊ (င)ဂနိုင်ဝန်းရွာအနီး၊ တောင်စောင်းခြံ၊ အရှေ့ဘက်တောင်ချွန်း၊ တောင်စောင်း၊ ဘုရားဖြူရပ်ကွက်တွင်ရှိသော မြေကွက်များသည် ကွယ်လွန်သူ မိခင်ဒေါ်နန်းပွဲ ၏ ကျန်ရှိသောအမွေဆိုင် ခြံမြေများဖြစ်ပါသည်။

၃။ အဆိုပါမြေကွက်အား အမွေခွဲဝေမှုမပြီးစီးသေးမီ ကာလပတ်လုံး မည်သူမဆို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်းနှင့် အမည်ပြောင်းလဲခြင်းများ မပြုလုပ်ကြပါရန် ကန့်ကွက်တားမြစ်အပ်ပါသည်။

၄။ အကယ်၍ ဤကန့်ကွက်မှုကိုကျော်၍ တစ်စုံတစ်ရာပြုလုပ် ဆောင်ရွက်ခဲ့ပါက သက်ဆိုင်သူများအား တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန့်ဇင်ထွန်း (LL.B)** | **ဒေါ်ဇင်ဝေလွင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၉၆၄၁)** | **(စဉ်-၁၉၄၇၀)** |
| **အမှတ် (ရ/၂၀၉)၊ သီတဂူလမ်း** | **အမှတ် (၃/၃၈၆)၊ မနော်ဟရီလမ်း၊** |
| **ရွှေတောင်ရပ်၊ တောင်ကြီးမြို့** | **မင်္ဂလာအောင်မြေ (၃) ရပ်ကွက်** |
| **ဖုန်း-09-779 331 279** | **ရွှေညောင်မြို့၊ ဖုန်း-09 - 678877797** |

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရ ပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း၊ ဘီလူးတွင် ပညာသင်ကြားနေကြသော Grade-11 မှ မသီတာဦး နှင့် Grade-7 မှ မခိုင်ဇင်မာတို့၏ ဖခင်အမည်မှန်မှာ ဦးဒေါင်းရွှေ ၅/ပလဘ(နိုင်)၀၅၁၉၂၆ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ် အမှန်ဖြစ်ကြောင်း

မွန်ပြည်နယ်၊ ဇင်းကျိုက်မြို့၊ ဖလပ်ရပ်ကွက်နေ (ဘ) ဦးအောင်ဇေယျ၏ (သား) မောင်စွမ်းထက်အောင် ၁၃/လရန(နိုင်)၂၄၇၁၅၆ ၏ မွေးသက္ကရာဇ် အမှန်မှာ ၁၇-၉-၂၀၀၅ ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဆင်ဇလုပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) Grade-11 မှ မဇွန်ဖူးဝေ ၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း (၇/ဒဥန(နိုင်)၂၅၇၂၇၄) ဖြစ်ပါကြောင်း။

**ဦးဇော်လင်း(၇/ဒဥန(နိုင်)၂၅၇၂၇၄)**

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ရွှေအင်ကြင်း အနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၄၂၄၀)၊ မြေဧရိယာ(၀.၀၈၂)ဧကရှိ ဒေါ်အေးလုံ (ဘ) ဦးစောမဟာ ၉/ မကန(နိုင်)၀၂၃၃၇၇ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်အေးလုံ မှ ဒေါ်ရွှေစင်ဖြိုး (ဘ) ဦးအောင်ကျော် ၈/ ခမန(နိုင်)၁၆၈၈၃၆ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြော်ငြာခြင်း

လားရှိုးခရိုင်အတွင်းရှိ မြို့မြေ၊ ရွာမြေများတွင် မြေငှားဂရန်နှင့် ဌာနဆိုင်ရာ မြေလွှဲလျှောက်ထားလာမှုများအပေါ် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲများစိစစ်ဆောင်ရွက်လျက်ရှိပါသည်။ သို့သော် အောက်ဖော်ပြပါ အမှုတွဲများသည် မမျှော်လင့်သော သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီး၊ ပျောက်ဆုံးမှုများဖြစ်ပေါ်ခဲ့ရသဖြင့် သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ အဆိုပါပျောက်ဆုံးပျက်စီးခဲ့သော မြေငှားဂရန်များအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် မြေငှားဂရန်လျှောက်ထားသူကိုယ်တိုင် သတင်းစာပါသည့်ရက်မှ ရက်ပေါင်း (၆၀) အတွင်း ဤရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်လာခြင်းမရှိပါက ၎င်းမြေငှားဂရန် အမှုတွဲများနှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးကြော်ငြာပါသည်-

| စဉ် | လျှောက်ထားသူ | အကွက်အမှတ် | ဦးပိုင် |
|---|---|---|---|
| ၁။ | ဒေါ်ရှောက်ဆီး | ၅/ဝန်တင်တပ်အရှေ့ | ၁၀၉ |
| ၂။ | ဒေါ်ရှောက်ဆီး | ၅/ဝန်တင်တပ်အရှေ့ | ၁၀၈ |
| ၃။ | ဦးလီယုံကွေးပါ(၅)ဦး | ဟော်လေးလုံးကွက်သစ် | ၁၈၇ |
| ၄ ။ | ဒေါ်ဒေါင်နန်း | ၁၁/ဇ-ဗျူဟာလမ်း | ၃၅ |
| ၅။ | ဒေါ်ခိုင်နှင်းဝေ | ၁+၇+၈ကျောက်တောင် | ၁၁၂၈ |
| ၆။ | ဒေါ်ခင်မာသီ | နမ့်ခိုက်တိုးချဲ့ | ၆၃၂ |
| ၇။ | ဒေါ်နှင်းနှင်းယု | စက်မှုလယ်ယာအရှေ့ | ၁၀၃/က |
| ၈။ | ဦးချိန်ချိန်း+ဦးကျားရွှင် | ထင်းရှူးမြိုင်တိုးချဲ့ | ၁၇၀ |
| ၉။ | ချစ်မေတ္တာဖောင်ဒေးရှင်း | ထင်းရှူးမြိုင်တိုးချဲ့ | ၁၆၄/င |
| ၁၀။ | ချစ်မေတ္တာဖောင်ဒေးရှင်း | နမ့်ခိုက်တိုးချဲ့ | ၁၁၇၉ |
| ၁၁။ | ချစ်မေတ္တာဖောင်ဒေးရှင်း | စက်မှုလယ်ယာအရှေ့ | ၁၉၄ |
| ၁၂။ | ဦးအောင်ခင်သိန်း | ၃၅/စာရေးကုန်းရပ် | ၂၁ |
| ၁၃။ | ဦးလောဆန်(ခ) လောက်ဆန် | ၆၂-က/တရုတ်ဘုရားကျောင်း | ၁၇၇ |
| ၁၄။ | ဦးဒီရာ(ခ)အောင်ဝင်း | ၅၃/ပန်အုပ်ရပ် | ၃၉/ဃ |
| ၁၅။ | ဒေါ်အေးလင် | ၆၂-က/တရုတ်ဘုရားကျောင်း | ၁၄၂ |
| ၁၆။ | ဦးကျော်ကျော်လွင် | ၆၂/လွယ်ရိုးရပ် | ၁၈ |
| ၁၇။ | ဒေါ်ခင်စိန် | ၆၅-က/သစ်တောပျိုးခြံ | ၃၆၇/၅၄ |
| ၁၈။ | ဒေါ်နန်းလှအေး | အမက-၁၉ကျောင်းကွက် | ၁/၉၉ |
| ၁၉။ | ဦးသန်းဌေး | ၆၅-ဂ/ဟိန္ဒူဘုရားကျောင်း | ၂၉ |
| ၂၀။ | ဦးရန်ရှင်းဟော် | ၆၅-က/သစ်တောပျိုးခြံ | ၈၉ |
| ၂၁။ | ဒေါ်တင်တင်မြ | ၅၂/ဗမာရွာရပ် | ၅၃ |
| ၂၂။ | ဦးလင်ကျင်ကွေး | ၅+၆+၇တိုးချဲ့ | ၂၈/၉၆၆ |
| ၂၃။ | ဒေါ်ရီလူမာ | မန်အိုင်အရှေ့တိုးချဲ့ | ၁၈၀ |

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

## အသင်းသားစုံညီ အထူးအထွေထွေအစည်းအဝေး

## ဖိတ်ကြားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် အသင်းချုပ် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ ပြင်ဆင်ရန် မူကြမ်းရေးဆွဲပြုစုထားပြီး ဖြစ်ပါ၍ အဆိုပါမူကြမ်းအား အတည်ပြုနိုင်ရေးအတွက် အသင်းသားစုံညီ အထူးအထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**ကျင်းပမည့်နေ့ရက်** - ၂၀-၃-၂၀၂၆ ရက် (သောကြာနေ့)

**ကျင်းပမည့်အချိန်** - ၁၃:၀၀ နာရီ၊ (၁၂:၃၀ နာရီ နေရာယူပေးပါရန်)

**ကျင်းပမည့်နေရာ** - ကုန်သည်စက်မှုအသင်းချုပ်၊ ပထမထပ်၊ မင်္ဂလာခန်းမ၊ အမှတ် (၂၉) မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့။

သို့ဖြစ်ပါ၍ အသင်းချုပ်အသင်းသားများတက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း(မူကြမ်း)ကို ကြိုတင်ဖတ်ရှုလေ့လာနိုင်ရေးအတွက် ၂၀-၂-၂၀၂၆ ရက်တွင် အသင်းသားများထံ အီးမေးလ်ဖြင့် ဖြန့်ဝေပေးပို့ထားပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကုန်သည်စက်မှုအသင်းချုပ် Hotline phone ၀၉-၇၇၆၉၉၉၉၂၀၊ ၀၉ -၇၇၆၉၉၉၉၃၀၊ ၀၉-၇၇၆၉၉၉၉၄၀ သို့ မေးမြန်းနိုင်ပါသည်။

**ကုန်သည်စက်မှုအသင်းချုပ်**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဦးရာဇာဝင်းညွန့် | ပုသိမ် | အမှတ်(၁၃) | ၅၂ | M-၁၀၃၊ M-၁၀၄ | ၀.၂၂၅ | |
| ၂ | ဦးရာဇာဝင်းညွန့် | ပုသိမ် | အမှတ်(၁၃) | ၅၂ | M-၁၀၅၊ M-၁၀၆ | ၀.၁၉၄ | |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ကြို့ကုန်းအုပ်စု၊ သပြေကုန်းရွာနေ ဦးသိန်းဝင်း ၇/သကန(နိုင်)၀၀၀၅၅၂ ၏ ဖခင်အမည်မှာ ဦးသောင်းနှင့် ဦးမောင်သောင်း အမည်နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

**ဦးသိန်းဝင်း**
**၇/သကန(နိုင်)၀၀၀၅၅၂**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဇွန်မြို့နယ်၊ သပြေသာကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် အထွေထွေလုပ်သားတာဝန်ထမ်းဆောင်နေသော ဦးစိုးလွင် ၅/ ငဇန(နိုင်)၀၄၁၅၃၄၏ဖခင်အမည်မှန်မှာ ဦးဘိုချော ဖြစ်ပါကြောင်း။

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း

ကိုအောင်မင်းသူ ၉/မဟမ(နိုင်)၀၀၆၉၁၉နှင့် မယဉ်ယဉ်ချော ၁၀/ခဆန (နိုင်)၀၇၆၅၉၅တို့သည် အတူတကွ ပေါင်းသင်း နေထိုင်ကြရာမှ ယခုအချိန်တွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၁၁-၂-၂၀၂၆ ရက်၌ ဘားအံခရိုင် တရားရုံးတွင် အသိသက်သေများဖြင့် ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

ဤကဲ့သို့ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦးသည် စီးပွားရေး၊ လူမှုရေး ကိစ္စအဝဝတို့တွင် မည်သို့မျှ ပတ်သက်ဆက်နွယ်ကြခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုအောင်မင်းသူ** **မယဉ်ယဉ်ချော**
**၉/ မဟမ(နိုင်)၀၀၆၉၁၉** **၁၀/ ခဆန(နိုင်)၀၇၆၅၉၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### တရားမကျင့်ထုံး ဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀(၁)

### မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌

### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၅

ဦးခွန်လှသာ (တရားလို) နှင့် ဒေါ်ငွေခင် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်-၈၅၁၊ ရော (၁၆)လမ်း၊ (ည)ရပ်ကွက်နေ တရားပြိုင် ဒေါ်ငွေခင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်းအိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု" နှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၅ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားပြိုင်မှ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲမင်းထွန်း)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/ အကွက်အမှတ်(၈/ပဒေသာ)၊ ဦးပိုင်အမှတ် ၁၇၆၊ မြေဧရိယာ (၀ဒသမ ၁၁၀) ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်သီဂီလွင် ၁၃/လရန(ဧည့်)၀၀၀၅၆၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက် အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 80W/95393 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟင်္သာတမြို့)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့၊ ဈေး(၂)ရပ်ကွက်၊ ပုတီးကုန်းလမ်းနေ ဦးဝင်းနိုင်အောင် ၇/ပတတ(နိုင်)၀၉၄၄၁၃၏ ဖခင် ဦးပိုက်တင်(ခ) ဦးမြင့်အောင် ၇/ပတတ(နိုင်)၀၆၆၂၈၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးပိုက်တင် (ခ) ဦးမြင့်အောင်**

## ဖခင်အမည်မှန်

မြောင်းမြမြို့၊ လက်ပံကျေးရွာ အလက(ခွဲ)ကျောင်း G-7 တွင် ပညာသင်ကြားနေသော မခင်ထက်ထက်လွင်၏ ဖခင်အမည်မှန်မှာ ဦးသန်းမြင့်နိုင် ၁၄/မမန(နိုင်)၁၉၈၆၁၇ ဖြစ်ပါကြောင်း။

**ဦးသန်းမြင့်နိုင်**
**၁၄/မမန(နိုင်)၁၉၈၆၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နတ်လူထိပ္ပန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၆၈၄၊ ညောင်ကားယား)၊ ဦးပိုင်အမှတ်/ မြေကွက်အမှတ်(ချယ်ရီလမ်း-၂၅)၊ ဧရိယာ (၀.၁၈၃)ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ်၊ 19 VRP 2021-2022အရ (၁၈-၃-၁၉၉၆) မှ (၁၇-၃-၂၀၂၆)ထိ ဦးသိန်းဆု အမည်ဖြင့်နှစ်(၃၀)မြေငှားစာချုပ် ရရှိထားသောမြေအား ဦးသိန်းဆုအမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၆-၂-၂၀၂၆) ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန် စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/1272, Honda-C-90 Custom CMR ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးခိုင် ၉/မရမ(နိုင်)၀၀၂၂၉၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/89795, Zong Shan-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ခိုင် ၅/ဆလက(နိုင်)၀၅၉၅၉၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/37899, Honda Click-150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရှိုင်းလင်းအောင် ၉/ပကခ(နိုင်)၀၆၈၈၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ် (၂/ပဒေသာ) ဦးပိုင်အမှတ် ၂၃၊ မြေဧရိယာ (၀ဒသမ ၀၅၅) ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးဝင်းမြင့်ဦး ၉/အမဇ(နိုင်)၀၄၃၂၀၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ထန်းတောရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၆၇၀၊ ပိတောက်ပင်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၆၈-ခ)၊ ဧရိယာ(၀.၀၄၉)ဧကရှိ မြေအား မြို့မြေအမှုတွဲအမှတ် ၈၅/၁၉၉၆-၁၉၉၇အရ (၂၇-၂-၁၉၉၆) မှ (၂၆-၂-၂၀၂၆)ထိ ဦးမြင့်သိန်း အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ် ရရှိထားသောမြေအား ဦးမြင့်သိန်း အမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာ ကြိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာ ဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့် ၅-၂-၂၀၂၆ရက်မှ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး)ခွင့်ပြုမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပွဲန်တန်ဆာမြို့၊ မြို့မ (၁) ရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည် (၃၄၁က) ကြည်တောကွင်း၊ မြေကွက်အမှတ် (၃၈၊ ၂၅ဂ၊ ၂၆ဂ)၊ ဧရိယာ (၀.၃၃၀၅)ဧကအား ဒေါ်သန္တာလွင်အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားမှု ကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ ၇-၃-၂၀၂၆ ရက် မတိုင်မီ ဆိုင်ရာ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ညောင်လေးပင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဘုရင့်နောင်) ဦးအောင်ဇေယျ(၇)လမ်း၊ အမှတ်(၁၀၆၁/က)ဟုခေါ်တွင်သော၊ မြေဧရိယာ(၁၂၀၀)စတုရန်းပေရှိနှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်အရပ်အားလုံးတို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီးပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးလှမောင် (၁၃/သပန(နိုင်)၀၂၁၅၆၇) ထံသို့ ကျွန်တော် ဦးနန္ဒအောင် (၁၂/လသန(ဧည့်)၀၀၁၄၈၆) မှ အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍အဆိုပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်တော် ဦးနန္ဒအောင်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနန္ဒအောင် ဖုန်း-၀၉- ၄၃၁၈၄၀၉၃၊ ၀၉- ၅၁၆၆၄၆၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9K/9943, Toyota Landcruiser Prado KZJ 95, S/W(4X4)R ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝေ ၁၂/လမတ(နိုင်)၀၃၄၄၂၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/75834, Hsin Tien Li, Farm Truck ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူကျော် ၁၄/ ကကန(နိုင်)၁၂၂၇၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CD-32/7, LEXUS RX 350, S/W(4X4)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာစန်း ၁၂/ပဘတ(နိုင်)၀၂၅၇၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ ကနဦး ယာဉ်မှတ်ပုံတင်ဌာန(ထောက်ကြန့်)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၂/သမိုင်း)၊ မြေကွက်အမှတ်-(၂၄/က-၁၃.၅၊) ဧရိယာ-(၀. ၀၂၈)ဧကရှိ မြေပိုင်မြေ(မြို့မြေ) ကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်အေးအေးချို (၁၀/မဒန(နိုင်)၀၄၃၂၀၄) ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးနိုင်လင်းသိန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်ငြိမ်းဆွေ(LL.B)** **ဒေါ်မေဝင်းမော်(LL.B)**
**စဉ်-၁၁၄၄၅/၂၀၁၆** **စဉ်-၁၃၇၂၈/၂၀၁၇**

**တရားလွှတ်တော်ရှေ့နေများ**

အမှတ် (၄၀၅)၊ (၆) လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၀၂၉၃၇၃ ၊ ၀၉-၈၈၂၂၂၂၀၈၅၊ ၀၉-၄၄၈၀၂၀၀၄၃

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
# အနုပညာဦးစီးဌာန
# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိ သော အောက်ဖော်ပြပါရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | လစ်လပ် | အနိမ့်ဆုံးပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | ကျွမ်းကျင်(၂)(အဆိုအက/အတီးအမှုတ်) (လစာနှုန်း၊၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၂ နေရာ | ဝိဇ္ဇာဘွဲ့(ဂီတ/သဘင်)ရရှိပြီးသူ ။ |
| (ခ) | ဒုတိယနည်းပြ(အခြေခံပုံဆွဲ/ဆေးရောင်စုံပုံဆွဲ) (လစာနှုန်း၊၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | ၂နေရာ | ဝိဇ္ဇာဘွဲ့(ပန်းချီ)ရရှိပြီးသူ(သို့) အနုပညာအထက်တန်းကျောင်း(ပန်းချီ)ဆင်းပြီးသူ။ |
| (ဂ) | ဒုတိယနည်းပြ(ပန်းပု) (လစာနှုန်း၊၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | ၁ နေရာ | ဝိဇ္ဇာဘွဲ့(ပန်းပု)ရရှိပြီးသူ(သို့) အနုပညာအထက်တန်းကျောင်း(ပန်းပု)ဆင်းပြီးသူ။ |
| (ဃ) | ဒုတိယနည်းပြ(ကြိုးတပ်) (လစာနှုန်း၊၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | ၁ နေရာ | ဝိဇ္ဇာဘွဲ့(ဂီတ/သဘင်) ရရှိပြီးသူ (သို့) အနုပညာအထက်တန်းကျောင်း(ပန်တျာ)ဆင်းပြီးသူ။ |
| (င) | ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၃ နေရာ | ဘွဲ့တစ်ခုခုရရှိပြီးကွန်ပျူတာပညာရပ်ဆိုင်ရာအောင်လက်မှတ်ရရှိပြီးသူ။ |
| (စ) | ကျွမ်းကျင်(၄)(အဆိုအက/အတီးအမှုတ်) (လစာနှုန်း၊၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၉ နေရာ | ဝိဇ္ဇာဘွဲ့(ဂီတ/သဘင် ရရှိပြီးသူ (သို့မဟုတ်) အနုပညာအထက်တန်းကျောင်း(ပန်တျာ) ဆင်းပြီးသူ။ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(ဂ) ၁.၃.၂၀၂၆ ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်သူဖြစ်ရမည်၊

(ဃ) ဌာနတွင် အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးနိုင်ရမည်။ အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက လျော်ကြေးငွေ ၁၀၀၀၀၀၀ိ/-(ကျပ်တစ်ဆယ်သိန်း တိတိ)ကို ပေးလျော်ရမည်။

(င) အထက်အပိုဒ်(၁)အပိုဒ်ခွဲ(က)(ဃ)နှင့်(စ)ရာထူးအတွက် အနည်းဆုံးအရပ် ၅ ပေ ၂ လက်မရှိပြီး ရုပ်ရည်ချောမောလှပသူဖြစ်ရမည်၊

(စ) အထက်အပိုဒ်(၁) အပိုဒ်ခွဲ(ခ)(ဂ)နှင့်(ဃ)ရာထူးအတွက် ဒုတိယနည်းပြ (လစာ နှုန်း၊ ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) ရာထူးနေရာကို ကျောထောက်နောက်ခံပြု၍ (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူးနေရာတွင် ဦးစွာ ၆ လခန့်ထားပြီးနောက် (လစာနှုန်း၊ ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) ရာထူးနေရာသို့ ခန့်ထား မည်ဖြစ်ပါသည်။

၃။ လျှောက်လွှာကိုယ်ရေးရာဇဝင်အကျဉ်းတွင် အောက်ဖော်ပြပါအချက်များ ပြည့်စုံစွာ ဖော်ပြပါရှိရမည်-

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်

(ခ) မွေးသက္ကရာဇ်နှင့် အသက်

(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်း

(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ

(စ) အိမ်ထောင်ရှိ/မရှိ

(ဆ) လက်ရှိနေထိုင်သည့်နေရပ်လိပ်စာ၊ ဖုန်းနံပါတ်

(ဇ) အမြဲတမ်းနေရပ်လိပ်စာ(အပြည့်အစုံ)

၄။ လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူ၊ ဘွဲ့(သို့မဟုတ်) ယာယီဘွဲ့ ထောက်ခံစာမိတ္တူ၊ အနုပညာအထက်တန်းကျောင်း(ပန်တျာ/ပန်းချီ/ပန်းပု) သင်တန်းဆင်းအောင်လက်မှတ် (မိတ္တူမှန်ကန်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မိတ္တူမှန်ကန်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ (အပိုဒ်(၁)၊ အပိုဒ်ခွဲ(က) (ဃ)နှင့်(စ)တို့အတွက် အလှဓာတ်ပုံပါရမည်)

(ဃ) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (မိတ္တူမှန်ကန်ကြောင်း လက်မှတ်ရေးထိုးရန်)

(င) အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့်သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ တစ်လအတွင်းရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက် မူရင်းပါရှိရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း(Removal)၊ ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ၊

(ဆ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ တစ်လအတွင်းရယူထားသော ကျန်းမာကြောင်းဆေးထောက်ခံချက်မူရင်း၊

၅။ လျှောက်လွှာများကို အနုပညာဦးစီးဌာန၊ စီမံရေးရာဌာနခွဲရုံးခန်း၊ အနုပညာအထက်တန်းကျောင်း(ရန်ကုန်/ မန္တလေး)၊ ထုတ်လုပ်ဌာနစု(ရန်ကုန်/မန္တလေး) သို့ ၂၀.၃.၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်လျှောက်ထားရမည်ဖြစ်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထားများ မပြည့်စုံသူများကို လုံးဝ(လုံးဝ) ထည့်သွင်းလက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၆။ လက်တွေ့စစ်ဆေးခြင်းကို ၃၀.၃.၂၀၂၆ ရက်နေ့၊ နံနက်(၁၀၀၀) နာရီအချိန်တွင် ရုံးအမှတ် (၃၅)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးဇာတ်ရုံတွင် စစ်ဆေးသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အနုပညာဦးစီးဌာန၊ စီမံရေးရာဌာနခွဲ ဖုန်း၊၀၆၇၃-၄၀၈၀၃၄၊ ၀၆၇၃-၄၀၈၀၈၅၊ အနုပညာအထက်တန်းကျောင်း(ရန်ကုန်) ၀၁၉-၅၅၅၆၄၂၊ ထုတ်လုပ်ဌာနစု (ရန်ကုန်)၀၁၉-၅၅၇၀၄၉၊ အနုပညာအထက်တန်းကျောင်း(မန္တလေး)၀၂-၄၀၆၁၁၆၉၊ ထုတ်လုပ်ဌာနစု(မန္တလေး) ၀၉-၂၀၁၂၇၇၆ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အနုပညာဦးစီးဌာန**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာ Estalla Townhouse၊ Property No – ETH 579၊ Street Name – Stella Lane – 8၊ Land Area – 1235၊ Build–up–Area – 1277 ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးမြင့်အောင် (၁၂/ခရန(နိုင်)၀၀၀၂၆၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲမင်းထက်လတ် (၁၂/ဗတထ(နိုင်)၀၃၃၁၆၆)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းတို့အား ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်သည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို ဝယ်သူထံ အပြီးအပိုင်လက်ရောက်လွှဲပြောင်း ပေးအပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇာနည် (LL.B, DBL, DIPL) (စဉ်– ၁၄၆၆၈) တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း – ၀၉–၄၂၀၃၀၀၂၆၂**

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသူ ဦးဖြိုးဝေယံ(၅/စကန(နိုင်)၂၂၆၇၄၇)နှင့် ဒေါ်နမ့်မြတ်နိုးအေး (၁၄/ကပန (နိုင်)၂၂၂၃၂၆) တို့သည်၂၀၁၅ ခုနှစ်တွင် မြန်မာဓလေ့ထုံးတမ်းနှင့်အညီ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သားဖြစ်သူ မောင်အောင်ကောင်းမြတ် (၁၀) နှစ်ကို ထွန်းကားခဲ့ကြပါသည်။ ယခုအခါ ဦးဖြိုးဝေယံနှင့် ဒေါ်နမ့်မြတ်နိုးအေး တို့သည် ဆက်လက်ပေါင်းသင်းရန် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်တော့သဖြင့်လည်းကောင်း၊ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် ၂၀-၂-၂၀၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားခရိုင် တရားရုံးတော်၌ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် – ၁၀/၂၀၂၆ ဖြင့် ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးဖြိုးဝေယံနှင့် ဒေါ်နမ့်မြတ်နိုးအေး တို့သည် ကွာရှင်းပြီးသည့် အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် တစ်ဦး၏ လူမှုရေးကိစ္စများ၊ စီးပွားရေးကိစ္စများ၊ ပစ္စည်းဥစ္စာများတွင် ကျန်တစ်ဦးက သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နှစ်ဖက်သောမိတ်ဆွေအပေါင်းအသင်းများအနေဖြင့် စုံစမ်းမေးမြန်းခြင်းမပြုပါရန် ဤသတင်းစာ ကြေညာနှင့်အတူ အသိပေးအပ်ပါသည်။

**ဦးဖြိုးဝေယံနှင့် ဒေါ်နမ့်မြတ်နိုးအေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရည်မွန်ဇော်(LL.B) အထက်တန်းရှေ့နေ(စဉ်–၅၅၇၈၂)**
**အမှတ်–၂၊ အခန်း–၂၀၃၊ သုမင်္ဂလာလမ်း၊ သုမင်္ဂလာရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၉၄၀၈၁၈၀၀၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ(၁၁)လမ်းအလယ်၊ အိမ်အမှတ်–၃၁၈/ခ၊ တတိယထပ်၊ အခန်းအမှတ် (A–4)၊ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်လေးလေးစိုး (၁၂/သကတ(နိုင်)၁၄၃၄၂၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးသီဟကျော်စွာ (၁၂/မဂတ(နိုင်)၀၈၄၄၈၉)နှင့်ဒေါ်ဇင်ပန်းအိဖြူ(၁၂/ဥကတ(နိုင်)၀၀၀၈၂၄)တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်းခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စုစုခိုင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၅၅၃)**
**ဒေါ်ခင်စောသိန်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၂၈၆)**
**ဒေါ်သိမ့်သဥ္ဇလီ(LL.B,LL.M) အထက်တန်းရှေ့နေ (စဉ်–၅၆၈၈၇)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉ –၇၃၀၂၆၁၉၉၊ ၀၉ –၄၄၃၀၂၆၁၉၉**

## အသိပေးတောင်းဆိုကြေညာခြင်း

ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူ ဒေါ်သီရိနန္ဒာဝင်းနွဲ့ (၁၂/အစန(နိုင်)၁၉၅၅၄၉) ကိုယ်စား ကြေညာအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၉၊ တနင်္သာရီလမ်း၊ မြေကွက်အမှတ်–၆၆၂(က)၊ မြေအမျိုးအစား နှစ်(၆၀) မြေငှားဂရန်၊ ဧရိယာ(၀ ဒသမ ၀၂၇) ဧက (၁၂၀၀-စတုရန်းပေ)ရှိ မြေကွက်နှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ပြီး မြေကွက်အပြီးအပိုင် လွှဲပြောင်းရောင်းချခြင်း သဘောတူကတိစာချုပ်အရ လွှဲပြောင်းရောင်းချခဲ့သော ဒေါ်ကြည်ကြည်စန်း ၁၂/ဗဟန(နိုင်)၀၁၄၀၄၁ အနေဖြင့် ရောင်းသူ၏ကတိ တာဝန်နှင့်အညီ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အရောင်းမြေပုံကူးလျှောက်ထားခြင်းနှင့် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပေးရန် အသိပေးတောင်းဆိုအပ်ပါသည်။ ဤကြော်ငြာပါသည့် ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ဆောင်ရွက်ပေးစေလိုပါသည်။ ပျက်ကွက်ပါက ထိုမြေကွက်နှင့်စပ်လျဉ်း၍ ဝယ်ယူပိုင်ဆိုင်လက်ရှိထားစီမံခန့်ခွဲနေသော ဒေါ်သီရိနန္ဒာဝင်းနွဲ့ က သက်ဆိုင်ရာတရားရုံးတော်တွင် ဥပဒေနှင့်အညီ လျှောက်ထားဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမျိုးသိန်းဋွေး LL.B, D.B.L, D.I.L,D.M.L, D.I.PL**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၉၃၃)**
**အမှတ်–၁၆၂၊ ပထမထပ် (ယာ)၊ ၃၅–လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉–၄၂၀၂၆၉၄၇၂ ၊ ၀၉–၉၇၅၂၉၇၀၀၄**

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ အထက (၃) ကျောင်း၊ Grade–8 မှ မဖြူဖြူ၏ ဖခင် ဦးသန်းနိုင်၏ အမည်မှန်မှာ ဦးသန်းနိုင်လင်း ဖြစ်ပါကြောင်း။

**ဦးသန်းနိုင်လင်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/95301, Canda –125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းထွန်း ၈/မကန (နိုင်)၁၅၁၄၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## အများသိစေရန်ကြေညာခြင်း

မြစ်သားမြို့နယ်၊ ကူမဲမြို့ ကြို့ပင်ခြံကျေးရွာ ကွင်းအမှတ် (၅၀၄-၁)၊ကြို့ပင်ခြံတောင်၊ ဦးပိုင်အမှတ်(၅၂)၊ ဧရိယာ(၀.၀၄၄)ဧကရှိ မြေနေရာသည် ဦးဂျေမောင်မောင်အမည်ဖြင့် မြေငှားဂရန်ရရှိထားသော မြေကွက်ကို ဒေါ်သန်းသန်းဆွေမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးသည့်နောက် ယင်းဂရန်မူရင်းမှာ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားပါသဖြင့် ဂရန်မိတ္တူပြန်လျှောက်ရန်အတွက် (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်သန်းသန်းဆွေ**

**ဖုန်း–၀၉–၇၇၄၂၂၅၃၃၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ မြေကွက်အမှတ် (၁၇၆/ခ)ရှိ မြေဧရိယာ (ပေ၂၀xပေ၆၀)ရှိ ဦးဋွေးမောင် (၁၂/ကမရ(နိုင်)၀၃၀၈၂၀) အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်သည်ဟုဆိုသူ ဦးစိုင်းဝေယံဦး (၁၃/မဆတ(နိုင်)၀၅၉၆၃၈)ထံမှ ဦးဇော်ထိုက်(၉/ညဥန(နိုင်)၁၄၁၅၈၅)က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်တင်နီလာမျိုးထွန်း (LL.B) (တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၃၉၀၈)**
**အမှတ်(၇၂)၊ ခေမာသီလမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၂၆၃၉၉၈၈၃၆**

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၈၃၊ မြေကွက်အမှတ် ၃၆ ၊ ဦးသုလှ(TTA–078335) အမည်ပေါက် အကျယ်အဝန်း(ပေ၄၀xပေ၆၀)ရှိ ပါမစ်မြေကွက်အနက် တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော အကျယ်အဝန်း (ပေ ၂၀ x ပေ ၆၀) ခြေရင်းဘက်အခြမ်း၊ ပါမစ်ခြမ်းမြေကွက်အား ရောင်းချသူ ဒေါ်နှင်းဥကြည် ၁၂/ဒဂတ(နိုင်)၀၉၂၉၅၁ ထံမှ (၅-၁-၂၀၂၆) ရက်စွဲပါ နှစ်ဦးသဘောတူမြေကွက်အပြီးအပိုင် ရောင်းဝယ်ခြင်း ကတိစာချုပ်ဖြင့် ကျွန်တော် ဦးဇော်ကို ၁၂/ဗဟန(နိုင်)၀၉၉၃၅၀ က အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်လွှဲပြောင်းရယူခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဇော်ကို**

**ဖုန်း–၀၉– ၇၇၆၃၄၁၂၅၆**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA–III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ် (၁၂၆/၂၇၂-ခ)၊ မြေ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်နီနီမြင့် ၉/မနမ(နိုင်)၀၂၃၅၈၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ် (၅၀၂)၊ ဒေါနလမ်း၊ မြေအကျယ်အဝန်း (ပေ ၄၀ xပေ ၆၀ ) ဧရိယာစတုရန်းပေ(၂၄၀၀)ရှိ ဦးကျော်ဇောလင်း(၁၂/ဥကမ (နိုင်)၂၇၅၄၁၄) အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀) မြေအမျိုးအစား မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်များအားလုံးကို ဒေါ်ခင်ခင်ညို (၁၂/ကတန(နိုင်)၀၉၅၈၀၁)က တရားဝင်လက်ရှိ ပိုင်ဆိုင်ထားပါကြောင်း၊ စီမံခန့်ခွဲလွှဲပြောင်း ရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြု ပြောဆိုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါကခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ (၇ ) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးခွန်ရဲမာန် (LL.B),WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၁၅၁)**
**ဖုန်း – ၀၉–၄၃၀၈၉၄၆၆**

## ကန့်ကွက်နိုင်ပါကြောင်း

ချောက်ခရိုင်၊ ချောက်မြို့၊ အမှတ်(၉)ရပ်ကွက်၊ ဈေးရပ်၊ အကွက်အမှတ် (၁၇–ရွာသစ်မြောက်)၊ ဦးပိုင်အမှတ်(၈၅)၊ မြေကွက်အမှတ် (၂၃၅)၊ မြေမျိုးနှင့်အတန်း (မြို့မြေ) ပိုင်ဆိုင်ခွင့်(L) မြေဧရိယာ (၀.၀၅၁) ဧကရှိ မြေကွက်အား ဒေါ်အေးအေးလှိုင်မှ မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။ ထိုသို့လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ခိုင်လုံလှသော အထောက်အထားများနှင့်တကွ ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ချောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့လည်းကောင်း၊ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကြေညာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် အမည်ပြောင်းအမှုတွဲအား ဆက် လက် ဆောင် ရွက် သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**ချောက်ခရိုင်၊ချောက်မြို့**

## သားအဖြစ်မှ အမွေပြတ်အပြီးတိုင် စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ရှင်စောပုလမ်း၊ မြို့မ (၁) ရက်ကွက်၊ အိမ်အမှတ်(၉၈)နေ ဦးစံလွင်-(ဒေါ်ခင်သန်းအေး) တို့၏သား မောင်ချစ်ချမ်းလွင်(၁၀/မဒန(နိုင်)၂၁၂၅၄၉)သည် မိဘ၏ ဆိုဆုံးမမှုကိုမခံယူဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးစံလွင် (၁၀/မဒန(နိုင်)၀၁၈၉၅၀)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၆/ပဒေသာ)၊ ဦးပိုင်အမှတ် (၂၉၆)၊ မြေဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်မိုးမိုးကျော်မင်း ၅/ဆလက(နိုင်)၀၄၅၃၆၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ တမ္ဗဝတီရပ်ကွက်၊ ကွင်းအမှတ်(၂၀၆၈)၊ လေးရွာကွင်း၊ မြေကွက်အမှတ် (၁၂၆/၁၄၄၇)၊ မြေဧရိယာ (၀ ဒသမ ၀၄၅) ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဒေါ်ခင်ဝင်းမေ ၉/ကပတ(နိုင်)၀၇၈၅၀၈ မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း ပုံစံ (၆၆/၆) မိတ္တူ၊ ကျမ်းကျိန်ဆိုချက်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မွေက်ဟကြေညာစာချုပ်၊ အပြီးအပိုင်စွန့်လွှတ်ခြင်း စာချုပ်တို့နှင့်အတူ လာရောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်ပန်းတောင်းမြို့**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့
## “အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း”

၁။ ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့တွင် ဆေးရုံဝင်းနှင့် အခြားအဆောက်အအုံများလုံခြုံမှုရှိစေရန် (၂၀၂၆-၂၀၂၇)ခု ဘဏ္ဍာနှစ်အတွက် ပြင်ပပုဂ္ဂလိကအဖွဲ့ဖြင့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ငှားရမ်းဆောင်ရွက်မည် ဖြစ်ပါသဖြင့် ပုဂ္ဂလိကလုံခြုံရေးလုပ်ငန်းဆောင်ရွက်ခွင့် တရားဝင်မှတ်ပုံတင် လိုင်စင်ရှိသော ကုမ္ပဏီများအနေဖြင့် လျှောက်ထား လုပ်ကိုင်လိုပါက ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့သို့ ဖော်ပြပါအစီအစဉ်အတိုင်း လျှောက်လွှာများ ဝယ်ယူ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၂၃-၂-၂၀၂၆)ရက်၊(တနင်္လာနေ့)
**တင်ဒါလျှောက်လွှာ ဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့
**တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** - (၉-၃-၂၀၂၆)ရက်၊ (တနင်္လာနေ့)
**တင်ဒါလျှောက်လွှာ ပိတ်မည့်အချိန်** - ညနေ (၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်ရွေးချယ်ရေးကော်မတီ**
**ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့**
ဖုန်း-၀၉-၂၅၀၂၀၉၀၉၉

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၂၀ )
## ညောင်လေးပင်မြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၃

ဒေါ်ဝင်းဝင်းမာ နှင့် မဥမ္မာဌေး
တရားလို တရားပြိုင်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ လက်ပန်ကုန်းကျေးရွာနေ တရားပြိုင် မဥမ္မာဌေး (ဘ) ဦးအေးထွန်း (ယခုနေရပ်လိပ်စာမသိ) အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေ ကျပ် ၁၀၆သိန်း (ကျပ်တစ်ရာ့ခြောက်သိန်းတိတိ)ရလိုမှု လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀ ၂၆ ခုနှစ်၊ မတ်လ ၄ ရက်၊ (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ်၊ ၂ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထက်ဝေယံမြင့်)**
**မြို့နယ်တရားသူကြီး**
**ညောင်လေးပင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၆)၊ ပဒေသာရပ်၊ ဦးပိုင်အမှတ် (၂၆၇)၊ မြေဧရိယာ (၀ ဒသမ ၀၅၅) ဧကရှိ မြေကွက်အား မြေငှားဂရန်အမည်ပြောင်းလျှောက်ထားနိုင်ရေး ဒေါ်နန်းသီရိဦး ၁၀/ခဆန(နိုင်)၀၅၇၄၀၄ မှ မြေငှားဂရန်အမည်ပြောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြေညာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၃/ပဒေသာ)၊ ဦးပိုင်အမှတ် (၅၉)၊ မြေ ဧရိယာ (၀ဒသမ ၀၅၅) ဧကရှိ မြေကွက်အား မြေငှားဂရန် အမည်ပြောင်းလျှောက်ထားနိုင်ရေး ဦးစိုင်းလှအောင် ၁၃/ကသန(နိုင်)၀၀၆၉၈၁ မှ မြေငှားဂရန်အမည်ပြောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြေညာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁) ရပ်ကွက်၊ ကနောင်မင်းကြီးလမ်း၊ အမှတ် (၂၅၂၉/ခ)၊ အကျယ်အဝန်း(ပေ၂၀xပေ၆၀)ရှိ ဦးရန်စိန်(၁၂/သဃက(နိုင်)၀၆၀၆၄၈) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်ခြံမြေအပါအဝင်ရေမီးစုံပါ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးမျိုးသူရအောင်(၁၂/မဂတ(နိုင်)၀၈၁၅၁၉)မှ လက်ရှိတရားဝင်ပိုင်ဆိုင်သူ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယုယုထွေး (၁၂/စခန(နိုင်)၀၅၂၃၁၆)မှ ဝယ်ယူရန်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းဇာထွေး(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၂၂)**
**အမှတ်(၃၀)၊ သုခလမ်း၊ မြေနီကုန်း(မ)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၃၈၀၉၉၉၇**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈

ဦးထွန်းဇော်အောင် နှင့် ဒေါ်ခင်စောမြင့်
တရားလို တရားပြိုင်

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၇)၊ မြေတိုင်း (၂)၊ အမှတ် (၃၃-က) နေ ဒေါ်ခင်စောမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက “အိမ်နှင့်မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု” လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၉ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**ခရိုင်တရားသူကြီး**
**ပဲခူးခရိုင်တရားရုံး**

## ဖခင်အမည်မှန်

အောင်လံမြို့၊ သရက်တောရပ်ကွက်၊ အလယ်လမ်းနေ မသင်းသင်းဦး(၈/ဆပ၀(နိုင်)၀၅၃၇၁၇)၏ ဖခင်အမည်မှန်မှာ ဦးလှသောင်း (၈/ဆပ၀(နိုင်)၀၁၁၀၂၈) ဖြစ်ပါကြောင်း။

**ဦးလှသောင်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ ဆိုင်းတန်းအမက (၂၂) Grade-(3) မှ မသဲစုဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်မြို့ ၅/ယမပ(နိုင်) ၀၅၁၉၄၂ ဖြစ်ပါကြောင်း။

**ဦးအောင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4B/6253 ယာဉ်အမည်ပေါက်သူဦးလွှတ်တော်အောင် ၇/ပခန(နိုင်)၂၆၂၀၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/14926, Loncin 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက်အောင် ၅/မရန(နိုင်)၂၇၀၃၂၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(မုံရွာမြို့)**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် (၂၁) ဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၁၁-ဂျီ)၊ မြေကွက်အမှတ် (V - 59)၊ ဧရိယာ (၀.၀၂၇)ဧကရှိ ဦးမိုဟာမက်ယူစွတ်(ခ) ဦးခင်မောင်ဆန်း (၁၂/ကတတ(နိုင်)၀၃၁၉၆၅) အမည်ပေါက် နှစ်(၉၀) ဂရန်မြေနှင့် ယင်းမြေနှင့် သက်ဆိုင်သည့် အကျိုးခံ စားခွင့်အရပ်ရပ်အား ဦးမိုဟာမက်ယူစွတ် (ခ) ဦးခင်မောင်ဆန်း (၁၂/ကတတ(နိုင်)၀၃၁၉၆၅) မှ ပိုင်ဆိုင်ရောင်းချ ပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပစန္ဒာ LL.B,D.B.L,D.M.L,D.I.L တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၀၄)**
**တိုက်အမှတ်-(၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ဇာဝေယာလမ်း၊ (င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း - ၀၉-၉၄၆၅၄၂၂၆၂ ၊ ၀၉-၄၂၁၁၂၄၈၀၇**

## အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ဖန်ခါးဂေါက်ကွင်းနေ ကျွန်ုပ်၏မိတ်ဆွေ မအေသရဖူ ၇/ကဝန(နိုင်) ၂၄၀၃၃၅ ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မအေသရဖူသည် အင်တာနက်ကွန်ရက်ဖြစ်သော Facebook တွင် Byatwi (Official acc) ဖွင့်လှစ်အသုံးပြု နေသူဖြစ်ပါသည်။ ယင်း Acc အသုံးပြု၍ အခြားတစ်ဦး တစ်ယောက်မှသော်လည်းကောင်း၊ အဖွဲ့အစည်း တစ်ခုခုမှသော်လည်းကောင်း၊ ၎င်း၏လူမှုကွန်ရက်စာမျက်နှာပေါ်တွင် Facebook, Tik Tok, Viber, Telegram, YouTube အစရှိသော Online App များတွင် Acc ပိုင်ရှင်အပေါ် ဂုဏ်သိက္ခာကျဆင်းစေရန် စကားလုံးများ၊ နစ်နာမှုတစ်စုံတစ်ရာဖြစ်ပေါ်စေမည့် ပြုမူဆောင်ရွက်ချက်များ၊ Comment, Messenger တို့တွင် ပြောဆိုရေးသားခြင်း၊ တစ်ဆင့်ပြန်လည်မျှဝေခြင်းများ မပြုလုပ်ရန် အသိပေးအကြောင်းကြားပါသည်။ အကယ်၍ လိုက်နာခြင်း မရှိပါက ကျွန်ုပ်၏မိတ်ဆွေမှ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဇော်မင်း ( LL.B, C.B.L, D.B.L)**
**(တရားလွှတ်တော်ရှေ့နေ- စဉ်-၁၂၂၉၅)**
**အမှတ်(၃၈၉)၊ ဇီဇဝါလမ်း၊ ရန်အောင်ရပ်၊ မကွေးမြို့၊ ဖုန်း-၀၉-၇၉၄၅၆၇၈၁၁**

## စိုက်ပျိုးရေးတက္ကသိုလ်
## အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား
## (၂၆) ကြိမ်မြောက်ပူဇော်ကန်တော့ပွဲ
## နှိုးဆော်ဖိတ်ကြားလွှာ

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများက ကြီးမှူးကျင်းပသော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား (၂၆) ကြိမ်မြောက် ပူဇော်ကန်တော့ပွဲ ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တပည့်ကျော်ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံညီစွာတက်ရောက် ပူဇော်ကန်တော့နိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**ပူဇော်ကန်တော့ပွဲအစီအစဉ်**

**နေ့ရက်** - ၂၈-၂-၂၀၂၆ ရက်၊ (စနေနေ့)
**အချိန်** - နံနက် (၈) နာရီ
**နေရာ** - တက္ကသိုလ်စိန်ရတုဓမ္မာရုံ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

**ပူဇော်ကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၁၆၉၆)၊ မြေဧရိယာ(၀.၁၄၆)ဧကရှိ ဦးစောကြည်သန်း(ဘ)ဦးစောအောင်ပွင့် ၃/ဘအန(နိုင်)၁၄၀၄၀၀ အမည်ပေါက်နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးစောကြည်သန်းထံမှ ပျဉ်းမနားမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၄၀၈/၂၀၂၃)၊ ( ၁၀-၇-၂၀၂၃ ) ရရှိထားသူ ဦးရှင်းသန့်လင်း(ဘ)ဦးကျော်ကျော်လတ် ၉/လဝန(နိုင်)၂၄၉၇၂၅မှ ဒေါ်ယဉ်မေထွေး(ဘ)ဦးတင်အေး ၁၂/ဥကမ(နိုင်)၀၃၆၅၉၄ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤ ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ဓမ္မရောင်ခြည်ကျောင်းလမ်း၊ အကွက်အမှတ် (၂၇၊ ကျိုက်ဖောခိတောင်ကွက်)၊ ဦးပိုင်အမှတ်(ဃ/၄၁)၊ ဧရိယာ (၀.၀၃၅) ဧကအကျယ်ရှိ ဒေါ်ကျင်တိတ် အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးမင်းသန့်(ခ) စရဝဏ္ဏ (၁၂/ဥကတ(ပြု)၀၀၀၁၃၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မြင့်မြင့်နွယ်(၁၂/တနမ(နိုင်)၁၀၁၁၅၄) တို့က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိအိမော် (ခ) အိသဥ္ဇာအောင် ( LLB, DIPL ) (စဉ် - ၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊သန်လျင်မြို့။ ဖုန်း - ၀၉-၇၉၇၀၇၅၃၁၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅/ဘီ) တက္ကသိုလ်ရိပ်မွန်၊ ဥယျာဉ်လမ်း၊ မြေကွက်အမှတ် (၃၈)၊ အကျယ်အဝန်း (၀.၁၀၄)ဧကရှိ ဒေါ်ဖြူဖြူလှိုင် (၁၂/မဘန(နိုင်)၀၁၃၈၃၈) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးစသည့် တပ်ဆင်ဆက်သွယ်ထားသော အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို အမည်ပေါက်ဖြစ်သူ ဒေါ်ဖြူဖြူလှိုင်(၁၂/မဘန(နိုင်)၀၁၃၈၃၈)မှ ယနေ့အချိန်ထိ မိမိမှသာလျှင် လက်ဝယ်လက်ရှိပိုင်ဆိုင်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးညဏ်ဝင်း (ဘ) စူကွမ်း(ခ)ဦးကျော်ညိမ်း (၁၂/ပဘတ(နိုင်)၀၂၅၁၅) နှင့် ဒေါ်အေးအေးမာ (ဘ) ဦးတင်ငါ(၈/ခမန(နိုင်)၀၀၀၀၀၆) မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါကစာရွက် စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇-ရက်)အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ဦးညဏ်ဝင်းနှင့် ဒေါ်အေးအေးမာတို့၏ ညွှန်ကြားချက်အရ -**
**ဒေါ်တင်ဇာလွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၂၄၂၇)**
**အမှတ်(၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ Ph: 09-783535003, 09-987987999**

## အများသိစေရန် အသိပေးကြေညာခြင်း

ရေဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့ (၅) ရပ်ကွက်၊ မြေကွက်အမှတ်- D2၊ ဦးပိုင်အမှတ်- ၆၁၊ အလျားx အနံ (ပေ ၉၀ x ၃၆ပေ )ရှိ နှစ်( ၃၀ )ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဖျာပုံမြို့၊ ( ၅ )ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၂၉) ခေါ်တွင်သည့် ( ၂ )ထပ်တိုက်အိမ်အဆောက်အအုံတို့တွင် ဦးသောင်းမြင့်-ဒေါ်သန်းသန်း၊ ဦးလှသောင်း-ဒေါ်အုန်းမြင့် (၄) ဦး အမည်များဖြင့် ဖျာပုံမြို့နယ်စုအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်မှုအမှတ် (၉/၁၉၉၁-၁၉၉၂)ဖျာပုံအရ ဂရန် အမည်ပေါက် ပိုင်ဆိုင်ခဲ့ကြပါသည်။ ဖော်ပြပါ အမည်ပေါက်ပိုင်ဆိုင်သူ(၄) ဦးမှာ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ကြသောအခါ ဦးသောင်းမြင့်-ဒေါ်သန်းသန်းတို့တွင် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးစိုးလွင် (၁၄/ဖပန(နိုင်)၀၀၅၇၃၅)၊ ဒေါ်ချိုချိုမော် (၁၄/ဖပန(နိုင်)၀၀၄၆၆၆)၊ ဒေါ်သင်းသင်းဦး(၁၄/ဖပန(နိုင်)၀၀၄၆၆၄)၊ ဒေါ်အိအိချော(၁၄/ဖပန(နိုင်)၀၀၅၈၃၄) ဦးလှဖုန်းမြင့် (၁၄/ဖပန(နိုင်)၀၉၅၃၀၅) တို့(၅)ဦးနှင့် ဦးလှသောင်း+ဒေါ်အုန်းမြင့်တို့၏ သားသမီး(၂)ဦးဖြစ်သော ဦးလှမြင့် အောင်၊ ဒေါ်မြတ်မူလှတို့ ကျန်ရှိခဲ့ကြပါသည်။ ကျန်ရှိသည့် သားသမီးများသည် ကွယ်လွန်သူမိဘများ ကျန်ရှိခဲ့သည့် ဖော်ပြပါမြေကွက်နှင့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံပိုင်ဆိုင်လာခဲ့ကြပါသည်။

နမ္မတူမြို့နေ ဒေါ်ဖြိုးဖြိုးနိုင် (၁၃/နမတ(နိုင်)၀၇၄၇၅၄) မှ အောက်ပါအတိုင်း ဦးခင်မောင်ထွေးနှင့် အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်မ ဒေါ်ဖြိုးဖြိုးနိုင်နှင့် ဦးခင်မောင်ထွေး (ဘ) ဦးကရင်း ၉/ခအဇ(နိုင်) ၀၁၄၃၃၄တို့သည် အစ္စလာမ့်ဓလေ့ထုံးတမ်းစဉ်လာအရ လက်ထပ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး အိုလမာအစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ခွဲ၏ ဓမ္မသတ်လူကြီးများရှေ့တွင် ကွာရှင်းပြတ်စဲမှု ဆုံးဖြတ်ချက်ရယူပြီး ၁၂-၂- ၂၀၂၆ရက်တွင် မြွက်ဟ ကြေညာချက်အရလည်းကောင်း၊ ကျွန်မ ဒေါ်ဖြိုးဖြိုးနိုင် နှင့် ဦးခင်မောင်ထွေးတို့သည် အစ္စလာမ့်ဓလေ့ထုံးတမ်းဥပဒေအရ လင်ခန်း/မယားခန်းပြတ်စဲသွားပြီဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွှယ်ခြင်း လုံးဝ(လုံးဝ)မရှိခြင်း၊ အပြန်အလှန်ပေးရန်/ရရန်မရှိခြင်း၊ ခွဲဝေရန်ပစ္စည်းလည်းကျန်ရှိမှုမရှိခြင်းတို့ကြောင့် ကျွန်မဒေါ်ဖြိုးဖြိုးနိုင်နှင့် ဦးခင်မောင်ထွေးတို့သည် တစ်ဦးနှင့်တစ်ဦး စီးပွားရေး၊ လူမှုရေးစသည့်ကိစ္စအဝဝတို့နှင့် မည်သို့မျှ ပတ်သက်ဆက်နွှယ်ခြင်းလုံးဝမရှိတော့ကြောင်း ဦးခင်မောင်ထွေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ကြေညာသူ-**
**ဒေါ်ဖြိုးဖြိုးနိုင် ၁၃/နမတ(နိုင်)၀၇၄၇၅၄**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6R/7457 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7M/7081 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/7547 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/61074 New Anbo 125, M/C ယာဉ် လက်ဝယ်ရှိသူ ဦးရှိုင်းဗိုလ်ဗိုလ် ၉/ခမစ(နိုင်) ၀၈၀၀၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/77135 Yamaha 150 FZ5, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်သူ ၉/ခအဇ(နိုင်)၀၀၈၃၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/82313 Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းတိုးအောင် ၉/အမရ(နိုင်)၁၂၂၇၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## ပိုလ်တထောင်ခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ ဇာရီမှုအမှတ်- ၁၂၀

ကမ္ဘာ့ရတနာဘဏ်လီမိတက် နှင့် ဦးခင်ဦး
(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)
(ယခင်)မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုး
တိုးတက်ရေးဘဏ်လီမိတက်(၎င်း၏ကိုယ်စား
မန်နေဂျာ ဗိုလ်ကြီးညီညီထွန်း(ငြိမ်း))
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ပိုလ်တထောင်ခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၆၆/၂၀၁၉ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်၊ နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀(ဂျေ၂)၊ မြေကွက်အမှတ် ( II ၂၉- A)၊ နှစ် (၉၀)ဂရန်မြေ၊ ဧရိယာ (၀ ဒသမ ၀၃၃၇) ဧက၊ အရပ်အခေါ် အမှတ်-၄၆၊ ၅၃ လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ၏ ပထမထပ်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း (၂၄၀,၀၀၀,၀၀၀/-)**
**(ကျပ်သိန်းနှစ်ထောင့်လေးရာတိတိ)**
**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံး ပေးသည့်ဈေးနှုန်းမှာရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေ ကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိကသတ်မှတ်ထားသည့် စပေါ်ငွေကိုတင်သွင်းမှ သာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည်၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့ သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(နှင်းနွယ်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ Eco Green City အိမ်ရာ စီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ မြေကွက်အမှတ်(၅၇)၊ ဦးကျော်ကိုကိုဟိန်း ၁၂/ဗဟန(နိုင်)၁၀၀၉၄၉၊ မြေကွက် အမှတ်(၆၂)၊ ဦးကျော်ကိုကိုချစ် ၁၂/ ဗဟန(နိုင်)၀၉၆၂၇၃ နှင့် မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ် (၁၀၁၊ ၁၀၂၊ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၁၇၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂၊ ၁၂၃) တို့အား 5 Mile Industrial Part And Logestic Hub Company Limited၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်(127683751) အမည်ဖြင့် မြေချပါမစ်ဆောင်ရွက်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထား(မူရင်း)များတင်ပြ၍ ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ယာဉ်မှတ်ပုံတင်စာအုပ်
## (ကမ-၃)
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20U / 3359, AT UL GEMINI 200၊ 3/W ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်းဦး ၃/ဘအန(နိုင်)၀၀၃၉၄၂ သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ပြည်နယ်ရုံး (ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## (ကမ-၃)
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၃၁၂၉၀ ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဝင်း ၁၀/ပမန(နိုင်)၀၃၂၉၀၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန ၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆

၁။ ဒေါ်သက်သက်အေး နှင့် ဦးစံမောင်
၂။ ဒေါ်မျိုးမျိုးအိ
**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ဖိုးရာဇာလမ်း၊ အမှတ်-၉၈၆နေ ဦးစံမောင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌တရားလိုများက "ပဋိညာဉ်အတိုင်း အိမ်ခြံမြေအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှု နှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၅ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၃ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၀၇၅၀)၊ မြေဧရိယာ (၀ ဒသမ ၁၄၆) ဧကရှိ ဒေါ်ချမ်းငြိမ်းထက်(ဘ)ဦးတင်မြင့် ၁၂/ဥကတ(နိုင်) ၁၅၄၄၄၂ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်ချမ်းငြိမ်းထက်မှ ဦးဇာနည်သိန်းမြင့်(ဘ) ဦးသိန်းမြင့် ၇/သနပ(နိုင်) ၀၆၅၄၂၃ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ဘောဂသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/သီရိရတနာ၊ မြေကွက်အမှတ်(၁၃၈)၊ ဧရိယာ (၀ ဒသမ ၅၃၁) ဧကရှိ ဒေါ်ရီရီမာ (ခ) ရင်နု (ဘ) ဦးအောင်တင် ၁၂/ဗဟန(နိုင်)၀၄၀၆၈၁ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးကျော်ဘုန်းမြင့် (ဘ) ဦးမြင့်ဆွေ ၁၂/ဒဂတ(နိုင်)၀၈၂၂၀၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/သီရိရတနာ)ရှိ မြေကွက်အမှတ်(၁၅၉)၊ ဧရိယာ (၀ ဒသမ ၄၅၉) ဧကအား အမည်ပေါက် ဒေါ်မြသိင်္ဂီ (ခ) ဒေါ်ရီရီ (ဘ) ဦးဘတင် ၁၂/ကတတ(နိုင်)၀၁၂၃၄၂ မှ မြေကွက်တန်ဖိုး၊ ဆိုင်ခန်းတန်ဖိုးငွေသွင်းပြေစာ၊ ရပ်ကွက်/ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားသမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ညောင်လေးပင်မြို့၊ မြို့မ(၅)ရပ်ကွက်၊ ခင်တန်းလမ်းနေ (ဘ) ဦးလှမိုး ၇/ကတခ(နိုင်)၁၂၂၁၅၀ ၏ သားဖြစ်သူ မောင်သူရ သည် မိဘ၏ ပြောဆိုဆုံးမမှုကို အကြိမ်ကြိမ်ဆန့်ကျင်၍ လက်မခံသောကြောင့် သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးလှမိုး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၇၄၁)၊ ဧရိယာ (၀ ဒသမ ၀၉၉) ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဦးဇော်မျိုးဝင်း (ဘ)ဦးစောဝင်း ၅/ဒပယ(နိုင်)၀၆၂၉၈၉ မှ မြေငှားစာချုပ်၊ ရက်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် သက်တမ်းတိုး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် သက်တမ်းတိုး လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ထူပါရုံအနောက်(၁၆)လမ်း၊ မြေကွက်အမှတ်-၈၀၇ရှိ နှစ်(၆၀) ဂရန်မြေကွက်မှာ ဒေါ်သောင်းကြည် (CI- ၀၃၇၇၃၅) အမည်ဖြင့် တည်ရှိပြီး အဆိုပါမြေကွက်ထဲမှ မခွဲမစိတ်ရသေးသည့် အကျယ်အဝန်း (၁၃ပေx၆၀ပေ)၊ ခြေရင်းခြမ်းရှိ အိမ်ခြံမြေကို အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပါအိမ်ခြံမြေ၏ ဂရန်မူရင်းပျောက်ဆုံးနေကြောင်း ဒေါ်မြင့်မြင့် (TKA-၀၂၂၃၀၉) မှ ဝန်ခံပြောဆိုပြီး ယင်းအိမ်ခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးနန္ဒကျော် ၁၄/ဘကလ(နိုင်)၂၃၂၄၇၃ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထက်ပါမြေကွက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှု စာချုပ်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက ဤအရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနန္ဒကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်မြတ်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၀၇)**
**ရုံးခန်းလိပ်စာ - အမှတ်(၁၁၂)၊ ပထမထပ်၊ မြင်တော်သာလမ်း၊**
**၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၂၄၀၄၄၈၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇/အရှေ့)ရပ်ကွက်၊ အောင်သပြေအနောက်(၁)လမ်း၊ တိုက်အမှတ်(၁၇)၊ တတိယထပ်(၄)လွှာ ဟုခေါ်တွင်သော (၂၀x၅၃)ပေအကျယ်အဝန်းရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်တွယ်ကပ်တပ်ဆင်ထားသော ရေ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ရောင်းချသူ/မြေရှင် ဒေါ်ဥမ္မာ (ဘ) ဦးကြည် ၁၄/ဟသတ(နိုင်)၀၁၀၄၈၈ ထံမှ ၁၅-၁၂-၂၀၂၂ ရက်စွဲပါ "တိုက်ခန်းအရောင်းအဝယ် အပြီးသတ်ငွေပေးကတိစာချုပ်" ချုပ်ဆိုဝယ်ယူ၍ လက်ရောက်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါသည်။ ယခုအခါ အဆိုပါ ၁၅- ၁၂-၂၀၂၂ ရက်စွဲပါ "တိုက်ခန်းအရောင်းအဝယ်အပြီးသတ်ငွေပေးကတိစာချုပ်"မူရင်းသည် ၂၀၂၆-ခုနှစ်၊ ဇန်နဝါရီလအတွင်းက နေအိမ်အပြောင်းအရွှေ့ပြုလုပ်ရာမှ ပျောက်ဆုံးသွားခဲ့ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်း ပိုင်ဆိုင်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေမှလွှဲပြီး မည်သူမျှလွှဲပြောင်းရောင်းချပိုင်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထက်အောင်လွင် (ဘ)ဦးမြင့်လွင် ၁၂/ဥကတ(နိုင်) ၁၉၃၂၄၅ ၏**
**အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ**
**ဒေါ်စန္ဒာချို ၁၂/ဥကတ(နိုင်) ၁၅၆၉၂၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြင့်မောင်(LL.B. , D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၅၈)**
**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊**
**(၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၅၀၃၉၈ ၄၁၁၊ ၀၉-၇၉၅၅၈၅၈၅၉**

## (၂၈-၃-၂၀၂၅) ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၁)ပါ ဦးအောင်နန်းဦး (၁၂/ကတတ(နိုင်) ၀၀၁၃၂၁) ခေတ္တ Qatar ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးတင်ထွန်း (LL.B,LL.M)တရားလွှတ်တော်ရှေ့နေ၏ "အများသိစေရန် သတိပေးတားမြစ်ခြင်းကြေညာချက်"အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းမင်းသန်း (ဘ) ဦးခင်မောင်ညွှန့် ၁၂/တမန(နိုင်)၁၇၇၀၃၀ နှင့် ဦးအောင်နန်းဦး(ဘ)ဦးခင်မောင်ညွှန့်၁၂/ကတတ(နိုင်) ၀၀၁၃၂၁၊ ဒေါ်အိသက်ခိုင်(ဘ)ဦးခင်မောင်ညွှန့်၁၂/ဗတထ(နိုင်)၀၃၅၀၄၅ တို့သည် မောင်နှမအရင်းအချာများဖြစ်ကြပြီး သားဖြစ်သူ ဦးအောင်နန်းဦး မလေးရှားနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်ရန်အတွက် ဖခင်ဖြစ်သူ ဦးခင်မောင်ညွှန့် အမွေဝေစုရရှိသည့်ငွေဖြင့် ပို့ဆောင်ပေးခဲ့ရပြီး သားဖြစ်သူ ဦးအောင်နန်းဦး မလေးရှားတွင် အဆင်မပြေသောကြောင့်မြန်မာပြည်ပြန်လာ၍စင်္ကာပူနိုင်ငံသို့ ထပ်မံ ပြောင်းရွှေ့လုပ်ကိုင်ရာတွင်လည်း ဖခင်ဦးခင်မောင်ညွှန့် ပိုင်ဆိုင်သော အမှတ်(၈)၊ သုံးမြှောင်လမ်း၊သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော တိုက်ခန်းအား ရောင်းချပြီး သားဖြစ်သူ ဦးအောင်နန်းဦးအား ထောက်ပံ့ပေးခဲ့ရပါသည်။ ထို့နောက် ဦးအောင်နန်းဦးမှ ဖခင်ဦးခင်မောင်ညွှန့်ထံမှ ရယူထားသောငွေများကို ပြန်လည်ပေးဆပ်ခဲ့ရာ ဖခင်ဖြစ်သူ ဦးခင်မောင်ညွှန့်သည် သားဖြစ်သူ ဦးအောင်နန်းဦး ပေးပို့သောငွေများအား ဦးစွာ သားဖြစ်သူ ဦးအောင်နန်းဦးအတွက် အမှတ် (၃၇)၊၆လွှာ (ယာဘက်ခန်း)၊ ၁၀၁လမ်း၊ အောက်ဘလောက်၊ ဖို့မြေရပ်ကွက် ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော တိုက်ခန်းကို ဦးစွာဝယ်ယူပေးခဲ့ပြီး ဖခင် ဦးခင်မောင်ညွှန့် သည် သားဖြစ်သူ ဦးအောင်နန်းဦးအတွက် စိုက်ထုတ်ပေးထားခဲ့သော ငွေကြေးအတွက် အမှတ် ၅၈၊ ၃+၄လွှာ (ဝဲ ဘက်ခြမ်း) တိုက်ခန်းတို့အား မိသားစုပိုင်အဖြစ် ဖခင် ဦးခင်မောင်ညွှန့် နှင့် သမီးများဖြစ်ကြသော ဒေါ်ဝင်းမင်းသန်းနှင့် ဒေါ်အိသက်ခိုင်တို့ အမည်များဖြင့် ၅-၄-၂၀၁၀ ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်" ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိထားခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ဖခင်ဖြစ်သူ ဦးခင်မောင်ညွှန့်သည် ၂၅-၉-၂၀၂၀ ရက်တွင် ကွယ်လွန်ခဲ့ပြီး ဒေါ်အိသက်ခိုင်သည်လည်း ပြည်ပသို့ ထွက်ခွာသွားပြီးဖြစ်သည့်အတွက် ကျွန်ုပ်မိတ်ဆွေအမည်ဖြင့် ဝယ်ယူခဲ့သော တိုက်ခန်းမှာ ယနေ့တိုင် ကျွန်ုပ်မိတ်ဆွေလက်ဝယ်တွင် စဉ်ဆက်မပြတ် ဆက်လက်တည့်ရှိနေပါသည်။ ဦးအောင်နန်းဦးအတွက်ဝယ်ပေးခဲ့သော တိုက်ခန်းအား ဖခင်ဦးခင်မောင်ညွှန့် မကွယ်လွန်မီ ဦးအောင်နန်းဦး၏ တောင်းဆိုချက်အရ ရောင်းချခဲ့ပြီး ဦးအောင်နန်းဦးထံ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ အမှတ် ၅၈၊ (၃+၄)လွှာ(ဝဲဘက်ခန်း) ၁၀၁လမ်း၊ (အောက်ဘလောက်)၊ ဖို့မြေရပ်ကွက် ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတိုက်ခန်းသည် ဦးအောင်နန်းဦး အတွက် အမည်ခံဝယ်ယူထားသော တိုက်ခန်းမဟုတ်ဘဲ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းမင်းသန်းအပါအဝင် ကွယ်လွန်သူ ဦးခင်မောင်ညွှန့်နှင့် ဒေါ်အိသက်ခိုင်တို့သာ တရားဝင်ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီနွယ်ထွန်း(LL.B) အထက်တန်းရှေ့နေ (စဉ်-၅၀၆၁၁)**
**တိုက်(၃၆)၊ အခန်း(၄၀၁)၊ ပိတောက်လမ်း၊ စီ-ဘလောက်၊**
**ယုဇနဥယျာဉ်မြို့တော်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ - ၉၆၅၉၈၁၁၉၀**

## CNG စာအုပ်ပျောက်

ဒေါ်စန်းရင် ၁၂/ဥကတ(နိုင်) ၀၃၂၂၆၀ ပိုင်ဆိုင်သော GG/7721 CNG စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၀၂၃၀၃၄၇**

## CNG (gas စာအုပ်) ပျောက်ဆုံးကြောင်း

ဒေါ်စန်းစန်းအေး ပိုင်ဆိုင်သော ယာဉ်အမှတ် DD/3535၏ CNG စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၉၆၆၀၅၊**
**၀၉-၉၇၂၈၉၆၁၀၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၉၇၃၇၅ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မွေး ၁၀/မဒန(နိုင်)၀၂၈၁၉၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 76W/75507, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝေ ၁၄/လမန(နိုင်) ၁၀၇၀၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/23466, Honda Click 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဆွေဝင်း ၉/မဟမ(နိုင်)၀၁၃၄၁၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/64693, Zong Shen ZS-110, 6C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင် ၉/မခန(နိုင်)၁၅၆၃၅၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## အလိမ္မာ စာမှာရှိ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးညဏ်စိုး(ခ)ဦးဆန်နီ
### ပန်းအိ Cafe' & Tea House ၏ဖခင်ကြီး၊
### ပန်းအိချို Co.,Ltd. ၏ Chairman၊
### မင်္ဂလာပါ EV ၏ အမှုဆောင်နာယက (ပြင်ဦးလွင်)
### အသက် (၆၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၂)၊ ပန်းအိလမ်း၊ အမှတ်-၁၉၄၄ နေ (ဦးလှိုင်ထွန်း-ဒေါ်ခင်စောမြင့်)တို့၏သား၊ (ဦးခင်လှ-ဒေါ်အေးမြင့်)တို့၏သားသမက်၊ ဦးဝင်းမင်းထွဋ်-ဒေါ်ပြည့်ဝေဖြိုး၊ ဦးသန့်ဇင်အောင်- ဒေါ်စုညဏ်စိုး၊ ဦးကျော်စိုးသူရ-ဒေါ်အိညဏ်စိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ရဲလင်းခန့်၊ မောင်ညဏ်ဘုန်းမြတ်၊ မပန်းအိဖြူ တို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်ခင်စန်းယု၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၂-၂၀၂၆ ရက် (ကြာသပတေးနေ့) နံနက် ၄:၄၅ နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၂၆ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိုင်းနိုင်ငံ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူဒါယကာကြီး
## ဗိုလ်မှူးချုပ် သူရစိန်သောင်း(ငြိမ်း)
### OTS(49)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ (ဒေါ်ခင်ဌေးမြင့်)၏ ခင်ပွန်းဖြစ်သူ ဗိုလ်မှူးချုပ် သူရစိန်သောင်း(ငြိမ်း)သည် ၁၈-၂-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့) ည ၈:၀၈နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၁)စည်သူတပ်ခွဲ**
**ကျောင်းဆင်း တပည့်များနှင့် မိသားစုဝင်များ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ် အ.ထ.က(ကျောက်ရဲ)ကျောင်း အုပ်ဆရာကြီး ဦးအောင်ကြီးမြင့် ၈/ခမန(နိုင်)၀၇၀၃၇၄ ၏ ဖခင်အမည်မှန်မှာ ဦးသိန်းဟံ ဖြစ်ပါကြောင်း။

**ဦးသိန်းဟံ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် အထက(ခွဲ)ဖောင်းကွဲကျောင်း Grade-8တွင် ပညာသင်ကြားနေသော မနွေရိပ်ဝေ၏ ဖခင်အမည်မှန်မှာ ဦးဝင်းသူ ၈/ရနခ(နိုင်)၁၀၆၇၈၅ ဖြစ်ပါကြောင်း။

**ဦးဝင်းသူ**
**၈/ရနခ(နိုင်)၁၀၆၇၈၅**

## ပတ်စ်ပို့ပျောက်

ဦးဆန်းထွဋ်၏ သမီး မပိုးအိန္ဒြေသက်အောင် ၁၂/သဃက(နိုင်)၁၉၉၅၁၇ ၏ ပတ်စ်ပို့နံပါတ်(MF-357871)မှာ ခရီးသွား ရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၄၂၀၀၀၃၄၉၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(မောသီရိတိုးချဲ့ -၁)၊ ဦးပိုင်အမှတ်(၄၁၅)၊ ဧရိယာ (၀.၀၆၉)ဧက၊ မြေငှားလိုင်စင်အမှတ်တွဲအမှတ် ၇၄၁-၅/၂၀၀၃-၂၀၀၄(စီ)ဦးဇော်လင်း ၁၃/လရန(နိုင်)၀၀၅၂၅၈ အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အား ၎င်းကွယ်လွန်သွားပြီးနောက် ဖခင်ဦးသောင်းရွှေမှ အမွေဆက်ခံခဲ့ပြီး မြေဧရိယာ(၀.၀၆၉)ဧက အနက်(၀.၀၃၄) ဧကအားစာချုပ်အမှတ် ၄၄၀I/၂၀၂၀ ဖြင့်လည်းကောင်း၊ ကျန်မြေ(၀.၀၃၄)ဧက အား ဦးသောင်းရွှေ ကွယ်လွန်သဖြင့် ဇနီး ဒေါ်အေးဆိုင် ၁၃/လရန(နိုင်)၀၂၃၇၀၆ မှ အမွေဆက်ခံပြီးစာချုပ်အမှတ် ၅၁၁I/၂၀၂၃ဖြင့်လည်းကောင်း၊ ဦးဘိုတင် ၈/မမန (နိုင်)၁၅၀၃၉၅သို့ ရောင်းချခဲ့ပြီး ဖြစ်သဖြင့် ဦးဘိုတင်အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာမှု အပေါ် ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့် ရက်မှ ရက်ပေါင်း (၃၀) အတွင်းအထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးဇော်လင်း အမည်ပေါက်အမှုတွဲအမှတ် ၇၄၁-၅/၂၀၀၃-၂၀၀၄(စီ)အား ပယ်ဖျက်သွားမည်ဖြစ်ပြီး ဦးဘိုတင်အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမှု အားလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ငပကျေးရွာအုပ်စု)ရပ်ကွက်၊ သန်လျင်အရှေ့ ကွင်းအမှတ် (၆၈၅)၊ ဦးပိုင်အမှတ်(၄၀)၊ ဟုခေါ်တွင်သော မြေအလျားx အနံ(၀.၀၂၉)ဧကရှိ မြေကွက် နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား သန်လျင်မြို့နယ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၏ မြေစာရင်းတွင် ဒေါ်သန်းသန်းမြင့် (၇/ကတခ(နိုင်)၀၉၈၀၆၂) အမည်ပေါက်ပိုင်ဆိုင်သူမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရန်နိုင်ထွန်း (၁၂/ဒလန(နိုင်)၀၄၁၃၃၂)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်တွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၈၀၇)၊ ပတ္တမြား(၁)လမ်း၊ (၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဖုန်း-၀၉၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(၅+၆+၇တိုးချဲ့)၊ ဦးပိုင်အမှတ်(၄၇)၊ဧရိယာ(၀.၁၃၈)ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၄၇၇-၆-၅/၂၀၂၂-၂၀၂၃(စီ)ဒေါ်ကွေချင် အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အား ၎င်း၏ အထူးကိုယ်စားလှယ်ရရှိသူ ဒေါ်တုံကျင်းဟွမ်းမှ မြေဧရိယာ(၀.၀၆၉)ဧက အား စာချုပ်အမှတ် ၃၀၂I/၂၀၂၃ ဖြင့် ဦးကျန်းကွယ်ယုံ (၁၃/လရန(နိုင်)၁၈၇၁၇၇၊ ဒေါ်မြတ်မာလာဆွေ ၁၃/သပန(နိုင်)၁၀၇၇၈၆ သို့လည်းကောင်း၊ မြေဧရိယာ(၀.၀၆၉)ဧကအား စာချုပ်အမှတ် ၃၇I/၂၀၂၄ ဖြင့် ဒေါ်လဲ့လဲ့သူ ၁၃/တကန(နိုင်)၃၃၀၆၄၆ သို့လည်းကောင်း ရောင်းချပေးပြီးဖြစ်ပါသဖြင့် ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားလာမှု အပေါ် ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း(၃၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်ကွေချင်အမည် ပေါက်အမှုတွဲအမှတ် ၄၇၇-၅/၂၀၂၂-၂၀၂၃(စီ)အား ပယ်ဖျက်သွားမည်ဖြစ်ပြီး ဦးကျန်းကွယ်ယုံ၊ ဒေါ်မြတ်မာလာဆွေ၊ ဒေါ်လဲ့လဲ့သူတို့အား ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားခြင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊အကွက်အမှတ်(မောသီရိတိုးချဲ့-၁)၊ ဦးပိုင်အမှတ်(၉၆၀)၊ ဧရိယာ(၀.၀၆၉)ဧက၊ မြေငှားဂရန် အမှုတွဲအမှတ်၊ ၄၇-၅/၂၀၀၇-၂၀၀၈(အေ) ဒေါ်လီလီဖန်း ၁၃/လရန(နိုင်)၀၅၄၄၇၇ အမည်ပေါက် ပိုင်ဆိုင်သောမြေကွက်အားဒေါ်မာယာဒေဝီ ၉/မမန(နိုင်)၀၈၁၉၄၉ သို့ အထွေထွေကိုယ်စားလှယ်လွှဲ အပ်ခဲ့ပါသည်။ အဆိုပါမြေကွက်၏ မြေဧရိယာ(၀.၀၆၉)ဧကအနက်(၀.၀၂၇)ဧကအား ဒေါ်မာယာဒေဝီမှ စာချုပ်အမှတ် ၁၅၀I/၂၀၂၃ဖြင့် ဦးသိန်းဒီ၊ ၅/မမတ(နိုင်)၀၄၆၇၁၉ သို့ ရောင်းချပေးပြီး ဖြစ်၍ ဦးသိန်းဒီမှ ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားလာမှုအပေါ် ပိုင်ဆိုင်မှု တစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း (၃၀) အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်လီလီဖန်း အမည်ပေါက် မြေငှားဂရန်အမှုတွဲအမှတ် ၄၇-၅/၂၀၀၇-၂၀၀၈(အေ)၊ မြေဧရိယာ(၀.၀၆၉)ဧကအနက်(၀.၀၂၇)ဧကအား ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားလာမှုအပေါ် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဦးပိုင်ခွဲစိတ်ခွင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊လားရှိုးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6W/86423 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ္သာတမြို့)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် တက်ရောက်နေသော နောက်ဆုံးနှစ်ကျောင်းသား မောင်ပိုင်စိုး ၉/ရမသ(နိုင်)၂၉၇၀၈ ၏ဖခင် ဦးမျိုးမင်းသိန်းနှင့် ဦးမျိုး ၉/ရမသ(နိုင်)၁၄၂၀၁၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမျိုးမင်းသိန်း(ခ)ဦးမျိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ ရေဆင်းတွင် တက်ရောက်နေသော နောက်ဆုံးနှစ်ကျောင်းသူ မနန္ဒာအောင် ၈/ငဖန(နိုင်)၀၄၅၇၁၆ ၏ ဖခင် ဦးမြတ်စိုးနှင့် ဦးမြစိုး ၈/ငဖန(နိုင်) ၀၂၁၈၅၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြတ်စိုး (ခ) ဦးမြစိုး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ညောင်လေးပင်မြို့၊ မြို့မ (၃)ရပ်ကွက်၊ ရပ် (၉)၊ ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ် (၁၈ᵏ)၊ မြေကွက်အမှတ် (၆၉ᴬ)၊ ဧရိယာ (၀.၀၃၁၄) ဧကအား ဒေါ်ခိုင်ခိုင်ဦး အမည်ဖြင့် သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ ၇-၃-၂၀၂၆ရက်မတိုင်မီ ဆိုင်ရာအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားခြင်းကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ဆံတော်ရပ်ကွက် ကွင်း/အကွက်အမှတ်နှင့် အမည်(၉ဘီ /ဆံတော်မြောက်)၊ ဘိုးဘပိုင်မြေအမျိုးအစား၊ ဦးပိုင်အမှတ် (၂ᵍ)၊ ဧရိယာ (၀.၀၄၃) ဧကအကျယ်အဝန်းရှိ အိမ်နှင့် ခြံမြေကွက်အား ဝယ်ယူ၍ လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိသော ဦးထူးအောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ထီလာမို့မို့ကြိုင်(ဘ)ဦးအုန်းကြိုင် ၇/ပမန(နိုင်) ၁၃၅၅၇၈ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်အား ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်နွယ်မြင့်(LL.B.)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၃၆၈)**
**အမှတ်(၃၄၇)၊ အနောက်နေကျော်တန်းလမ်း၊ ရွာဘဲနယ်မြေ၊ ပြည်မြို့၊**
**ဖုန်း - ၀၉-၉၆၂၂၃၇၃၇၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁/ပုဗ္ဗသီရိမြောက်ရပ်)ရှိ မြေကွက်အမှတ် (ပ-၃၃၁၅၇)ကို အမည်ပေါက် ဦးအောင်ခင်(ဘ)ဦးစိုးဝင်း SOKA-၀၄၆၃၇၂(တရားရုံး) ကိုယ်စား ပုဗ္ဗသီရိမြို့နယ် တရားရုံး၏ ဘီလစ်စာရေး ဦးကျော်ဆန်းဦး (ဘ)ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄ မှ မြေငှားစာချုပ်တွင် လက်ဗွေနှိပ်၊ လက်မှတ်ရေးထိုး ထုတ်ယူခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၃၃/ ၂၀၂၃၊ တရားမဇာရီမှုအမှတ်(၂၉/၂၀၂၃) မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေပေးစလစ်(မူရင်း)၊ လူနေအိမ်ဆောက်လုပ်ပြီးစီးကြောင်း ထောက်ခံစာ၊ မြေကွက်ဖိုးသွင်းချလံ၊ မြေပြင်အခြေအနေပြ ဓာတ်ပုံတို့တင်ပြ၍၊ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

(ဦးနန္ဒကျော်လှိုင်-ဒေါ်မျိုးမြင့်မြင့်မြတ်)တို့၏ သားဖြစ်သူ မောင်စိုးမင်းမြတ် (၁၀/မလမ(နိုင်)၂၇၁၁၁၉) သည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အိမ်အမှတ်(၇၂) ပြည်သူ့လမ်း၊ မောင်ငံရပ် နေထိုင်သူ (ဘ-ဦးမောင်ကျော်) ဒေါ်သန်းသန်းမြင့် (၁၀/မလမ(နိုင်)၀၉၅၂၆၄)၏ မြေးဖြစ်ပြီး၊ ၎င်း၏ဖြစ်လာမည့် ကိစ္စအဝဝတို့ကို ကျွန်မတို့နှင့် သက်ဆိုင်မှုမရှိပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်သန်းသန်းမြင့်**
**၁၀/မလမ(နိုင်)၀၉၅၂၆၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ် (၄) ရပ်ကွက်၊ အကွက်အမှတ် (၄-က)၊ အကွက်အမည်(အထကရပ်)၊ ဦးပိုင် အမှတ်(F-7)၊ မြေကွက်အမှတ်(၇)၊ ဧရိယာ ဝဒသမ၂၉ကေရှိ နှစ် ၃၀ ဂရန် အမှုတွဲအမှတ်(၉၁/၂၀၂၃)၏ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်သူဖြစ်သော ဦးစိန်ဝင်း(၁၃/တကန(နိုင်)၀၈၅၄၆၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းနု အောင် (၉/မခန(နိုင်)၁၉၆၄၇၆က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်ဥပစာ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိကန့်ကွက်လိုသူများ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းနုအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းသက်သက်ထွန်း(LL.B )**
**(တရားလွှတ်တော်ရှေ့နေ) စဉ် ၁၅၈၃၂ /၂၀၁၉)**
**အမှတ် (၁၆၆)၊ ရတနာလမ်း ၊ နယ်မြေ (၇)**
**ကျောင်းကြီးစုရပ်ကွက် ၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၄၂၈၃၁၀၃၄၁**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/7705 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၂/မင်းရပ်၊ ဦးပိုင်အမှတ် ၉၅၊ မြေကွက်အမှတ် ၁၄၀၊ မြေဧရိယာ (၀.၀၃၉) ဧကရှိ မြေကွက်သည် ခရိုင်ရုံးအမှုတွဲအမှတ် ၆/၂၀၀၈ -၂၀၀၉ အရ ဦးကျော်ကျော်သိန်း၊ ဒေါ်မြင့်မြင့်သန်း အမည်ဖြင့် ၂၆-၁၂-၂၀၀၈ ရက်မှ ၂၅-၁၂-၂၀၃၈ ရက်အထိ နှစ် ၃၀ မြေငှားဂရန်ရရှိ ထားပါသည်။ အဆိုပါမြေငှားဂရန် စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန် မိတ္တူမှန်ထုတ်ပေးပါရန် ဦးကျော်ကျော်သိန်း ၉/မထလ(နိုင်)၀၄၃၉၇၈ ပါ (၂)ဦးမှ လျှောက်ထားလာပါသည်။ အဆိုပါလျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူ မရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ်(၂၉/စာရေးကုန်းရပ်)၊ ဦးပိုင်အမှတ် (၇၀၊ ၇၁)၊ မြေဧရိယာ ဝဒသမ ၃၈၅ ကေရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ဥမ္မာဝင်း ၁၂/ကမတ(နိုင်)၀၁၅ယယ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက် အတွင်း မြေပိုင်ဆိုင်မှုအထောက် အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၄)၊ လူနေရပ်ကွက်အမှတ် (၃၄)၊ ပျဉ်းမမြိုင်လမ်း၊ မြေကွက်အမှတ် (၇၉၅)ဟုခေါ်တွင်သော နှစ် (၆၀) မြေငှားဂရန်တွင် ဒေါ်နုနုဝေ (၇/တငန(နိုင်) ၀၀၉၇၈၉) အမည်ပေါက်ပိုင် အလျား ( ၄၈ )ပေ၊ အနံ(၅၈.၆)ပေ၊ ဧရိယာ (၂၈၂၅ စတုရန်းပေ ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ရေ/မီး အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်ပိုင်ဆိုင်ထားသူ ဒေါ်နုနုဝေ (၇/တငန (နိုင်) ၀၀၉၇၈၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဥမ္မာမြင့် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃.၉.၂၀၁၂)**
**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၉၇၂၀၉၈၉၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ ငုရွှေဝါလမ်း၊ မြေကွက်အမှတ် (၇၁/က) ဟုခေါ်တွင်သော မြေအလျားxအနံ (၂၀x၆၀)ပေရှိ မြေချပါမစ်မူရင်းမြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးတင်ဦး (W/RGN-၀၁၂၆၉၃) ထံမှ အရောင်းအဝယ်စာချုပ် စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်ဝင်းမိုး (၁၀/မလမ (နိုင်)၀၀၆၇၁၇)နှင့် ဒေါ်မေလပြည့်နှင်း (၁၃/တကန(နိုင်)၁၃၇၇၈၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သိန်းသိန်းမြင့် (၅/ကဘလ(နိုင်)၀၀၄၃၀၅) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့ နေ(စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉ ၇၇၂၇၇၇၇၃၂၊ ၀၉ ၄၅၆၉၉၆၇၇၆၊ ၀၉ ၉၇၃၀၀၂၁၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/15138 ယာဉ်လက်ဝယ်ရှိသူ Trillion Lin Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ ဦးညဏ်လှ (၇/ပခတ(နိုင်)၀၀၁၅၁၅) သည် ပဲခူးတိုင်းဒေသကြီး၊ အမှတ်(၄)ရပ်ကွက်နေ မခင်သော်တာဝင်း (၈/ပခက(နိုင်)၂၀၇၆၄၆) အား ၂၅-၁-၂၀၂၁ ရက်တွင် ပေါက်ခေါင်းမြို့နယ် စာချုပ်စာတမ်းရုံး၌ လွှဲအပ်ခဲ့သော ကိုယ်စားလှယ်လွှဲစာအမှတ် (၁/၂၀၂၁)အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညဏ်လှ(၇/ပခတ(နိုင်)၀၀၁၅၁၅**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 83W/30022, Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းမြင့် ၁၄/ဟသတ(နိုင်) ၁၃၃ ၁၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ္သာတ)**

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

❖ **တစ်လုပ်စားဖူး သူ့ကျေးဇူးဆိုသည့်စကားနှင့်အညီ ဒီမြေမှာမွေး၊ ဒီမြေမှာကြီးပြင်းကြသူများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိကြရမည့် တာဝန်ဝတ္တရားရှိ…**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၁ ရက်နေ့တွင် ပြုလုပ်သော အခြေခံနှင့် တန်းမြင့် ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) နှင့် အခြေခံနှင့်တန်းမြင့် လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံဂုဏ်ပြုအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# ချင်းအမျိုးသားနေ့ကျင်းပသည့်နေရာသို့ CDF(ဟားခါး)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက FPV suicide drone များဖြင့် တိုက်ခိုက်မှုအား လုံခြုံရေးတပ်ဖွဲ့များက ဟန့်တားနိုင်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း အေးအတူပူအမျှ အတူလက်တွဲနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားများအနက် တစ်ခုအပါအဝင် ဖြစ်သော ချင်းတိုင်းရင်းသားတို့၏ အထိမ်းအမှတ် အခမ်းအနားတစ်ခုဖြစ်သည့် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပလျက်ရှိသည့် ချင်းပြည်နယ် ဟားခါးမြို့ စုပေါင်းရုံးနေရာသို့ CDF (ဟားခါး) အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များက အခမ်းအနား ကျင်းပနေမှုကို ပျက်စီးစေရန်နှင့် အဆိုပါအခမ်းအနား တက်ရောက်လာကြသည့် အများပြည်သူများ ထိခိုက်သေကျေအောင် ရည်ရွယ်ချက်ဖြင့် FPV suicide drone များဖြင့် ပစ်ချတိုက်ခိုက်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ❖



CDF (ဟားခါး)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ချင်းအမျိုးသားနေ့ ကျင်းပနေသည့် ဟားခါးမြို့ စုပေါင်းရုံးသို့ FPV Suicide Drone များဖြင့် တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# မြဝတီမြို့၌ ငွေကျပ် ၉၂၈၉ ဒသမ ၇ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မြဝတီမြို့၌ ငွေကျပ် ၉၂၈၉ ဒသမ ၇ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၇ နာရီတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် သတင်းအရ မြဝတီမြို့ အမှတ်(၄) ရပ်ကွက် ပြည်သာယာ(၄)လမ်းရှိ အောင်လွင်(ခ) မောင်ထင်း(၂၅)နှစ် ငှားရမ်းနေထိုင်သည့် အခန်းအမှတ်(၂) အား ဝင်ရောက်ရှာဖွေရာ နေအိမ်ခန်းအတွင်း ၎င်းနှင့်အတူ မြဝတီမြို့

စာမျက်နှာ ၂၀ ကော်လံ ၁ ❂



ပြစ်မှုကျူးလွန်သူ အောင်ကျော်နိုင်(ခ)ယောင်ချုံယု၊ နေမင်းထွေး(ခ)အားကျယ်၊ အောင်နိုင်(ခ)အားကျီ၊ အောင်မင်းသူ(ခ)ကျူးယုံအန်းနှင့် မင်းသက်နိုင်(ခ)အားချိန်တို့ကို ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



နော်တင်ဟမ်ဖောရက်စ်အသင်းကစားသမား ဂစ်ဗိုက် တတိယဂိုး သွင်းယူစဉ်။

# ယူရိုပါလိဂ်ရှုံးထွက်အဆင့် ပထမအကျော့တွင် နော်တင်ဟမ်၊ ဆဲလ်တာဗီဂို၊ စတုဂတ်တို့ နိုင်ပွဲရပြီး လိုင်လီရှုံးနိမ့်

ယူအီးအက်ဖ်အေ ယူရိုပါလိဂ်ရှုံးထွက်အဆင့်မှ ပထမအကျော့အဖြစ် ဖေဖော်ဝါရီ ၂၀ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် တူကီယဲကလပ် ဖီနာဘာချီအသင်းနှင့် နော်တင်ဟမ်ဖောရက်စ်အသင်း ပွဲစဉ်တွင် နော်တင်ဟမ်ဖောရက်စ်အသင်းက တိုက်စစ်ခြေစွမ်းပြကာ သုံးဂိုးပြတ်နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်တက်ရေး အခွင့်အရေးတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ❒

**ယနေ့ သတင်းအညွှန်း**


BNRA အမည်ခံအဖွဲ့မှ ဒုတိယ အဖွဲ့ခေါင်းဆောင်အပါအဝင် အဖွဲ့ဝင် ငါးဦး တပ်မတော်လုံခြုံရေးစခန်းမှ တစ်ဆင့် လက်နက်၊ ခဲယမ်းများ နှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက် စာ ၁၃

မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်တစ်စင်းအား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ယုတ်မာပက်စက်စွာ FPV suicide drone များဖြင့် ပစ်ခတ်တိုက်ခိုက် စာ ၁၉

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဖားဆောင်းမြို့နယ်ရှိ ပွန်ချောင်းတံတားအား ထပ်မံမိုင်းထောင်ဖောက်ခွဲဖျက်ဆီး စာ ၁၉